# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သီလ၊ သမာဓိဖြင့် တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏**

သီလမရှိ၊ သမာဓိမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ သမထဝိပဿနာကို ရှုမှတ်နေသောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည်မြတ်၏။

**သဟဿဝဂ်(ဓမ္မပဒ - ၁၁၀)**


၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၃၅)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် လာအိုနိုင်ငံသို့သွားမည်

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ကျင်းပမည့် (၂၈) ကြိမ်နှင့် (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးဆိုတာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့လည်း သက်ဆိုင်

### ဒီခန်းမထဲကဖြစ်စဉ်ကို တစ်ကမ္ဘာလုံးကလည်း စိတ်ဝင်စား

နေပြည်တော် စက်တင်ဘာ ၃

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနောက်ဆုံးနေ့၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ကျေးဇူးတင်စကား အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ကျွန်မတို့ဒီညီလာခံကြီးဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။ ဖြစ်စဉ်တစ်ခုဆိုတာ အစဉ်တစိုက် လုပ်နေဖို့အရာဖြစ်ပါတယ်။ ကျွန်မတို့ဟာ ဒီညီလာခံထဲမှာရောက်နေတဲ့ အချိန်မှာပဲ ငြိမ်းချမ်းရေးကိုစွဲ စဉ်းစားဖို့ မဟုတ်ပါဘူး။ အစည်းအဝေးတွေကျင်းပနေချိန်မှသာ ငြိမ်းချမ်းရေးကို စဉ်းစားနေဖို့ မဟုတ်ပါဘူး။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (ဓာတ်ပုံ-အောင်ရှိုင်းဦး)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အောင်မြင်စွာကျင်းပပြီးစီး



**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိများအဖြစ် တပ်မတော်ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အစိုးရကိုယ်စားလှယ် ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှီလာနန်တောင်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ် ခွန်မြင့်ထွန်းနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ် ဦးမြင့်စိုးတို့က ဆောင်ရွက်ကြသည်။

စတုတ္ထနေ့အစည်းအဝေးတွင် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက သဘောထားအမြင်များကို တင်ပြကြသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ✻

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထနေ့၌ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)





# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့၏ သဘောသဘာဝ

(၂၁) ရာစုပင်လုံညီလာခံ မကျင်းပမီ ရက်ပိုင်းအလို ဩဂုတ်လ ၂၄ ရက်နေ့၌ ကိုလံဘီယာအစိုးရနှင့် ကိုလံဘီယာ တော်လှန်ရေးတပ်ဖွဲ့များ **(Revolutionary Armed Forces of Colombia -FARC)** တို့ကြား အပြီးသတ်ငြိမ်းချမ်းရေးသဘာတူညီချက်ရရှိကြောင်း ကြေညာချက်ထွက်ပေါ်လာခဲ့ပါသည်။ ကိုလံဘီယာနိုင်ငံ၏ ပြည်တွင်းစစ်သည် ၅၂ နှစ်သက်တမ်းရှိပြီဖြစ်၍ သက်တမ်းရှည်ကြာပြီဖြစ်သော ပြည်တွင်းစစ်ကို ငြိမ်းသတ်နိုင်ခြင်းသည် ကိုလံဘီယာပြည်သူများနှင့် ကမ္ဘာ့ပြည်သူများအတွက် မင်္ဂလာသတင်းကောင်းတစ်ရပ်ဖြစ်ပါသည်။ ဤကိုလံဘီယာ အပြီးသတ်ငြိမ်းချမ်းရေးသဘောတူညီချက်သည် အခက်အခဲပြဿနာပေါင်းစုံတို့ကြားမှ ရုန်းကန်ပေါ်ထွက်လာခြင်းဖြစ်သည်ကို ဆယ်စုနှစ်သုံးစုအတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲနှစ်ကြိမ် ပျက်ပြားခဲ့သည်က သက်သေပြနေပါသည်။ ယခုနောက်ဆုံးအကြိမ် ငြိမ်းချမ်းရေးကြိုးပမ်းမှုကို ကျူးဘားနိုင်ငံ၌ လေးနှစ်ကြာစေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့ရပါသည်။

ကိုလံဘီယာနိုင်ငံ၏ အပြီးသတ်ငြိမ်းချမ်းရေးသဘောတူညီချက်၌ ပြည့်စုံကျယ်ပြန့်သော ကျေးလက်ဒေသပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တို့ ပါဝင်ပါသည်။ နိုင်ငံရေးပါတီတို့၏ ဒီမိုကရေစီကျင့်သုံးပိုင်ခွင့်တို့ကို အာမခံချက်ပေးထားပါသည်။ မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းစဉ်တို့ ပါဝင်ပါသည်။ အမှန်တရားဖော်ထုတ်ရေးကော်မရှင် ဖွဲ့စည်းရေး ပါဝင်ပါသည်။ ကိုလံဘီယာ တော်လှန်ရေးတပ်ဖွဲ့များ **(FARC)** ကို လူ့အဖွဲ့အစည်းအတွင်း ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တို့ပါဝင်ပါသည်။ ကိုလံဘီယာလွှတ်တော်၌ ကိုလံဘီယာတော်လှန်ရေးတပ်ဖွဲ့များ **(FARC)** အတွက် အမတ်နေရာအချို့ကို သီးသန့်သတ်မှတ်ပေးထားမည်ဖြစ်ပါသည်။ ကိုလံဘီယာတော်လှန်ရေးတပ်ဖွဲ့များ **(FARC)** ကလည်း ၂၀၁၈ ခုနှစ် ကွန်ဂရက် (လွှတ်တော်) ရွေးကောက်ပွဲ၌လည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပါသည်။ ပစ်ခတ်ရပ်လိုမှုများရပ်စဲရေးနှင့် လက်နက်စွန့်ရေးလုပ်ငန်းစဉ်များအတွက် ကမ္ဘာ့ကုလသမဂ္ဂ အထူးကော်မရှင်တစ်ရပ်က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ သဘောတူညီချက်များကို ကြည့်ရှုဖြင့် ကိုလံဘီယာနိုင်ငံ၏ အပြီးသတ်ငြိမ်းချမ်းရေးသဘောတူညီချက်သည် လျှောက်လှမ်းရမည့် ငြိမ်းချမ်းရေးခရီးစဉ်တွင် ကြုံတွေ့ရမည့် အခက်အခဲများအတွက် ရှုထောင့်ပေါင်းစုံမှ ပြင်ဆင်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့သော် ကိုလံဘီယာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့၌ အခက်အခဲ၊ အဟန့်အတားတို့ ကင်းစင်ပပျောက်မှု မရှိသေးသည်ကို နှလုံးသွင်းရန် လိုအပ်ပါသည်။ အပြီးသတ်ငြိမ်းချမ်းရေး သဘောတူညီချက်နှင့်ပတ်သက်၍ အောက်တိုဘာလ ၂ ရက်နေ့တွင် ပြုလုပ်မည့် လူထုဆန္ဒခံယူပွဲသည် အခက်အခဲ ရှိဖွယ်ရာမရှိသော်လည်း အတိုက်အခံခေါင်းဆောင် သမ္မတဟောင်းက အပြီးသတ်ငြိမ်းချမ်းရေးသဘောတူညီချက်ပါအချက်အချို့ကို ဝေဖန်တိုက်ခိုက်လျက်ရှိပါသည်။ ကိုလံဘီယာအစိုးရကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည့် ဒုတိယအကြီးဆုံးလက်နက်ကိုင်အဖွဲ့ဖြစ်သော အမျိုးသားလွတ်မြောက်ရေးတပ်မတော် **(National Liberation Army -ELN)** က ယခုအပြီးသတ်ငြိမ်းချမ်းရေးသဘောတူညီချက်၌ မပါဝင်ခြင်းကလည်း အဟန့်အတားတစ်ရပ်အဖြစ် စိန်ခေါ်လျက်ရှိပါသည်။

တင်ပြလိုသည်မှာ ကိုလံဘီယာနိုင်ငံ အပြီးသတ်ငြိမ်းချမ်းရေးသဘောတူညီချက်သည် ရှည်လျားသောသမိုင်းစဉ်တစ်လျှောက် အခက်အခဲပေါင်းစုံတို့ကို ရင်ဆိုင်ခဲ့ရသကဲ့သို့ ရှေ့ဆက်လျှောက်လှမ်းရမည့် ငြိမ်းချမ်းရေးခရီးစဉ်၌လည်း အဟန့်အတား၊ ပြဿနာတို့ကို ရင်ဆိုင်ဖြေရှင်းရဦးမည်ဖြစ်ပါသည်။ ကိုလံဘီယာနိုင်ငံ၏ အထက်ဖော်ပြပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တင်ပြနေခြင်းသည် (၂၁) ရာစုပင်လုံညီလာခံ၌ မြင်တွေ့ခဲ့ရသည့် မတူကွဲပြားသော သဘောထားအမြင် အယူအဆတို့သည် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်အတွင်း မရှောင်လွှဲနိုင်သော သမိုင်းအမှန်တရားတို့ဖြစ်သည်ကို အလေးအနက်ထား တင်ပြလို၍ ဖြစ်ပါသည်။ (၂၁) ရာစုပင်လုံညီလာခံ ပထမအကြိမ်အစည်းအဝေးသည် တစ်စုံတစ်ရာရလဒ် မရရှိဟုတွေးထင်သော ပြည်သူတို့ရှိပါက ကိုလံဘီယာငြိမ်းချမ်းရေးဖြစ်စဉ်ကို နှလုံးသွင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ အချိန်ယူလျှောက်လှမ်းရမည့် ငြိမ်းချမ်းရေးဖြစ်စဉ်သဘောကို ဆင်ခြင်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့၏ သဘောသည် လက်ဖက်ကောင်းစားချင် ပလောင်တောင်တက်နှေးစေဟူသော သဘောရှိသည်ကို နှိုးဆော်တင်ပြအပ်ပါသည်။ ။



## မြန်မာရွှေ့ပြောင်းအလုပ်သမားများ ရေဘေးသင့်ပြည်သူများအတွက်လှူဒါန်း

**တာချီလိတ် စက်တင်ဘာ ၃**

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများက မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေနှင့်ပစ္စည်းများကို စက်တင်ဘာ ၂ ရက်က တာချီလိတ်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ရုံးသို့ လာရောက်လှူဒါန်းခဲ့သည်။

ချင်းရိုင်းခရိုင် ချင်းရိုင်းမြို့ မျက်နှာကြက် စလစ်ပြား စက်ရုံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ စုပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်း ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန်အတွက် ထိုင်းဘတ်ငွေ ၁၁၁၀၀၊ မြန်မာငွေကျပ် ၁၀၀၀၀၊ အစားအစာ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို တာချီလိတ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ မြန်မာရွှေ့ပြောင်းအလုပ်သမားများကိုယ်စား မဝတ်ရည်လှိုင်က လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ဆိပ္ဖျူးတောင် ပရဟိတဂေဟာ၌ ကရင်ရိုးရာလက်ချည်ဖြူဖွဲ့မင်္ဂလာကျင်းပ

**ကျိုက်ထို စက်တင်ဘာ ၃**

ကျိုက်ထိုမြို့ ဆိပ္ဖျူးတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥုးဇောတိက ဖွင့်လှစ်ထားသည့် ဆိပ္ဖျူးတောင် ပရဟိတဂေဟာ၌ စက်တင်ဘာ ၁ ရက်က ကရင်ရိုးရာလက်ချည်ဖြူဖွဲ့မင်္ဂလာကိုကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားများအားလုံး ဥမကွဲ သိုက်မပျက် နိုင်ငံတော်၏လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ပြီး မိမိတို့တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု စာပေနှင့်အတူ မိမိတို့ဓလေ့အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ဖို့လိုကြောင်းပြောသည်။



ထို့နောက် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးရဲမင်းနိုင်ကျော်က ရှေးအစဉ်အဆက် ကရင်တိုင်းရင်းသား အဘိုးအဘွားများက ဝါခေါင်လတွင် နတ်မိစ္ဆာသရဲများမှ နှောင့်ယှက်မှုရှိ၍ မိမိခန္ဓာကိုယ်မှလိပ်ပြာများ ထွက်ပြေးလျက်ရှိကြောင်းကို ရိုးရာဓလေ့အရ ယုံကြည်၍ ယနေ့တိုင် မိမိ၏ခန္ဓာကိုယ်နှင့် လိပ်ပြာများကွဲလျက်မရှိရန် ချည်ဖြူဖွဲ့မင်္ဂလာကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ **ဝင်းမောင်(ကျိုက်ထို)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေးနည်းအခြေခံသင်တန်း ဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရေးသားနည်းအခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ် (၇) တွင် လယ်တွင်းသားစောချစ်၊ မောင်ခင်မင် (ဓနုဖြူ)၊ မနုဿကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မောင်စိမ်းနောင် (လယ်ဝေး)၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ သန်လျင်မောင်မောင်ဦး၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး(လှိုင်)၊ မော်ဝန်း ကြည်မြတ်၊ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ မောင်စိုးထိုက် (သုံးဆယ်)၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)တို့က သင်ကြားပို့ချကြမည်ဖြစ်သည်။ သင်တန်းကာလကို အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄နာရီအထိ သင်ကြားမည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုသူများ ၁၇၃-၁၇၅ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတား မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တွင် စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/ ၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈.၃၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၉၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၂ |
| တရုတ် | တစ်ယွမ် | ၁၈၁.၁၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၁.၁၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အနာဂတ်ကို သတ္တိရှိရှိနဲ့ ရင်ဆိုင်ပြီး တည်ဆောက်သွားမှာလားဆိုတာကို ကျွန်မတို့ တစ်ဦးချင်း ဆုံးဖြတ်ရမယ့်ကိစ္စဖြစ်

❖ *ရှေ့ဖုံးမှ*

တစ်ချိန်လုံး ကျွန်မတို့ဟာ ငြိမ်းချမ်းရေးကို ဘယ်လိုရအောင်ယူကြမလဲ၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီး ခိုင်ခံ့အောင်၊ ချမ်းသာအောင်လို့ ဘယ်လိုလုပ်ကြမလဲဆိုတာ အစဉ်တစိုက် ကျွန်မတို့ စဉ်းစားနေကြရမယ့်ကိစ္စ ဖြစ်ပါတယ်။ အခု ဒီညီလာခံကြီးအတွင်းမှာ ဆွေးနွေးခဲ့တဲ့ အရာအားလုံးကို ပြည်သူလူထုသိနိုင်အောင်လို့ ကျွန်မတို့ လွှင့်ပေးပါတယ်။ ဒီလိုလွှင့်ပေးခြင်းအားဖြင့် ပြည်သူလူထုဟာ ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးညီလာခံထဲမှာ မဖြစ်မနေပါဝင်ရမယ့်ပုဂ္ဂိုလ်များဖြစ်တယ်ဆိုတာကို နားလည်စေချင်တယ်။

ပြည်သူများအနေနဲ့ ကျွန်မတို့ငြိမ်းချမ်းရေးရဖို့ ဘယ်လိုအခက်အခဲတွေ ကျော်လွှားဖို့ လိုမလဲဆိုတာကို နားလည်စေချင်တယ်။ အခက်အခဲတွေရှိတယ်ဆိုတာသိမှ ဒီအခက်အခဲတွေကို ဘယ်လိုကျော်လွှားရမလဲဆိုတဲ့အဖြေကို ကျွန်မတို့ ရှာနိုင်မှာ ဖြစ်ပါတယ်။

အခုဆိုရင် အစုအဖွဲ့အသီးသီး ပုဂ္ဂိုလ်များအရ၊ အစုအဖွဲ့များအရ ပြောသွားတဲ့နေရာမှာ ဘယ်သူတွေဟာ အတိတ်ကို ပိုပြီးလှည့်ကြည့်တဲ့နေရာမှာ အားသန်သလဲ၊ ဘယ်သူတွေဟာ အနာဂတ်ကို မျက်နှာမူတဲ့နေရာမှာ အားသန်သလဲဆိုတာလည်း ပေါ်လာပါလိမ့်မယ်။ ဒါပေမယ့်လည်း ဒါတွေက ထာဝရမဟုတ်ပါဘူး။

အခုချိန်မှာ အတိတ်ကိုလှည့်ကြည့်နေတဲ့ ပုဂ္ဂိုလ်များဟာ နောင်တစ်ချိန်မှာ အနာဂတ်ဘက်ကို လှည့်သွားတာလည်းဖြစ်နိုင်ပါတယ်။ ဖြစ်ဖို့လည်း ကျွန်မတို့မျှော်လင့်ပါ တယ်။ အတိတ်ရဲ့ချည်နှောင်မှုကို ကျွန်မတို့က ခံနေမှာလား။ အနာဂတ်ကို သတ္တိရှိရှိနဲ့ ရင်ဆိုင်ပြီးတော့ တည်ဆောက်သွားမှာလားဆိုတာကို ကျွန်မတို့ တစ်ဦးချင်းတစ်ဦးချင်း ဆုံးဖြတ်ရမယ့်ကိစ္စဖြစ်ပါတယ်။

ဒီဆုံးဖြတ်ချက်ဟာ အစုအဖွဲ့တစ်ခုအတွက်လည်း မဟုတ်ပါဘူး။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအတွက်လည်း မဟုတ်ပါဘူး။ တိုင်းရင်းသားလူမျိုးစုတစ်ခုအတွက်လည်းမဟုတ်ပါဘူး။ ကျွန်မတို့ ပြည်ထောင်စုကြီးအတွက် ဖြစ်တယ်ဆိုတာကို ကျွန်မတို့ သဘောပေါက်ဖို့လိုပါတယ်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးဆိုတာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့လည်း သက်ဆိုင်နေပါတယ်။ ဒါကြောင့်မို့ ဒီခန်းမထဲကဖြစ်စဉ်ကို တစ်ကမ္ဘာလုံးကလည်း စိတ်ဝင်စားကြပါတယ်။

ဒီလိုငြိမ်းချမ်းရေးရယူဖို့ဆိုတာ အင်မတန်မှ ခက်ခဲတဲ့ကိစ္စပါ။ အခြားနိုင်ငံတွေမှာလည်း အခက်အခဲတွေ ကျော်လွှားပြီး ငြိမ်းချမ်းရေးရယူကြတယ်။ အဲလိုရယူတဲ့အချိန်မှာဆိုရင် မုဒိတာပွားကြတယ်။ စိတ်ချမ်းသာကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသားတွေထဲမှာဆိုရင် အချင်းချင်းဆက်နွှယ်မှုဆိုတာရှိတယ်။

တစ်နေရာမှာ ငြိမ်းချမ်းရေးရသွားပြီဆိုရင် ကျွန်မတို့နိုင်ငံအတွက် မျှော်လင့်ချက်ရသလို ကျွန်မတို့နိုင်ငံမှာငြိမ်းချမ်းရေးအောင်မြင်မယ်ဆိုရင် တခြားနိုင်ငံတွေအတွက်လည်း မျှော်လင့်ချက်ပေးရာရောက်ပါတယ်။

ဒါကြောင့် ကျွန်မတို့အားလုံး ကိုယ့်တာဝန်ဟာ ဘယ်လောက်ကြီးမားတယ်။ ဒီတာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ဖို့အခွင့်အရေးဟာ ဘယ်လောက် ဂုဏ်သိက္ခာရှိတယ်ဆိုတာ မေ့လို့မဖြစ်ပါဘူး။ အခုဆိုလို့ရှိရင် ဒီညီလာခံဟာ ညီလာခံရဲ့နိဒါန်းပဲဖြစ်ပါတယ်။ ပထမအစည်းအဝေးပါ။ ပထမအစည်းအဝေးပြီးရင် နောက်လည်း အစည်းအဝေးတွေလည်း လာဦးမှာပါ။ ကြားထဲမှာ လုပ်စရာတွေအများကြီးရှိပါတယ်။

အမျိုးသားအဆင့်ဆွေးနွေးပွဲများလုပ်ဖို့ဆိုတာဟာ ဒီညီလာခံပြီးတာနဲ့ အစည်းအဝေးပြီးတာနဲ့ စတင်ပြီးပြင်ဆင်ရတော့မှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ CSO ဖိုရမ်တွေ ဖြစ်မြောက်ဖို့ စတင်ပြင်ဆင်ရတော့မှာ ဖြစ်ပါတယ်။ လုပ်စရာအလုပ်တွေက အများကြီးပါပဲ။ ဒါပေမယ့် လုပ်ရကျိုးနပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့လုပ်နေတာက နိုင်ငံရဲ့အနာဂတ်အတွက် လုပ်နေတာဖြစ်ပါတယ်။ နိုင်ငံရဲ့အနာဂတ်ဆိုတာဟာ အင်မတန်မှကြာရှည်တဲ့ ကာလကြီးပါ။ နိုင်ငံရဲ့အနာဂတ်မှာ ဒီနိုင်ငံရဲ့အရိပ်ကို ခိုလှုံသွားရမယ့် ပြည်သူပြည်သားများဆိုတာလည်း မရေမတွက်နိုင်အောင် ရှိပါလိမ့်မယ်။ ဒီကမ္ဘာကြီးဘယ်လောက်ကြာကြာခံနိုင်မလဲဆိုတာက ကျွန်မတို့တစ်ယောက်မှ မသိပါဘူး။ ကမ္ဘာတည်သရွေ့ ကျွန်မတို့ မှီတင်းနေထိုင်သူများအားလုံး လုံခြုံဖို့အတွက် ကိုယ်စိတ်နှစ်ဖြာချမ်းသာဖို့အတွက်ကျွန်မတို့ လုပ်နိုင်မယ်ဆိုလို့ရှိရင် ဒါဟာ ကျွန်မတို့ လူဖြစ်ရကျိုးနပ်ပြီလို့ အားလုံးကပြောနိုင်ပြီဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်မတို့ညီလာခံကို တတ်ရောက်လာတဲ့ ကိုယ်စားလှယ်များအားလုံး၊ ဒီညီလာခံရဲ့အောင်မြင်မှုမှာ ပါဝင်ရမယ့်ကိုယ်စားလှယ်အားလုံးဟာ လူဖြစ်ရကျိုးနပ်အောင်ကြိုးစားကြပါလို့ ကျွန်မတိုက်တွန်းချင်ပါတယ်။ ကျွန်မတို့ဟာ ဒီလောကကြီးကို လာ သွားရတာဟာ တစ်ခဏလေးပါ။ ကျွန်မတို့အသက်ဘယ်လောက်ရှည်နိုင်မလဲ။ ကျွန်မသိသလောက် ကမ္ဘာ့ဆုံး အသက်အရှည်ဆုံးပုဂ္ဂိုလ်ဟာ ၁၂၀လောက် ဖြစ်ပါတယ်။ ၁၂၀ ဆိုတာ ဘာမှမဟုတ်ပါဘူး။

နိုင်ငံတစ်နိုင်ငံရဲ့သက်တမ်းနဲ့စာလို့ရှိရင်၊ ကမ္ဘာကြီးရဲ့သက်တမ်းနဲ့စာလို့ရှိရင် ၁၂၀ ဆိုတာ ဘာမှမဟုတ်ပါဘူး။ ကျွန်မတို့တွေ ကံကောင်းလို့ ကျန်းမာရေးကောင်းလို့ ၁၂၀ ထိနေနိုင်တယ်ပဲ ဆိုပါဦးစို့၊ ဒီ ၁၂၀ ဆိုတာ တစ်ခဏလေးပါပဲ။ ကျွန်မတို့လိုအသက်ရောက်နေတဲ့သူတွေဆိုရင် ၁၂၀ ထိနေဖို့ဆိုတာ သိပ်တော့မကျန်တော့ပါဘူး။ ဒီတော့ ကျွန်မတို့ဟာ ကိုယ်ရှိတဲ့အချိန်လေးကို တန်ဖိုးရှိအောင် သုံးကြပါစို့၊ ကိုယ်ရှိတဲ့ အချိန်လေးကိုအရင်တုန်းကဖြစ်ခဲ့တဲ့ကိစ္စတွေကို ပြန်လှည့်ကြည့်ပြီး အာဃာတတွေပွားနေမယ့်အစား၊ တစ်ဦးပေါ်တစ်ဦး သံသယတွေပွားနေမယ့်အစား ကျန်တဲ့အချိန်အတွင်းမှာ ဘယ်လို အာဃာတတွေ ပျောက်အောင်လုပ်မလဲ။

ဘယ်လိုဒီသံသယတွေ ကင်းစင်အောင်လုပ်မလဲ။ ဘယ်လိုကောင်းမွန်တဲ့ အမွေအနှစ်တစ်ခုကို ချန်ထားခဲ့မလဲဆိုတာကို စဉ်းစားကြပါစို့လို့ ကျွန်မကနေပြီးတော့ တိုက်တွန်းချင်ပါတယ်။ အခု ကျွန်မတို့ ညီလာခံအတွင်းမှာ တစ်ခါတလေ အထစ်အငေါ့လေးတွေဖြစ်တယ်၊ မပြေလည်တဲ့ကိစ္စတွေရှိပေမယ့် ဒီညီလာခံဖြစ်မြောက်အောင်လို့ လုပ်ပေးတဲ့ပုဂ္ဂိုလ်တွေအားလုံးကို ကျွန်မလိုက်လိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။

ဒီညီလာခံလုပ်ဖို့ အချိန်လည်းသိပ်ရှိခဲ့တာ မဟုတ်ဘူး။ အချိန်သိပ်ရှိခဲ့တာမဟုတ်ဒါဆို အချို့ကမေးမယ် ဘာလို့မြန်မြန်လုပ်လဲ၊ ဘာလို့မစောင့်လဲဆိုရင် ဒါက စောင့်ရမယ့်ကိစ္စလည်းမဟုတ်ဘူး။ ကျွန်မတို့မှာ ရှိတဲ့အချိန်ကိုလုပြီး လုပ်နေရတာပါ။ ရှိတဲ့အချိန်ကို လုပြီးလုပ်တယ်ဆိုတာက ကျွန်မတို့အတွက်လည်းမဟုတ်ဘူး။ ကျွန်မတို့အစိုးရအတွက်လည်း မဟုတ်ဘူး။

ကျွန်မတို့ အစိုးရဖြစ်ဖြစ် ဘယ်အဖွဲ့အစည်းဖြစ်ဖြစ် ပြည်သူလူထုရဲ့ထောက်ခံမှုမရှိရင် ဘယ်ကိစ္စကိုမှ အောင်မြင်အောင်လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့က ပြည်သူလူထုရဲ့ယုံကြည်မှု၊ ထောက်ခံမှု၊ ပြည်သူလူထုရဲ့လေးစားမှု ရအောင်လို့ ညီလာခံကြီးဖြစ်မြောက်အောင် အားလုံးကြိုးစား ဝိုင်းလုပ်ဖို့လိုပါတယ်။ ပြည်သူတွေက ကြည့်နေကြပါတယ်။ ပြည်သူတွေက နားထောင်နေကြပါတယ်။ ပြည်သူတွေက မျှော်လင့်နေကြပါတယ်။ ပြည်သူတွေကသုံးသပ်နေကြပါတယ်။

ဘယ်သူတွေဟာ ဘယ်လိုစိတ်ထားရှိတယ်။ ဘယ်လိုပြဿနာတွေ ကျွန်မတို့အားလုံးကျော်လွှားရမယ်။ ဘယ်သူတွေက ကျွန်မတို့နိုင်ငံအတွက် အဓိကစေတနာထားပြီး ကြိုးစားမယ်ဆိုတာကို ပြည်သူတွေကဆုံးဖြတ်မှာပါ။ ကျွန်မတို့ ဆုံးဖြတ်လို့ရတာမဟုတ်ဘူး။

လူတစ်ဦးရဲ့တန်ဖိုးဆိုတာ တစ်နေ့တစ်နေ့ပြောင်းနေပါတယ်။ ဘာလို့လဲဆိုတော့ နေ့တိုင်းနေ့တိုင်းက အခွင့်အရေးသစ်ပါ။ တစ်နေ့နေ့မိုးလင်းလာတာနဲ့ ကိုယ့်မှာ အခွင့်အရေးသစ်တွေရလာတာပါ။

ဒီအခွင့်အရေးသစ်တွေကို ထိုက်ထိုက်တန်တန်သုံးကြပါလို့ တိုက်တွန်းချင်ပါတယ်။ ဒီအခွင့်အရေးသစ်တွေကို ထိုက်ထိုက်တန်တန်သုံးခြင်းအားဖြင့် ကျွန်မတို့လိုချင်တဲ့ ပန်းတိုင်ကိုရောက်မှာပါ။

အခုပြောသွားတဲ့ ပွင့်ပွင့်လင်းလင်းဝေဖန်တာတို့၊ တိုက်ခိုက်တာတို့လည်း ပါသွားပါတယ်။ ဒီကိုယ်စားလှယ်တွေထဲမှာ ကျွန်မကလည်း ဒီလိုဖြစ်တာဟာ ဘာမှကြောက်စရာမရှိဘူးလို့ ကျွန်မဒီလိုပဲယုံကြည်ပါတယ်။ စိုးရိမ်စရာမရှိဘူး။ ပြဿနာကို စိုးရိမ်စရာမရှိပါဘူး။ ပြဿနာမရှိချင်ယောင်ဆောင်နေရတာဟာ ဒါကသာ စိုးရိမ်စရာ ဖြစ်ပါတယ်။ ပြဿနာမရှိချင်ယောင်ဆောင်နေရင် ပြဿနာတွေဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် သတ္တိရှိရှိနဲ့ဒီပြဿနာတွေကို ရင်ဆိုင်မယ်။ ဖြေရှင်းနိုင်တဲ့ အရည်အချင်းတွေ မွေးထုတ်မယ်။ တစ်ဦးကိုတစ်ဦး ကူညီမယ်၊ ဖေးမမယ်။ တစ်ဦးရဲ့အမြင် တစ်ဦးက လေးစားမယ်၊ နားထောင်မယ်။ သဘောထားချင်းမတိုက်ဆိုင်ရင်တောင် ဘာကြောင့် မတိုက်ဆိုင်တဲ့ သဘောထားတွေရှိနေလဲဆိုတာ စဉ်းစားရမယ်။ ဒါမှ ကျွန်မတို့အားလုံး ညီညီညွတ်ညွတ်နဲ့ လိုချင်တဲ့ငြိမ်းချမ်းရေးပန်းတိုင်ကို ရောက်နိုင်မှာဖြစ်ပါတယ်။

ကျွန်မ ဒီညီလာခံကြီးကို နေ့တိုင်းမတက်ဖြစ်ဘူး။ ဒါပေမယ့် ကျွန်မဒီဖြစ်စဉ်ကြီးကို အင်မတန်မှ အလေးထားပါတယ်။ ကျွန်မတို့အစိုးရက အဓိကအင်အားက ပြည်သူတွေ လက်ထဲမှာရှိတယ်ဆိုတဲ့ မူကို အလေးထားပါတယ်။ အစိုးရအဖွဲ့ဆိုတာ ပြည်သူလူထုရဲ့ သဘောထားတွေကို လိုက်နာဖို့နဲ့ အလေးထားဖို့က အရေးကြီးပါတယ်။

ကျွန်မတို့ဟာ အစိုးရကောင်းတစ်ခု ဖြစ်အောင်ကြိုးစားနေပါတယ်။ (၂၁) ပင်လုံဟာ ၁၉၄၇ ခုနှစ် ကျင်းပခဲ့တဲ့ပင်လုံလိုပဲ ကျွန်မတို့နိုင်ငံသမိုင်းမှာ ဂုဏ်ယူစရာ၊ ဝင့်ကြွားစရာ၊ အားတက်စရာ အခမ်းအနားကြီး၊ အခင်းအကျင်းကြီးတစ်ခု၊ ဖြစ်စဉ်ကြီးတစ်ခုဖြစ်ဖို့ ဝိုင်းဝန်းကြိုးစားကြပါလို့ပြောရင်းနိဂုံးချုပ်ပါတယ်။ **(သတင်းစဉ်)**

> **ဒီလိုငြိမ်းချမ်းရေးရယူဖို့ဆိုတာ အင်မတန်မှ ခက်ခဲတဲ့ကိစ္စပါ။ အခြားနိုင်ငံတွေမှာလည်း အခက်အခဲတွေကျော်လွှားပြီး ငြိမ်းချမ်းရေးရယူကြတယ်။ အဲလိုရယူတဲ့အချိန်မှာဆိုရင် မုဒိတာပွားကြတယ်။ စိတ်ချမ်းသာကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသားတွေထဲမှာဆိုရင် အချင်းချင်းဆက်နွှယ်မှုဆိုတာရှိတယ်။ တစ်နေရာမှာ ငြိမ်းချမ်းရေးရသွားပြီဆိုရင် ကျွန်မတို့နိုင်ငံအတွက် မျှော်လင့်ချက်ရသလို ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးအောင်မြင်မယ်ဆိုရင် တခြားနိုင်ငံတွေအတွက်လည်း မျှော်လင့်ချက်ပေးရာရောက်**

## ငလျင်ကြောင့် ပုဂံဒေသခရီးသွားလုပ်ငန်းထိခိုက်မှုမရှိ၊ ကမ္ဘာလှည့်ခရီးသည်များ ပုံမှန်သွားရောက်လည်ပတ်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံအလယ်ပိုင်းထင်ရှားသော ခရီးသွားဒေသတစ်ခုဖြစ်သည့်ပုဂံရှေးဟောင်းမြို့တော်အနီး ပြင်းထန်သည့် ငလျင်လှုပ်ခဲ့သော်လည်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်များလာရောက်မှုအတွက် ထိခိုက်မှုမရှိကြောင်း ဟိုတယ်ခရီးသွားလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးဇော်ဝိတ်က ပြောသည်။

"ကျွန်တော်တို့ဒီလှုပ်ခဲ့တဲ့ငလျင်ကြောင့် ခရီးသွားလုပ်ငန်းကိုထိခိုက်မှုမရှိနိုင်ပါဘူး။ ဘုရားတွေကလည်း ၁၉၇၅ ခုနှစ်က လှုပ်ခဲ့တဲ့ငလျင်လောက် ပျက်စီးမှုမရှိတဲ့အတွက် ခရီးသွားလုပ်ငန်းအတွက် ထိခိုက်မှုမရှိပါဘူး"ဟု ယနေ့နံနက်ပိုင်းတွင် အင်းလျားလိတ်ဟိုတယ်၌ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားတွင် ၎င်းက ပြောသည်။

ကျွန်တော်တို့ ပုဂံဒေသကို ခရီးသွားလာရောက်မှုဟာ ၂၀၁၆ ခုနှစ် ဩဂုတ်လကုန်အထိ ဒီနှစ်အတွက် ကမ္ဘာလှည့်ခရီးသွားဧည့်သည် တစ်သိန်းခြောက်သောင်းခွဲလာရောက်ပြီး ဖြစ်ပါတယ်။ ဒီကိန်းဂဏန်းက ယမန်နှစ်အလားတူကာလနဲ့ နှိုင်းဆရင် ၈ ရာခိုင်နှုန်းတောင် ပိုနေပါသေးတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်မှာလည်း ခရီးသွားလာရောက်မှုဟာ ကျဆင်းသွားတယ်ဆိုတာမရှိပါဘူး။ ပုံမှန်အနေအထားပါပဲ"ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွဋ်ခိုင်က ပြောသည်။



ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော အဆိုပါ ငလျင်ကြောင့် (၁၀) ရာစု၊ (၁၂) ရာစုခေတ်က ဘုရားပုထိုးစေတီများ၊ နံရံဆေးရေးပန်းချီများ အချို့ပျက်စီးခဲ့ကြောင်း၊ ထင်ရှားသောဘုရားများအပါအဝင် အခြားသော ရှေးဟောင်းအဆောက်အအုံအချို့ စုစုပေါင်း ၃၉၆ ဆူ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ငလျင်ကြောင့် အသက်ဘေးဆုံးရှုံးမှုဖြစ်ပေါ်ခြင်းမရှိခဲ့ကြောင်း၊ စပိန်နိုင်ငံသူတစ်ဦး ခြေထောက်ကျိုးထိခိုက်မှုရှိကြောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်များဦးစီးဌာနအနေဖြင့် ပျက်စီးသွားသော ဘုရားစေတီပုထိုးများအား ရှေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ ယူနက်စကိုမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခုအချိန်တွင် ဘေးကင်းလုံခြုံစိတ်ချရေးအတွက် အချို့သောဘုရားများ လေ့လာခွင့်ယာယီပိတ်ထားသော်လည်း မကြာမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးစားနေကြောင်း၊ ပုဂံဒေသခရီးသွားလုပ်ငန်းပုံမှန်အနေအထားရောက်ရှိရေး ဂျိုက်ကာအပါအဝင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ -တင်စိုး(မြန်မာ့အလင်း)**

## မူးယစ်ဆေးဝါးအန္တရာယ် ပညာပေး

**မော်လမြိုင် စက်တင်ဘာ ၃**

မူးယစ်ဆေးဝါးအန္တရာယ်များမှ ကင်းဝေးစေရန် အသိပညာပေးရွေ့လျားစာကြည့်တိုက်ကို မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘို၏ ဦးဆောင်မှုဖြင့် ဩဂုတ်လနောက်ဆုံးပတ်က ပြုလုပ်ခဲ့ရာ အဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးအောင်မျိုး၊ မူးယစ်ဌာနမှ ရဲအုပ်စိုးမင်းလတ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ရဲအုပ် သိန်းဇော်မြင့်၊ မုဒုံမြို့နယ် ခေတ္တမြို့နယ်မှူး ဒုတိယရဲမှူး ထွန်းသိန်း၊ မြို့မစခန်းမှူး ဒုတိယရဲမှူး ပြုံးချို၊ အမှတ်(၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အချို့နှင့် ပူးပေါင်းအဖွဲ့များက မုဒုံမြို့နယ် ညောင်ကုန်းကျေးရွာ၊ ပိုင်ကမာရပ်၊ အင်ကြင်းမြိုင်လမ်းနှင့် တံခွန်တိုင်ကျေးရွာ၊ ဗိုလ်ချုပ်လမ်း၊ ရွာလယ်လမ်း၊ ဆွမ်းလောင်းဇရပ်ရှေ့တို့တွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် နံရံကပ်ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ စာအုပ်စာပေဂျာနယ်များကိုပြသရာ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာနေပြည်သူများက လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

## မြစိမ်းရောင်စီမံကိန်းသုံးသပ်ဆွေးနွေး

**သံတွဲ စက်တင်ဘာ ၃**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းအောင်ထွန်းနှင့် ဝန်ထမ်းများသည် ဩဂုတ်လနောက်ဆုံးပတ်က သံတွဲမြို့နယ် ဇလွန်ကျေးရွာ၌ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်စီမံကိန်းဆိုင်ရာ သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန့်ဇင်(ပြန်/ဆက်)**

*ရှေ့ဖုံးမှ


ဦးအောင်ကြည်


ဗိုလ်မှူးကြီး ကျော်စိုးဦး


ဦးအေးမင်း


ဦးဇော်ဌေး

### ပြည်သူများ၏ လက်တွေ့ဘဝကို မြှင့်တင်ပေး

အစိုးရအစုအဖွဲ့မှ ဦးအောင်ကြည်က စစ်ပွဲများသည် နိုင်ငံနှင့် နိုင်ငံသားများအပေါ်တွင် ပျက်စီးဆုံးရှုံးစေခဲ့ခြင်းဖြစ်သည့်အတွက် နောက်ထပ်ဆုံးရှုံးမှုများ ထပ်မံမဖြစ်ပေါ်စေရန် မိမိတို့အားလုံးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တက်ညီလက်ညီ အကောင်အထည်ဖော်နေကြခြင်းဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရန်အတွက် အခြေခံလိုအပ်ချက်မှာ ပြည်သူများ၏ လက်တွေ့ဘဝကို မြှင့်တင်ပေး နိုင်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော်က ဦးဆောင်ပြီး ပုဂ္ဂလိကဘက်ကလည်း တက်တက်ကြွကြွပါဝင်ရန် လိုအပ်ကြောင်း၊ ငြိမ်းချမ်းလာသည့်ဒေသများတွင် စီးပွားရေးလုပ်ငန်းအသစ်များတည်ထောင်၍ အလုပ်အကိုင်အခွင့်အရေးများကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းအသစ်များ တည်ထောင်သည့်နေရာတွင် လူမှုရေးအရတာဝန်ရှိမှုကိုလည်း လိုက်နာရန်လိုအပ်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ သယံဇာတပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးသွားရန် အရေးကြီးကြောင်း။

အဆိုပါဒေသများတွင် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန်အတွက် တိုက်တွန်းစေ့ဆော်ပေးရမည်ဖြစ်သည့်အပြင် လုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများက ကြိုဆိုလက်ခံနိုင်ကြရန် လိုကြောင်း၊ လက်နက်စွဲကိုင်ခဲ့သည့် လူငယ်များ၏ ပညာရေးအခွင့်အရေး၊ ကျန်းမာရေးအခွင့်အရေး၊ စီးပွားရေးအခွင့်အရေးများကိုလည်း ဖွင့်လှစ်ပေးရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းပြီးသည့်ဒေသများတွင် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိမည့် အလားအလာများသည်လည်း ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ချိန်က ယမ်းငွေ့များနှင့် ဝေခဲ့သည့်နေရာများကို မီးခိုး တလူလူဝေနေသည့် စက်ရုံများ၊ အလုပ်ရုံများနှင့် အစားထိုးနိုင်ရန် မိမိတို့ ကြိုးစားကြရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။


ဗိုလ်မှူးကြီး နေလင်းထွန်း


ရဲဘော်မျိုးဝင်း


ဦးခင်ဇော်ဦး

### ရပိုင်ခွင့်များကို အပြည့်အဝကာကွယ်

ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဝိုင်ဆာခ့်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ရှိခြင်း၊ အချုပ်အခြာ အာဏာ(၃)ရပ် ပိုင်းခြားကျင့်သုံးခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး ဖွဲ့စည်းခြင်း၊ ပြည်နယ်လွှတ်တော်ရှိခြင်း စသည့်အချက်များပါရှိရုံဖြင့် ဖက်ဒရယ်ဆိုင်ရာ သီအိုရီ သဘောတရားများနှင့် ညီညွတ်သည့် ဖက်ဒရယ်စနစ်၏ ဝိသေသ လက္ခဏာများပါရှိသည့် ဖွဲ့စည်းပုံဟု ခေါ်ဆို၍ မရပါကြောင်း၊ မိမိတို့နိုင်ငံတွင် လိုအပ်နေသည်မှာ ပညာရှင်တစ်ယောက်၏ သဘောတရားကို ကိုးကား၍ တည်ဆောက်မည့် ဖက်ဒရယ်စနစ်မျိုး မဟုတ်ပါကြောင်း၊ လက်တွေ့ကျင့်သုံးရာတွင် တန်းတူညီမျှရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည့် ဖက်ဒရယ်စနစ်မျိုးကို လိုအပ်နေခြင်းဖြစ်ကြောင်း၊ လူနည်းစုများ၏ လူမျိုးရေး၊ ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို အပြည့်အဝကာကွယ်ပေးပြီး အာမခံချက်ရှိသည့် ဖက်ဒရယ်စနစ်မျိုးဖြစ်ပါကြောင်း။

တပ်မတော်ကို မြန်မာ့တပ်မတော်အဖြစ် ဖွဲ့စည်းခြင်း မပြုဘဲ တိုင်းရင်းသားလူမျိုးများ အချိုးတူပါဝင်၍ တန်းတူညီမျှသော အခွင့်အလမ်းရရှိသည့် ပြည်ထောင်စုတပ်မတော်အဖြစ် ဖွဲ့စည်းတည်ထောင်သင့်ပါကြောင်း၊ တပ်မတော်ကို အရပ်သားကာကွယ်ရေးဝန်ကြီး၏ လက်အောက်တွင် ထားရှိရမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာ ထမ်းဆောင်နိုင်ရန် အခြေခံဥပဒေအရ ကန့်သတ်ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတပ်ဖွဲ့များကို ပြည်နယ်အစိုးရလက်အောက်တွင်ထားရှိပြီး ပြည်နယ်အေးချမ်းတည်ငြိမ်ရေးတာဝန်ကိုရယူရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

### အခွန်ကောက်ခံရမည့် နယ်ပယ်ကို တိုးချဲ့ဆောင်ရွက်

တပ်မတော်မှ ဗိုလ်မှူးကြီး ကျော်စိုးဦးက တိုင်းဒေသကြီး (သို့) ပြည်နယ်အစိုးရ အဖွဲ့အစည်းများအနေဖြင့် ဥပဒေနှင့် စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပြီး ကျွမ်းကျင်ဝန်ထမ်းများဖြင့်သာ နည်းဥပဒေ လုပ်ထုံး လုပ်နည်းများအတိုင်း စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း၊ အခွန်ကောက်ယူရာတွင် အခွန်နှုန်းထား တိုးမြှင့်ကောက်ခံခြင်းထက် အခွန်ကောက်ခံရမည့် နယ်ပယ်ကို တိုးချဲ့ဆောင်ရွက်သင့်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများနှင့် အခြေခံလူတန်းစားများအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် အထူးဂရုပြု ဆောင်ရွက်သင့်ကြောင်း။

တန်းတူညီမျှမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် အခွန်စနစ်နှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုစနစ်များ ဖြစ်ထွန်းလာအောင် ဆောင်ရွက်သင့်ကြောင်း၊ အခွန်တိမ်းရှောင်မှုနှင့် အဂတိလိုက်စားမှုများ မရှိစေရေးအတွက် အခွန်ကောက်ခံသူ ဝန်ထမ်းများအပါအဝင် အဂတိလိုက်စားမှုနှင့် ဆက်စပ်သူများကို ပညာပေးခြင်း၊ ထိန်းချုပ်ဟန့်တားခြင်းနှင့် ဥပဒေကြောင်းအရ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်သင့်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် အခွန်ဘဏ္ဍာငွေကောက်ခံရရှိမှု အချိုးအစားပမာဏ တူညီမှုမရှိနိုင်သည့်အားလျော်စွာ ပြည်သူလူထု၏ လူမှုစီးပွားဘဝ လိုအပ်ချက်များကို အချိုးညီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် နှစ်စဉ် ပြည်ထောင်စုဘဏ္ဍာငွေမှ ခွဲဝေမှုကို လိုအပ်သလို ထိန်းညှိဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

### စားပွဲဝိုင်းဖြေရှင်းနည်းဖြင့် ဖြေရှင်း

လွှတ်တော်အစုအဖွဲ့မှ ဦးသိမ်းဆွေက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူကို ကတိပြုထားသည့်အတိုင်း တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားအာလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၏ အရင်းအမြစ်များကို ဖယ်ရှားရန်၊ အာဃာတကင်းစင်ပြီး ပင်လုံစိတ်ဓာတ်ကို အခြေခံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ပြည်သူ့ဘဝလုံခြုံ၊ အေးချမ်းစေမည်ဖြစ်ကြောင်း၊ လွတ်လပ်ခြင်း၊ တူညီသော အခွင့်အရေးရရှိခြင်းနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရှိခြင်းများနှင့် ပြည့်စုံသော စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်မည် ဖြစ်ကြောင်း။

UPDJC ၏ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ပါဝင်သော သုံးစုပါ အစုအဖွဲ့တွင် အတွင်းရေးမှူးအဖွဲ့၌ လွှတ်တော်ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးပါဝင်ရန် တင်ပြခြင်းမှာ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး၌ ပြည်သူက ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နီးကပ်စွာ ပူးပေါင်းပါဝင်လက်တွဲ ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ သို့မှသာ ဒုတိယအချက်ဖြစ်သော (၂၁)ရာစုပင်လုံ၊ ပထမအကြိမ် အစည်းအဝေးကြီးအပြီးတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲများ၊ လူမျိုးအလိုက်/ဒေသ အလိုက်/ အကြောင်းအရာအလိုက် ဆက်လက်ဆွေးနွေးကြမည်ဖြစ်သည့် အမျိုးသားအဆင့် ဆွေးနွေးပွဲများတွင် ပါဝင်လက်တွဲဆောင်ရွက်နိုင်ကြမည် ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး (၂၁)ရာစုပင်လုံညီလာခံကြီး၏ ဆွေးနွေးပွဲ အဆင့်ဆင့်များမှတစ်ဆင့် ရရှိလာသော ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူညီချက် (Union Accord)ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုရာတွင် ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### စီမံကိန်းများကို ယာယီအားဖြင့် ရပ်ဆိုင်း

ထားဝယ်တိုင်းရင်းသားများပါတီမှ ဦးအေးမင်းက အခွန်နှင့် ဘဏ္ဍာငွေခွဲဝေမှုများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် တိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားသော ဝင်ငွေနှင့် အခွန်ခွဲဝေခံစားသင့်သည့် ရာခိုင်နှုန်းအချိုးအစားကို တိကျစွာ သတ်မှတ်ရေး များစွာအရေးကြီးပါကြောင်း၊ အခွန်နှင့် ဘဏ္ဍာငွေ ခွဲဝေမှုအချိုးအစားကို ဥပဒေကဲ့သို့သော ခိုင်မာသည့် စည်းမျဉ်းများဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားများသည် သဘာဝတောတောင်ရေမြေများကို အမှီပြုပြီး သဟဇာတဖြစ်စွာ အသက်မွေးမှု ပြုကြရသည်ဖြစ်ရာ ၎င်းတို့ဒေသများရှိ သဘာဝတောတောင်များအား အသုံးပြုခွင့်၊ ထိန်းသိမ်းစောင့်ရှောက်ခွင့် ရှိရမည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အကြောင်းပြုကာ မြေယာကေသိန်းသန်းချီအား ထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းခြင်းကို အားမပေးပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အမည်ခံကာ သိမ်းယူထားသောမြေယာများ ပြန်ပေးရန် လိုအပ်ပါကြောင်း၊ ပြန်ပေးရန်လည်း အလေးအနက်တိုက်တွန်းလိုပါကြောင်း။

သဘာဝဓာတ်ငွေ့၊ သစ်တော၊ သတ္တု စသည့် အမျိုးမျိုးသော သဘာဝသယံဇာတကို သက်ဆိုင်ရာ ပြည်နယ်များအလိုက် ပြည်ထောင်စုအစိုးရနှင့် အချိုးညီစွာ စီမံခန့်ခွဲပိုင်ခွင့်ရရှိရေးသည် အရေးပါပါကြောင်း၊ ဗဟိုအစိုးရ၏ လိုအပ်ချက်တစ်ခုတည်းဖြင့် စီးပွားရေးစီမံကိန်းများ၊ စီမံချက်များကို မဖော်ဆောင်သင့်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးကို မရရှိမီစပ်ကြား တိုင်းရင်းသားဒေသများရှိ သယံဇာတတူးဖော်ထုတ်လုပ်သော စီမံကိန်းများ ထပ်မံခွင့်မပြုရန်နှင့် ရှိနှင့်ပြီး စီမံကိန်းများကို ယာယီအားဖြင့် ရပ်ဆိုင်းထားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

### ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်

တပ်မတော်အစုအဖွဲ့မှ ဗိုလ်မှူးကြီး ဇော်ဝင်းထွန်းက အစိုးရအဆင့်ဆင့်အနေဖြင့် သယံဇာတအသစ် ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် အသေးစိတ်တွက်ချက်ခြင်းများကို ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဆက်တည်းမှာပင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းများကိုလည်း အခြေအနေအရပ်ရပ်အပေါ် ချိန်ဆ၍ လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မျက်မှောက်ကာလတွင် သယံဇာတစီမံခန့်ခွဲမှုနှင့် ခွဲဝေမှုများ ဆောင်ရွက်ရာတွင် မှန်ကန်မျှတရန်နှင့် လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေများ လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သယံဇာတဝင်ငွေမှရရှိသည့် ဝင်ငွေများကို အနာဂတ်မျိုးဆက်သစ်များအတွက် ရင်းနှီးမြှုပ်နှံရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန်နှင့် သယံဇာတအပေါ် အခြေမခံသည့် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် ဖြန့်ကြက်၍ ရင်းနှီးမြှုပ်နှံထားနိုင်ရန်အတွက် ကောင်းမွန်ပြည့်စုံသော အစီအမံများကို ရေးဆွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် အကောင်အထည်ဖော်နိုင်ရန်အတွက် သယံဇာတစီမံခန့်ခွဲခြင်းနှင့် ခွဲဝေမှုဆိုင်ရာ စီမံကိန်းများတွင် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများ တိုးတက်အားကောင်းလာစေရန် လုပ်ဆောင်သင့်ပါကြောင်း ဆွေးနွေးသည်။

### မတူခြားနားမှုများ ပေါင်းစည်းထား

ပါဝင်သင့် ပါဝင်ထိုက်သူများမှ ဦးဇော်ဌေးက နိုင်ငံရေးအရ ကြည့်မည်ဆိုပါက လူမှုဘဝ၊ ယဉ်ကျေးမှု၊ နိုင်ငံရေးဝိသေသလက္ခဏာများကိုအခြေခံ၍ အချိုးညီ ဖြစ်သင့်သည်ဆိုသည်ကို အများဆုံး စဉ်းစားတတ်ကြပါကြောင်း၊ နိုင်ငံကို အလျားလိုက်ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ စဉ်းစားချက်ဖြစ်ပါကြောင်း၊ အဆိုပါမေးခွန်းနှင့် ပတ်သက်သည့်အဖြေကို ရွေးချယ်ရာတွင် နိုင်ငံ၏ ပထဝီဝင်အခြေအနေ၊ ပထဝီဝင်နိုင်ငံရေးအခြေအနေ၊ ပထဝီဝင် ဘောဂဗေဒအခြေအနေများကို ဆက်စပ် စဉ်းစားကြဖို့ လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ မတူခြားနားမှုများ ပေါင်းစည်းထားသည့်အပြင် သမိုင်းကြောင်းတစ်လျှောက် ဒေသန္တရဖွံ့ဖြိုးရေးကို မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့သည်ကို ထည့်သွင်းစဉ်းစားသုံးသပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အချို့သော ပြည်နယ်များသည် ပထဝီကပေးသည့် ဖြစ်တည်မှုအခြေအနေအရ ဗဟိုအစိုးရ၏ ကူညီပံ့ပိုးမှု မဖြစ်မနေ လိုအပ်ပါကြောင်း၊ အချို့သော ပြည်နယ်များသည် သဘာဝသယံဇာတ အရင်းအမြစ်များ ကြွယ်ဝနေသည့်အတွက် ဗဟိုအစိုးရ၏ ကူညီပံ့ပိုးမှုကို မှီခိုစရာမလိုဘဲ ရပ်တည်နိုင်အောင် ကြိုးစားသွားနိုင်သည့် အနေအထားမျိုးရှိပါကြောင်း၊ ထို့ကြောင့် အချိုးညီဖက်ဒရယ် သို့မဟုတ် အချိုးမညီဖက်ဒရယ်ဆိုသည့် မူသဘောကို ဦးစွာရွေးချယ်ရန် အရေးကြီးကြောင်း။

ဖက်ဒရယ်ဆိုသည်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် စသည့် ပိုင်းခြားကွဲပြားမှုကို ခွဲဝေခြင်းဖြစ်ပြီး တစ်ချိန်တည်းမှာပင် အဆိုပါပိုင်းခြားမှုများကို ပြန်လည်စုစည်းခြင်းဖြစ်သည့်အတွက် ဝိရောဓိအသွင် ဆောင်ပါကြောင်း၊ ဆန့်ကျင်ဘက်နှစ်ခု ပေါင်းစည်းမှုအောင်မြင်ပြီး ဟန်ချက်တည်ငြိမ်ရေးအတွက် သော့ချက်မှာ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါကြောင်း၊ မတူကွဲပြားသည့် ဒေသန္တရများ၊ လူမျိုးစုများ၏ ဝိသေသလက္ခဏာကို မြှင့်တင်ပေါင်းစည်းခြင်းမှတစ်ဆင့် ဘုံအမျိုးသားရေးဆိုင်ရာ ဝိသေသလက္ခဏာ (National Identity) ကို ခိုင်မာအောင် တည်ဆောက်နိုင်စွမ်း ရှိရမည်ဖြစ်ကြောင်း၊ အာဏာခွဲဝေမှု (Power Sharing၊) အခွန်အကောက်ခွဲဝေရေး (Tax Sharing၊) သယံဇာတခွဲဝေရေး Resource Sharing နှင့်တာဝန်သိ၊ တာဝန်ယူမှုခွဲဝေရေး Accountability Sharing လည်း ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### အင်္ဂါရပ် (၇)ရပ်

ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီမှ ခွန်စိုးမြင့်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၅၃-(က)ကို ကြည့်ခြင်းအားဖြင့် ပြည်နယ်သစ်များ ဖွဲ့စည်းခွင့်ကို ပေးထားသလို ဖြစ်သော်လည်း ပုဒ်မ ၅၃ - (ဃ)၊ (င)၊ (စ) တို့သည် တိုင်းရင်းသားတန်းတူရေးကို ပြန်လည်အဟန့်အတား ဖြစ်စေပါကြောင်း၊

၁၉၄၇ခုနှစ်၊ ဖ.ဆ.ပ.လ ပဏာမညီလာခံတွင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ညှိနှိုင်းရေးဆွဲကြရာ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဖွဲ့စည်းတည်ဆောက်ကြစဉ်က အင်္ဂါရပ်(၇)ရပ်နှင့် ပြည့်စုံသည့် တိုင်းရင်းသားလူမျိုးများကို ပြည်ထောင်စုဝင် ပြည်နယ်များအဖြစ် သတ်မှတ်ပေးရမည်ဟု သတ်မှတ်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းအခြေခံ အင်္ဂါရပ်(၇)ရပ်မှာ ပထဝီအနေအထားအရ နယ်နိမိတ်အထင်အရှားရှိခြင်း၊ ဗမာစကားနှင့် မတူသော ဘာသာစကားတစ်မျိုးတည်းရှိခြင်း၊ ယဉ်ကျေးမှုတစ်မျိုးတည်းရှိခြင်း၊ ရာဇဝင်အစဉ်အလာ တစ်မျိုးတည်းရှိသော လူမျိုးစုဖြစ်ခြင်း၊ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးနှင့် စီးပွားရေးလုံလောက်မှုရှိသော လူမျိုးစုဖြစ်ခြင်း၊ လူဦးရေအတော်အတန်ရှိခြင်း၊ ပြည်ထောင်စုအဖွဲ့ဝင် ဒေသတစ်ခုအဖြစ် နေထိုင်လိုသော ဆန္ဒရှိခြင်းတို့ ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

မိမိတို့ပအိုဝ်းလူမျိုးသည် အထက်ပါဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံသော လူမျိုးတစ်မျိုးဖြစ်သည့်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရာတွင် လည်းကောင်း၊ နောင်ရေးဆွဲမည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လည်းကောင်း၊ လူမျိုးအမည်နာမနှင့် ပထဝီကို ပေါင်းစပ်အခြေခံထားသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု နိုင်ငံတော်အဖြစ် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းကာ လက်ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို အခြေခံပြီး ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပအိုဝ်းလူဦးရေ ၄၀ ရာခိုင်နှုန်း ကျော်ရှိသော အခြားမြို့နယ်များကိုစုစည်း၍ ပအိုဝ်းအမျိုးသား ပြည်နယ်အဖြစ် ပြည်နယ်သစ်များပေါ်ထွန်းခွင့် ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းပေးသင့်ပါကြောင်း ဆွေးနွေးသည်။

**သုံးနှစ်မှ ငါးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်**

တပ်မတော်အစုအဖွဲ့မှ ဗိုလ်မှူးကြီး နေလင်းထွန်းက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် NCA စာချုပ်ကိုအခြေခံ၍ မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်များကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံရေးရည်မှန်းချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမှ လမ်းဖွင့်ပေးထားသည့် နိုင်ငံရေးလမ်းကြောင်းအတိုင်း ပါဝင်လျှောက်လှမ်းပြီး နိုင်ငံရေးလမ်းပြမြေပုံနှင့် အညီ DDR လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ DDR/SSR လုပ်ငန်းစဉ်ကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ ငြိမ်းချမ်းရေးညီလာခံများကို ၃ နှစ်မှ ၅ နှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို ဆောင်ရွက်ရာတွင် တပ်မတော်ကိုမဏ္ဍိုင်ပြုပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**နိုင်ငံရေးနည်းနှင့် ဖြေရှင်း**

တိုင်းရင်းသားကိုယ်စားလှယ် ဦးခက်ထိန်နန်က မိမိတို့နိုင်ငံသည် လွန်ခဲ့သည့် ခြောက်နှစ်ခန့်ကစ၍ အရေးကြီးသည့် နိုင်ငံရေးဖြစ်စဉ် ဒီမိုကရေစီအသွင် ကူးပြောင်းခြင်းကို စတင်လျှောက်လှမ်းခြင်းနှင့်အတူ မရှေးမနှောင်းမှာပင် အရေးအကြီးဆုံးဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စတင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် နှစ်ပေါင်း ၇၀ နီးပါး ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများအား အဆုံးသတ်နိုင်ရေးအတွက် နိုင်ငံရေးပြဿနာကို စစ်ရေးနှင့်မဖြေရှင်းဘဲ နိုင်ငံရေးနည်းနှင့် ဖြေရှင်းနိုင်ရန်အတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း အားလုံးပါဝင်နိုင်ခြင်း မရှိသေးသည့်အတွက် အချို့ဒေသများတွင် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ မည်သို့ပင်လုပ်နေသော်လည်း သေနတ်သံ မတိတ်ပါက ငြိမ်းချမ်းရေးခရီးသည် အလှမ်းဝေးသွားနိုင်သကဲ့သို့ လက်ရှိကျင်းပနေသည့် ညီလာခံနှင့်အတူ နောင်ကျင်းပမည့် ဆွေးနွေးပွဲတွေအပေါ်တွင်လည်း ယုံကြည်မှု အားနည်းစေနိုင်ပါကြောင်း၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားနည်းစေနိုင်ပါကြောင်း၊ ထို့ကြောင့် အပစ်အခတ်ရပ်စဲရေးကို အရေးကြီးဆုံး ဦးစားပေးအဆင့် အနေနှင့် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊

လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်သည့် အခွင့်အရေးများအား အာမခံချက် အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန် အရေးကြီးပါကြောင်း၊ မှန်ကန်မျှတသည့် နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်ရှိနိုင်ရန်အတွက် နိုင်ငံရေးဆွေးနွေးသည့် နေရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တစ်ဖက်နှင့်တစ်ဖက် ဖိအားပေးအကျပ်ကိုင်သည့် အနေအထားမျိုးမဖြစ်စေရန် လွန်စွာအရေးကြီးပါကြောင်း ဆွေးနွေးသည်။




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ စတုတ္ထနေ့ ဆွေးနွေးပွဲကျင်းပစဉ်

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအစည်းအဝေးတွင် ပြောကြားခဲ့သည့် အဖွင့်မိန့်ခွန်းများ၊ ညီလာခံတက်ရောက်သူများစာရင်း၊ အစုအဖွဲ့အသီးသီးမှ တာဝန်ရှိသူ ၇၂ ဦး၏ သဘောထားတင်ပြချက်များ၊ ညီလာခံသို့တင်သွင်းသော အစီရင်ခံစာများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပသွားနိုင်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး ကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှတ်တမ်းတင်ဆောင်ရွက်နိုင်ရန် ရဲဘော်မျိုးဝင်း၊ ဦးနိုင်ငံလင်းနှင့် ဦးခင်ဇော်ဦးတို့က ဖတ်ကြားတင်ပြကြရာ သဘာပတိ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျေးဇူးတင်စကားပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကျေးဇူးတင်စကားကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သဘာပတိ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်စကားပြောကြားရာတွင် အဖွဲ့အစည်းအသီးသီးမှ မိမိတို့၏ အမြင်များကို တင်ပြသွားကြသည့်အပေါ်တွင် မတူကွဲပြားမှုများရှိသကဲ့သို့ တူညီမှုများလည်းရှိပါကြောင်း၊ အဖြေရှာနိုင်သည့် တောင်းဆိုချက်များရှိသကဲ့သို့ အဖြေနှင့် ဝေးနေသေးသည့် လိုအင်ဆန္ဒများလည်း ရှိကြပါကြောင်း၊ သို့သော် အရေးကြီးဆုံးမှာ မတူသည့်အချက်များတွင် သဘောတူညီနိုင်သည့် အချက်များကို အဖြေထွက်ရှိအောင် မည်သို့ညှိနှိုင်းမည်ဆိုသည့် အချက်ပင်ဖြစ်ပါကြောင်း၊ ပဋိပက္ခဖြေရှင်းရေး၏ အဓိကသော့ချက်မှာ မိမိ၏ တောင်းဆိုချက်များထက် အကျိုးစီးပွားများအပေါ်တွင် ညှိနှိုင်းကြရမည်ဟု ပညာရှင်များ ရေးသားထားသည့်ကို လေ့လာဖူးပါကြောင်း၊ မိမိတို့၏ တောင်းဆိုချက်များကို ဘာကြောင့် လိုချင်ရသည်ဟု ပြန်လည်မေးမြန်းကြည့်ပါက အကျိုးစီးပွားကဘာလဲဆိုသည်ကို မိမိတို့ ပိုမိုနားလည်လာနိုင်မည် ဖြစ်ပါကြောင်း၊

ယခုညီလာခံကြီးအပြီးတွင် ယခုထက် ပိုမိုနက်နဲရှုပ်ထွေးသည့် ဆွေးနွေးမှုများ၊ ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်သွားရဦးမည် ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်ကို စနစ်တကျ စီမံအကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို အပြီးသတ် ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ မူဘောင်ဆွေးနွေးသည့်အဆင့်တွင် ညှိနှိုင်းဆွေးနွေးစရာများများစွာ ရှိဦးမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးဖက်များအကြား နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို သဘောတူညီမှုရမှ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး အဆိုပါ လုပ်ငန်းကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် လေ့လာအဖြေရှာမှုများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ဆွေးနွေးပွဲများ ကျင်းပသည့်အခါ ငြိမ်းချမ်းရေးဆိုသည့် အခြေခံမူကို လက်ထဲတွင် စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားရန် လိုအပ်ပါကြောင်း၊ တခြားနိုင်ငံများ၏ အတွေ့အကြုံ၊ ဖြစ်စဉ်များကို ကြည့်မည်ဆိုပါက အဆိုပါ ဆွေးနွေးပွဲများ လုပ်သည့်အချိန်တွင် အတိတ်မှ အမုန်းတရားများ ပြန်လည်နှိုးဆွပြီး လူမျိုးရေး၊ ဘာသာရေး ပွတ်တိုက်မှုများ ပိုမိုအရှိန်မြင့်လာတတ်ပါကြောင်း၊ မိမိတို့၏ တောင်းဆိုချက်များ လက်ဦးမှုရရှိရေးအတွက် အောက်ခြေလူထုကို လှုံ့ဆော်စည်းရုံးမှုများပြုလုပ်ပြီး ပဋိပက္ခဖြေရှင်းရေးထက် တစ်ဖက်နှင့်တစ်ဖက် ပိုမိုအစွန်းရောက်သည့် အမုန်းတရားများ ပိုမိုဖြစ်လာနိုင်သည်ကို သတိပြုရန်လိုအပ်ပါကြောင်း၊ ယခုညီလာခံမှ မိမိတို့တိုင်းပြည်၏ အနာဂတ်ကို မည်သို့ပုံဖော်မည်ဆိုသည့် သဘောတူညီချက်ချမှတ်ရန် အရေးကြီးသည့် စမှတ်တစ်ခုဖြစ်ပါကြောင်း၊ ယင်းစမှတ်၏နောက်တွင် စိန်ခေါ်မှုများများစွာရှိပါကြောင်း၊ ယင်းစိန်ခေါ်မှုများကို ပဋိပက္ခဖြေရှင်းရေးအမြင်နှင့် ချဉ်းကပ်မည်ဆိုပါက မိမိတို့၏ သမိုင်းအမွေကို နောင်လာနောက်သားများ တသသနှင့် အသိအမှတ်ပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ ပထမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း အကျိုးဆောင်အဖွဲ့က ကြေညာသည်။

**(သတင်းစဉ်)**

## ဗန်းမောက်မြို့နယ်အတွင်း တရားမဝင်ရွှေတူးဖော်ခြင်း ရှိ မရှိစစ်ဆေး

**ဗန်းမောက် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် နမ့်မားကျေးရွာအုပ်စု နန်းအော့၊ နမ့်ခင်ဒေသသို့ ဩဂုတ်လ နောက်ဆုံးပတ်က ယင်းဒေသရှိ ရွှေတူးဖော်နေသော ကုမ္ပဏီများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော စစ်ဆေးရေးအဖွဲ့ဖွဲ့ကာ သွားရောက်ခဲ့ကြကြောင်း သိရသည်။



စစ်ဆေးရေးအဖွဲ့သည် နမ့်ခင်ကျေးရွာ ဒေသခံများနှင့် တွေ့ဆုံ၍ သက်ဆိုင်ရာဌာနများမှ ခွင့်ပြုချက်မရရှိဘဲ ရွှေတူးဖော်ခြင်းလုပ်ငန်း မပြုလုပ်ရန်နှင့် နိုင်ငံတော်မှ တားမြစ်ထားသော ဓာတုဗေဒဆေးများ သုံးစွဲခြင်းမပြုရန် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒေသခံများသုံးစွဲလျက်ရှိသော နမ့်ခင်တောင်ကျချောင်းရေ အခြေအနေနှင့် ပတ်သက်၍ ဒေသခံများနှင့် ဆွေးနွေးရာတွင် နမ့်ခင်ချောင်းရေကို ချိုးရေအဖြစ်သာ သုံးစွဲကြပြီး အစားအသောက် ချက်ပြုတ်ရန်နှင့် သောက်သုံးရေအတွက်ကို ကျောက်ပြင်တောင်မှ ရရှိသည့် စိမ့်စမ်းရေကို အသုံးပြုကြသည်။

ဆက်လက်၍ ဒေသခံပြည်သူများ၏ အထွေထွေရောဂါများကို ဗန်းမောက်မြို့နယ် မံစီတိုက်နယ်ဆေးရုံမှ ဒေါက်တာဇော်ဇော်နှင့် ကျန်းမာရေးဝန်ထမ်းများက စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ညွှန်ကြားချက်များ ထုတ်ပြန်ထား

**နေပြည်တော် စက်တင်ဘာ ၃**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အသင်းသားများအား ထိရောက်စွာ အကာအကွယ်ပေးနိုင်ရန်၊ ငွေကြေးစနစ် တည်ငြိမ်မှုကို ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခု၊ မြို့နယ် ၂၂၀ မြို့နယ်၊ ရပ်ကွက် ၁၆၅၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃၃၀ အုပ်စု၊ ကျေးရွာပေါင်း ၁၄၉၀၇ ကျေးရွာ၊ အသင်းဝင်ဦးရေ ၂၁၀၇၃၂၂ ဦးအား ထုတ်ချေးငွေပမာဏ ၁၇၅၄၇၉၆ ဒသမ ၆၆ သန်း၊ စုဆောင်းငွေပမာဏ ၁၀၃၅၂၃ ဒသမ ၆၃ သန်းတို့ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

ထိုသို့ ဝန်ဆောင်မှုများပေးရာတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြောင့် အသင်းသားများ ကြွေးဝန်မပိစေရန်၊ အသင်းသားများ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ငွေကြေးဝန်ဆောင်မှုများပေးရန်၊ အသင်းဝင်အကာအကွယ်ပေးရေး ဥပဒေများ (Clients Protection Principles) များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ ပြည်တွင်းပြည်ပမှ ချေးငွေရယူခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်၊ အသင်းဝင်များထံမှ စုဆောင်းငွေ လက်ခံခြင်းနှင့် အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေရင်း သတ်မှတ်ခြင်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်မှု၊ ငွေကြေးဆိုင်ရာ ခိုင်မာမှုစံသတ်မှတ်ချက်များ ကိုက်ညီရန်တို့နှင့် ပတ်သက်သော ညွှန်ကြားချက် (၅)ခုကို အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားရာ ၎င်းညွှန်ကြားချက်များ အပြည့်အစုံကို ဌာန၏ Website ဖြစ်သည့် http://www.mmse.gov.mm တွင် ဖော်ပြထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ **(မိုး/ဇလ)**

# ရေဘေးအလှူက ပြန်ခဲ့တယ်

**စိမ်း-(ဥပဒေ)** ✻

ဒီနှစ် မြန်မာနိုင်ငံရဲ့ နေရာအတော်များများမှာ ရေဘေးဒုက္ခတွေကို ကြုံတွေ့နေရပါတယ်။ သစ်တော၊ သစ်ပင်ပြုန်းတီးလာခြင်းရဲ့ ဘေးထွက်ဆိုးကျိုးတွေပါ။ ဒီလိုရေဘေးသင့်ပြည်သူတွေကို နိုင်ငံ့အကြီးအကဲတွေသာမက အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ ပရဟိတအဖွဲ့တွေက သွားရောက်ကူညီကယ်ဆယ်ပေးကြပါတယ်။ မြန်မာလူမျိုးတွေရဲ့ ကူညီတတ်တဲ့ စိတ်ရင်းစိတ်ထားလေးတွေကိုလည်း အထင်အရှားမြင်တွေ့နိုင်ပါတယ်။

ပရဟိတဆိုတဲ့ ဝေါဟာရကို ကျွန်မကတော့ ဒီလို အဓိပ္ပာယ်ဖွင့်ပါတယ်။ ကိုယ်ကျိုးမပါဘဲ အများအကျိုးဆောင်ရွက်သူလို့။ ကျွန်မနေထိုင်တဲ့ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်လေးမှာ 'အောင်ပန်းမြိုင်' လို့ အမည်တွင်တဲ့ ပရဟိတအဖွဲ့လေးတစ်ဖွဲ့ ရှိပါတယ်။ ဒီ 'အောင်ပန်းမြိုင်' ပရဟိတအဖွဲ့လေးကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့မှာ သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ စာရိတ္တ (ဓမ္မာစရိယ၊ ဝိနယဝိဒူ) က စတင်တည်ထောင်ပေးခဲ့တာပါ။ ဥက္ကဋ္ဌ ဦးသောင်းမြင့်၊ အတွင်းရေးမှူး ဦးမင်းနိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်လင်း၊ အသင်းသား အင်အား ၁၂၀၀ ကျော်နဲ့ ဖွဲ့စည်းထားတာပါ။ အသင်းအနေနဲ့ အပတ်စဉ် စနေနေ့တိုင်း ပျဉ်းမနား ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားတွေကို အာဟာရဒါနလှူဒါန်းခြင်းများ၊ တနင်္ဂနွေနေ့တိုင်းလည်း နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးမှာ ဆေးကုသနေတဲ့ လူနာတွေနဲ့ လူနာရှင်တွေကို ဆရာတော်ရဲ့ဦးဆောင်မှုနဲ့ ထမင်းဟင်းများ အပတ်စဉ်လှူဒါန်းနေကြပါတယ်။ နာရေးကူညီမှုအသင်းဖွဲ့စည်းထားပြီး နာရေးကိစ္စအဝဝကို မေတ္တာ၊ စေတနာအပြည့်အဝဖြင့် ကူညီပေးနေတဲ့ ပရဟိတအဖွဲ့လေးပါ။ သွေးလိုအပ်တဲ့ လူနာတွေအတွက်လည်း သွေးလှူရှင်များရှာဖွေပေးခြင်း၊ အသင်းသားများမှာ သွေးလှူခြင်းများကိုလည်း ဆောင်ရွက်ပေးနေကြပါတယ်။ နှစ်စဉ် သဘာဝဘေးအန္တရာယ်ကျရောက်နေတဲ့ ဒေသတွေအထိသွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေကိုလည်း အားတက်သရော ဆောင်ရွက်ကူညီပေးနေကြတဲ့ ပရဟိတအဖွဲ့လေးပါ။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က လှုပ်ခတ်သွားတဲ့ ငလျင်ဒဏ်ကြောင့် ပုဂံဒေသမှာရှိတဲ့ ဘုရားစေတီပုထိုးတွေ ပြိုကျပျက်စီးသွားတာကိုလည်း အသင်းသားတွေရဲ့ စုပေါင်းလှူဒါန်းထားတဲ့ ငွေကျပ်သိန်း ၅၀၀၀၀၀ ကို ဆရာတော်ရဲ့ ဦးဆောင်မှုနဲ့ သွားရောက်လှူဒါန်းပြီး ဖြစ်ပါတယ်။

ဆရာတော်ရဲ့ ဦးဆောင်မှုနဲ့ ကျွန်မတို့အဖွဲ့လေး ဩဂုတ် ၂၁ ရက် ည ၈ နာရီမှာ ရေဘေးသင့်ဒေသတစ်ခုဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်ကို စတင်ထွက်ခွာလာခဲ့ပါတယ်။ ဆရာတော်နဲ့အတူ လိုက်ပါလာတဲ့ ကျွန်မတို့ ပရဟိတအဖွဲ့ဝင်တွေအားလုံးရဲ့ ရင်ထဲမှာ ရေဘေးသင့်ပြည်သူတွေကို ကူညီဖို့ဆိုတဲ့စိတ်နဲ့ ခြေလှမ်းတွေတက်ကြွနေကြပါတယ်။ နေပြည်တော်မှရန်ကုန်၊ ရန်ကုန်မှရေကြည် လမ်းခရီးတစ်လျှောက် နားလိုက် မောင်းလိုက်နဲ့ ခရီးဆက်လာကြရင်း ဩဂုတ် ၂၂ ရက် နံနက် ၇ နာရီခန့်မှာ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှာရှိတဲ့ ဧရာဝတီဖောင်ဒေးရှင်းအဖွဲ့ရှိတဲ့နေရာကို ရောက်ရှိသွားခဲ့ကြပါတယ်။ ဖုန်းနဲ့ကြိုတင်အကြောင်းကြားထားတဲ့အတွက် ကျွန်မတို့အဖွဲ့လေးကို ဧရာဝတီဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးဇော်ဇော်နဲ့အဖွဲ့က နွေးထွေးစွာ ကြိုဆိုခဲ့ကြပြီး မနက်စာနဲ့ ညှော်ခံကျွေးမွေးခဲ့ကြပါတယ်။ စားသောက်ပြီးတော့ ဧရာဝတီဖောင်ဒေးရှင်းက တာဝန်ရှိလူများနဲ့ ကျွန်မတို့အဖွဲ့လေး ရေကြည်မြို့နယ်ထဲမှာရှိတဲ့ နတ်စင်ကွင်းကျေးရွာအုပ်စု ရွှေနံ့သာကျေးရွာလေးဆီသို့ ခရီးဆက်ဖို့ ကားနဲ့ထွက်ခွာလာခဲ့ကြပါတယ်။ ဘေးဘီဝဲယာလမ်းတစ်လျှောက်မှာတော့ ရေလွှမ်းနေတဲ့ လယ်ကွင်းတွေ မျက်စိတစ်ဆုံးတွေ့ရပါတယ်။ နတ်စင်ကွင်းကျေးရွာကိုတော့ စက်လှေနဲ့သွားရပါတယ်။ ဒီဘက်ကမ်းမှာ ကားရပ်နားထားခဲ့ရပြီး စက်လှေနဲ့ ခရီးဆက်ကြရပါတယ်။ ခန့်မှန်းခြေ ၃ နာရီလောက် စက်လှေစီးခဲ့ရပါတယ်။ ကျွန်မ စိတ်ထဲမှာ အင်းလေးကန်မှာ စက်လှေစီးနေရသလို ခံစားနေရပါတယ်။ မြင်မြင်သမျှ ရေပြင်ချည်းပါပဲ။ ၃ နာရီလောက်အကြာစီးပြီးမှာတော့ ကျွန်မတို့အဖွဲ့ ရွှေနံ့သာကျေးရွာလေးကို ရောက်ရှိခဲ့ပါတယ်။ ကမ်းနားအထိ စက်လှေကပ်လို့မရတာကြောင့် ခါးနားအထိရှိတဲ့ ရေပြင်ကို ဖြတ်ကူးခဲ့ကြပါတယ်။ ကျွန်မတို့စက်လှေကို ခပ်လှမ်းလှမ်းကနေမြင်တွေ့ကတည်းက ရွာသူရွာသားတွေနဲ့ ကျေးရွာတာဝန်ရှိလူကြီးများက ကမ်းစပ်ကနေ စောင့်ကြိုနေခဲ့ကြပါတယ်။ ကုန်းပေါ်တက်တက်ချင်းမှာပဲ တဲအိမ်တစ်လုံးကိုတွေ့ရပါတယ်။

**သူတို့အားလုံးရဲ့ မျက်ဝန်းတွေမှာ ဆုံးရှုံးခြင်းကြောင့် ဝမ်းနည်းပူဆွေးမှုတွေကို အတိုင်းသားမြင်တွေ့နေရပါတယ်။ ရေပြင်ကြီးရဲ့အောက်မှာ သူတို့ရဲ့လယ်ကွက်ကလေးတွေရှိနေပါတယ်။ ရေကျသွားတဲ့အချိန်မှာ စပါးပြန်စိုက်ဖို့ မျိုးစပါးတောင် မရှိတော့ပါဘူး။ ရက်စက်လိုက်တဲ့ သဘာဝတရားကြီးရယ်**

တဲအိမ်လေးရှေ့ကိုရောက်တော့ ရွှေနံ့သာကျေးရွာမှာ လူကြီးများက 'တက်တိုးရေ၊ ဟော့ တက်တိုး နေပြည်တော်က ဆရာတော်နဲ့ ပရဟိတအဖွဲ့တွေလာတယ်' လို့ အသံပြုလိုက်တာနဲ့ တဲအိမ်ငယ်လေးထဲက အသက် ၆၀ အရွယ်ရှိ လက်နှစ်ဖက်မရှိ အရပ်သုံးပေလောက်ပဲရှိတဲ့ လူကြီးတစ်ယောက်ထွက်လာပါတယ်။ မြင်မြင်ချင်းကို ကျွန်မစိတ်ထဲ အလွန်ထိခိုက်မိသွားတယ်။ သူ့အကြောင်းစုံစမ်းကြည့်တော့ နာမည်က ဦးတက်တိုး၊ အသက်က ၆၀၊ ရွှေနံ့သာကျေးရွာဇာတိ၊ မိဘဆွေမျိုးမရှိတဲ့။ ရွာဦးကျောင်းဆရာတော်က သူ့ရဲ့စားရေးသောက်ရေးကို တာဝန်ယူထားတယ်။ ကုသိုလ်ကံ အကျိုးပေးမကောင်းပေမယ့် သူ့မျက်နှာမှာ နှစ်လိုဖွယ်အပြုံးကို မြင်လိုက်ပါတယ်။ ထမင်းကို ခြေထောက်နဲ့စားတယ်။ တောင်းပလုံးကို ခြေထောက်နဲ့ ရက်လုပ်တယ်။ ရေကူးလည်း ကျွမ်းကျင်တယ်ဆိုပဲ။ 'လူမစွမ်းတော့ နတ်မ' ဆိုတဲ့ စကားပုံကိုတောင် ကျွန်မအမှတ်ရမိတယ်။ ကျွန်မတို့အဖွဲ့ထဲက လူတွေလည်း သူ့ကိုတတ်နိုင်သလောက်လေး လှူဒါန်းခဲ့ကြပါတယ်။ တစ်လောက မြန်မာ့အလင်းသတင်းစာမှာပါတဲ့ 'ပန်းကလေးများ မနွမ်းကြေစေချင်' ဆိုတဲ့ ကျွန်မရဲ့ဆောင်းပါးစာမူခရတဲ့ငွေကျပ် ၁၀၀၀၀ ကို ကျွန်မ လှူခဲ့ပါတယ်။ ဒီနောက်တော့ ကျွန်မတို့အဖွဲ့ ကျေးရွာမူလတန်းကျောင်းလေးကို ရောက်ခဲ့ကြပါတယ်။ အိမ်ခြေပေါင်း၃၂၀ ရှိပြီး ကျောင်းသားကျောင်းသူ အင်အား ၁၄၄ ဦး ၊ ကျောင်းအုပ်ဆရာကြီးအပါအဝင် ဆရာ ဆရာမ အင်အား ခြောက်ယောက်နဲ့ တည်ထောင်ထားတဲ့ ရွာမူလတန်းကျောင်းလေးပါ။ ကျွန်မတို့အဖွဲ့ကို ကျောင်းအုပ်ဆရာကြီးနဲ့ ဆရာ ဆရာမတွေက ဝမ်းပန်းတသာ ကြိုဆိုကြပါတယ်။ ကျောင်းသား ကျောင်းသူတွေကို လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ပါတယ်။ ကလေးတွေမှ ဆရာတော်ကို ကျန်းမာပြီး သာသနာ့အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းသံကြောင့်လည်း ကျွန်မရင်ထဲ ကြည်နူးပီတိဖြစ်ရပါတယ်။ ရေကြီးမှုကြောင့် ကျောင်းပိတ်ထားရတာ တစ်ပတ်ကျော်သွားပါပြီ။ ရှင်းလင်းစရာတွေရှင်းလင်းပြီး ဒီနေ့မှ ကျောင်းပြန်ဖွင့်တာပါ။ ရေကြီးမှုဒဏ်ကြောင့် ကျောင်းဆောင်အတော်များများ၊ သန့်စင်ခန်းများ ပျက်စီးသွားခဲ့တာကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရတာ စိတ်မကောင်းစရာတွေချည်းပါပဲ။ ပြန်လည်ပြုပြင်ဖို့ကိုလည်း အချိန်အတော်ယူကြရဦးမှာပါ။

အဲဒီနောက်တော့ ရွာဦးဆရာတော်ကျောင်းကို ကျွန်မတို့အဖွဲ့ရောက်ရှိသွားပါတယ်။ ကျောင်းပေါ်ရောက်ရောက်ချင်း မြင်တွေ့လိုက်ရတာက ရေဘေးသင့် ရွာသားတွေကိုပါ။ အိမ်ခြေ ၁၀၁ လုံး ပျက်စီးသွားလို့ဆရာတော်က ကယ်တင်ထားတာတွေပါ။ သူတို့အားလုံးရဲ့မျက်ဝန်းတွေမှာ ဆုံးရှုံးခြင်းကြောင့် ဝမ်းနည်းပူဆွေးမှုတွေကို အတိုင်းသားမြင်တွေ့နေရပါတယ်။ ရေပြင်ကြီးရဲ့အောက်မှာ သူတို့ရဲ့လယ်ကွက်ကလေးတွေရှိနေပါတယ်။ ရေကျသွားတဲ့အချိန်မှာ စပါးပြန်စိုက်ဖို့ မျိုးစပါးတောင် မရှိတော့ပါဘူး။ ရက်စက်လိုက်တဲ့ သဘာဝတရားကြီးရယ်။ နောက်ထပ် ဘယ်လောက်တောင်များ နှိပ်စက်နေဦးမှာလဲ။ ကျွန်မကတော့ ဆုတောင်းမိတယ် ။ နောက်နောင် ဒီလိုအဖြစ်မျိုးနဲ့ သူတို့မကြုံတွေ့ရပါစေနဲ့လို့ ။ ရွာဦးကျောင်းဆရာတော်က ကျွန်မတို့အဖွဲ့လေးကို နေ့လယ်စာ ထမင်းကျွေးပါတယ်။ ထမင်းစားသောက်ပြီးကြတော့ ကျွန်မတို့အဖွဲ့က ရွာဦးကျောင်း ဆရာတော်ထံသို့ လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ကြပါတယ်။ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီးနောက် ကျွန်မတို့ ခုလို လာရောက်လှူဒါန်းတဲ့အတွက် ဆရာတော်မှ ဝမ်းသာကျေးဇူးတင်ရှိကြောင်းပြောပါတယ်။ ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးကလည်း ကျွန်မတို့အဖွဲ့ကို ကျေးဇူးတင်ကြောင်း၊ ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုတောင်းပေးကြောင်း ကြားရတဲ့အခိုက်အတန့် ကြက်သီးထလောက်အောင် ကြည်နူးရပါတယ်။ အဲဒီနောက် ကျွန်မတို့အဖွဲ့ နောက်တစ်ရွာကိုခရီးဆက်ရန် ပြင်ဆင်ကြပါတယ်။

အဲဒီအချိန်မှာပဲ မူလတန်းကျောင်းအုပ်ဆရာကြီးက ကျွန်မကို လာတွေ့ပါတယ်။ ကျွန်မကို ဆရာမမှန်းသိတော့ ကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေရဲ့လက်ဆောင်လေးပါဆိုပြီး ဒေသထွက် စားစရာတွေကို လာပေးပါတယ်။ ရေဘေးသင့်နေပေမယ့် ပညာရေးမောင်နှမတွေ၊ ညီအစ်မတွေဆိုတဲ့ စိတ်ထားလေးတွေနဲ့ပေးကြတဲ့ သူတို့ရဲ့လက်ဆောင်လေး အပေါ်မှာ ကျွန်မကြည်နူးလွန်းလို့ မျက်ရည်တောင်ကျမိပါတယ်။ အမြင်မှာ တန်ဖိုးမကြီးပေမယ့် ကျွန်မရဲ့စိတ်ထဲမှာတော့ တန်ဖိုးဖြတ်လို့မရတဲ့ လက်ဆောင်ပါ။ အတိတ်ဘဝက ရေစက်ကြောင့် ခုလိုခဏတာလေးလာဆုံရတဲ့ သူတို့တွေနဲ့ ကျွန်မတို့ ခွဲခွာခဲ့ရပြီး နောက်တစ်ရွာဆီကို ဆက်လက်ချီတက်ရပြန်ပါတယ်။ ဒါပေမယ့် ကျွန်မရဲ့ရင်ထဲမှာတော့ သူတို့ကို ဘယ်တော့မှမေ့မယ်မထင်မိပါဘူး။

ကျွန်မတို့အဖွဲ့ အဲဒီ ရွှေနံ့သာကျေးရွာလေးကနေ တစ်နာရီ ၄၅ မိနစ်ခန့် စက်လှေစီးအပြီးမှာ သစ်ငုတ္တထောင်ဆိုတဲ့ ကျေးရွာလေးကို ရောက်ရှိခဲ့ကြပါတယ်။ ရွာထဲကို ဝင်ဝင်ချင်းမှာပဲ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှ မတွေ့ရဘဲ ရေမြုပ်နေတဲ့ ဝမ်းနည်းကြေကွဲဖွယ် အိမ်လေးတွေကို မြင်တွေ့ရတာ ရင်ထဲမှာမချိစရာ။ ကျွန်မတို့အဖွဲ့မှ လှူဒါန်းမယ့်ပစ္စည်းတွေ သယ်ပိုးကြရင်းနဲ့ ရွာဦးကျောင်းကို ချီတက်ကြပါတယ်။ ရွာဦးကျောင်းဆရာတော်ကို လှူဒါန်းဖွယ်ရာတွေ လှူဒါန်းပြီး ဆရာတော်မှ ငါးပါးသီလပေး၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပါတယ်။ ကျွန်မတို့အဖွဲ့ လာရောက်လို့ ဝမ်းနည်းဝမ်းသာဖြစ်နေတဲ့ ရေဘေးသင့်ရွာသူရွာသားတွေကို နှုတ်ဆက်ပြီး ကျွန်မတို့ရဲ့ အပြန်ခရီးကို စတင်ခဲ့ပါတယ်။

ကျေးရွာနှစ်ရွာပေါင်း ငွေကျပ် ၁၈ သိန်း ၁ သောင်း ၊ ဆန်အိတ်ပေါင်း ၁၃၀၊ ဝါးလုံး အလုံး ၁၁၉၀ ၊ ထရံ အချပ် ၉၅၀ နဲ့ အထွေထွေစားသောက်ကုန်များကို လှူဒါန်းခဲ့ပါတယ်။ ပမာဏအားဖြင့် နည်းသည်များသည် မဟုတ်သော်လည်း ကူညီခဲ့ရတဲ့ ပီတိ၊ ကြည်နူးရတဲ့ ခံစားမှုကတော့ ရင်နှင့်အမျှ ခံစားရပါတယ်။

သစ်ငုတ္တထောင် ကျေးရွာကနေ စက်လှေစီးပြီး ကားထားခဲ့တဲ့နေရာကိုရောက်တော့ အားလုံးကိုယ်စီ ကားပေါ်တက်ကြပြီး ရေကြည်မြို့နယ်ရှိ ဧရာဝတီဖောင်ဒေးရှင်းရုံးကို ပြန်ခဲ့ကြပါတယ်။ ဧရာဝတီဖောင်ဒေးရှင်းရုံးမှတစ်ဆင့် ကျွန်မတို့အဖွဲ့တွေ နေပြည်တော်ကို ဆက်လက်ထွက်ခွာလာခဲ့ကြပါတယ်။ ဆရာတော်ရဲ့ မေတ္တာ၊ ကျွန်မတို့အဖွဲ့ရဲ့ စေတနာတွေကြောင့် သာသာယာယာနဲ့ အိမ်အပြန်ခရီးမှာတော့ လူတိုင်းမလုပ်နိုင်တဲ့ ပရဟိတဆိုတဲ့ အများအကျိုးကို ဆောင်ရွက်နေတဲ့ ကျွန်မတို့ 'အောင်ပန်းမြိုင်' လူမှုကူညီရေးအဖွဲ့ဝင်တွေရဲ့ မေတ္တာစေတနာအပြည့်ဖြင့် ကူညီခဲ့ကြတဲ့အတွက် တစ်ဖက်သားမှာ ကြည်နူးမှုရသလို ကျွန်မတို့အားလုံးရဲ့ ရင်ထဲမှာလည်း ပေးဆပ်မှုအတွက် ကြည်နူးရတဲ့ ခံစားမှုမျိုး ထပ်တူရှိနေကြမှာပါ။ ရှေ့ဆက်ပြီးတော့လည်း အများအတွက် ပေးဆပ်နေကြမယ့် ကျွန်မတို့ 'အောင်ပန်းမြိုင်' လူမှုကူညီရေးအဖွဲ့ဝင်တွေရဲ့ အိမ်အပြန်ခရီးဟာ မိုးအေးအေးနဲ့ အေးချမ်းသာယာလျက်---------။



ရထားရဲတပ်ဖွဲ့ အမှတ်(၁၉)တပ်ခွဲ လက်ပံတန်းမှတပ်ခွဲမှူး ဒုတိယရဲမှူး ဖိုးဆယ် ဦးစီးတပ်ဖွဲ့ဝင်များနှင့် အမှတ်(၆၉)အဆန်ကြည့်မြင်တိုင်-လက်ပံတန်း ရထားလုံခြုံရေးအဖွဲ့တို့မှ စက်တင်ဘာ ၂ ရက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သာယာဝတီဘူတာနှင့် အင်းရွာဘူတာကြားအရောက် အမှတ်(၆၉)အဆန်ရထားဖြင့် လိုက်ပါခဲ့သော ကိုယ်ဝန်ဆောင် ခရီးသည် မနော်စန္ဒာဝင်း(၂၃ နှစ်) လက်ပံတန်းမြို့နယ်နေသူမှ ရထားပေါ်တွင် မိန်းကလေးမွေးဖွားခဲ့သဖြင့် ကူညီဆောင်ရွက်ပေးစဉ်
သန့်ဇော်(ပြန်/ဆက်)

## ရဲလုပ်ငန်းစနစ်ဆောင်ရွက်မှုအသိပညာပေးဆွေးနွေး

**မြိုင် စက်တင်ဘာ ၄**

ပြည်သူလူထုပူးပေါင်းပါဝင်သော ဝန်ဆောင်မှုကိုရှေးရှုသည့် ရဲလုပ်ငန်းစနစ်ဆောင်ရွက်မှုအသိပညာပေးဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး ဗဟင်းနယ်မြေရဲစခန်းတွင် စက်တင်ဘာ ၂ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ထန်လျှန်မန်းက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်သည်များ၊ တရားဥပဒေစိုးမိုးရေးပညာပေးဆွေးနွေးခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်တွင် ရဲတပ်ဖွဲ့ကပြုပြင်ပြောင်းလဲရေးအပိုင်းများနှင့် ပြည်သူလူထုက ဆောင်ရွက်ပေးနိုင်ရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာအုပ်စု ၁၄ စုမှ ရပ်မိရပ်ဖအုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူးဒုရဲမှူးတင်မြင့်နှင့် ဗဟင်းရဲစခန်းမှူး ရဲအုပ်ဌေးကျော်တို့က ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**စိန်မြိုင် (မြိုင်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

❊ *ကျောဖုံးမှ*

**သီးခြားတွေ့ဆုံ**

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် ဘရူနိုင်းဘုရင်၏ မိဖုရားတို့သည် ဘုရင့်နန်းတော်အတွင်း၌ သီးခြားတွေ့ဆုံခဲ့ကြသည်။

**ဘုရင့်အထိမ်းအမှတ်ပြတိုက် လေ့လာ**

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် Royal Regalia ဘုရင့်အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယနေ့ နံနက်ပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူများနှင့်အတူ ဘရူနိုင်းနိုင်ငံ၏ မြို့တော်ရှိ အစ္စလာမ်ဘာသာဝတ်ပြုကျောင်း Masjid Sultan Omar Ali Saifuddin သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး **(ယာပုံ)**ဘန်ဒါဆရီဘီဂါဝန်အနီး Kampong Ayer ရေပေါ်ရွာသို့ သွားရောက်ကာ Kampong Ayer Cultural and Tourism Gallery သို့ ရောက်ရှိလေ့လာကြသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။**



သတင်းစာရှင်းလင်းပွဲအပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကျင်းပရေး ပူးတွဲကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို ဆက်လက်ကျင်းပစဉ်

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေးပူးတွဲကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် စိုင်းကျော်ညွန့်တို့က ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ညီလာခံကျင်းပမှုကို တိုက်ရိုက်ထုတ်လွှင့်သည့်အတွက် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အသီးသီး၏ ရပ်တည်ချက်ကို နိုင်ငံတကာနှင့် ပြည်သူအားလုံး ပွင့်လင်းမြင်သာစွာ သိရှိခွင့်ရခဲ့ကြောင်း၊ အနာဂတ်တွင် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုသွားရန်၊ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးမှုဖြင့်သာ အဖြေရှာရန် အားလုံးက သဘောတူခဲ့ကြောင်း၊ နှစ်ပေါင်း ၆၀ ကျော်အတွင်း တိုင်းရင်းသားများ၏ သဘောထားရပ်တည်ချက်များကို ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ်ပြောကြားခွင့်ရခဲ့ကြောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေး ပူးတွဲကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ပြီး အစိုးရအစုအဖွဲ့မှ ၁၅ ဦး၊ EAO အစုအဖွဲ့မှ ၁၅ ဦး၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ ၁၃ ဦး တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## သတ်မှတ်အမြန်နှုန်းကျော်လွန်မောင်းနှင်သော မော်တော်ယာဉ် ၁၈ စီး အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် သတ်မှတ်အမြန်နှုန်း ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များကို ဖမ်းဆီးအရေးယူလျက်ရှိရာ ယနေ့တွင် မော်တော်ယာဉ် ၁၈ စီးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

သတ်မှတ်အမြန်နှုန်းထက် ပိုမိုအရှိန်ပြင်းမောင်းနှင်သော မော်တော်ယာဉ်များကို နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း အရှိန်နှုန်းတိုင်းတာစက်များအသုံးပြု၍ တိုင်းတာ စစ်ဆေးခြင်းကို ပလွေးလမ်းမကြီး၌ ရဲအုပ်ဇော်လှိုင်ထွန်း ဦးစီး၍လည်းကောင်း၊ နေပြည်တော် တိုးဂိတ်(စီလမ်းဆုံ)၌ အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲမှူးရန်နောင်ဝင်း ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များကလည်းကောင်း သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ၁၈ စီးကို ဖမ်းဆီးစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် မော်တော်ယာဉ်စည်းကမ်းတရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

ထိုသို့တရားစွဲတင်ပို့ရာ၌ အရှိန်နှုန်းလွန်ယာဉ် ၁၈ စီးအား နေ့ချင်းပြီး တရားစွဲတင် ဒဏ်ငွေချမှတ် အရေးယူသွားမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး (လေးမျက်နှာ)**

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် ရန်ကုန်မြို့သို့ ရောက်ရှိ



**ရန်ကုန် စက်တင်ဘာ ၃**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာကိုဖီအာနန်သည် အဖွဲ့ဝင်နှစ်ဦးနှင့်အတူ ယနေ့ ညနေ ၃ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာကိုဖီအာနန်သည် ၎င်း၏ ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်နှင့် နေပြည်တော်သို့ သွားရောက်မည်ဖြစ်ပြီး ရန်ကုန်မြို့မှတစ်ဆင့် စက်တင်ဘာ ၉ ရက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြန်လည်တည်ဆောက်ခွင့်မရသေးသည့် မီးဘေးသင့် တောင်ငူမြို့မဈေးကြီး

**တောင်ငူ စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မဈေးကြီးသည် ၂၀၁၄ ခုနှစ်ဖေဖော်ဝါရီ ၁၃ ရက်တွင် မီးလောင်ကျွမ်းခဲ့ရာ ယခုဆိုလျှင် သုံးနှစ်နီးပါးကြာမြင့်နေပြီဖြစ်သည်။ မီးလောင်ခဲ့ခြင်းကြောင့် ဈေးဆိုင်ခန်းပေါင်း ၁၃၆၄ခန်း မီးလောင်ကျွမ်းခဲ့ပြီး ဈေးဆိုင်ခန်းပိုင်ရှင်အချို့သည် စီးပွားပျက်လုနီးပါးဖြစ်ခဲ့ရသည်။ မီးဘေးသင့်ဈေးသူဈေးသားအချို့သည် သမဝါယမဘဏ်လီမိတက် ငွေစုငွေချေးလုပ်ငန်းမှ ငွေထုတ်ချေးခဲ့ပြီး လူနေအိမ်များတွင်လည်းကောင်း၊ ဈေးဝယ်ဖောက်သည်များပျက်စီးသွားမည်စိုးသဖြင့် မီးလောင်ပြင်ဈေးနားပတ်ဝန်းကျင်တွင်လည်းကောင်း၊ ငှားရမ်းပြီးဖြစ်သလို ဈေးရောင်းချနေကြရသည်။ ဈေးကြီးကို မှီခြမ်း၍ အလုပ်လုပ်ကိုင်ကြသည့်နေ့စားဝန်ထမ်းများ၊ အနေးယာဉ်လုပ်သားများသည် အလုပ်လက်မဲ့ဖြစ်ကာ စီးပွားရေး၊ စားဝတ်နေရေး အကျပ်အတည်းဖြင့် ရင်ဆိုင်နေကြရသည်။ ဈေးဆိုင်ခန်းပိုင်ရှင်တစ်ဦးက "ကျွန်မတို့ဆိုင်ခန်း၊ လေးခန်းမီးလောင်တဲ့ အထဲပါသွားတယ်၊ ဘာမှပြန်မရဘူး၊ အစကနေ ပြန်စနေရတယ်၊ အမျိုးတွေဆီကနေ ချေးငှားပြီး အရင်းပြုထားရတယ်၊ ဆိုင်ခန်းကို တစ်လ ငွေကျပ်နှစ်သိန်းနဲ့ငှားပြီး ဆိုင်ပြန်ဖွင့်နေရတာပါ၊ ကျွန်မတို့ အတည်တကျဈေးပြန်ရောင်းချင်ပါတယ်၊ ဒုက္ခရောက်နေလို့ ကျွန်မတို့ ကယ်တင်ရှင်ဘယ်သူလဲ၊ ပုဂ္ဂလိကလား၊ အစိုးရလားဘယ်သူဆောက်ဆောက်ကျွန်မတို့ မျှော်လင့်နေပါတယ်" ဟုရင်ဖွင့်ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်မေ ၁၇ ရက်က သတင်းစာများမှတစ်ဆင့် ဆောက်လုပ်မည့်လုပ်ငန်းရှင်များကို တင်ဒါခေါ်ယူခဲ့သော်လည်း စိတ်ဝင်စားမှု နည်းပါးခဲ့ခြင်းကြောင့် ဆောက်လုပ်မည့်လုပ်ငန်းရှင်မပေါ်ပေါက်ခဲ့ပေ။ ယင်းနောက် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၈ ရက်က အများပိုင်အဆင့်မြင့် ဈေးသစ်ကြီးပြန်လည်တည်ဆောက်ရေး ဆန္ဒမဲခံယူပွဲကို သက်ဆိုင်ရာတာဝန်ရှိသူများရှေ့တွင်ကျင်းပခဲ့ရာ အများပိုင်ကုမ္ပဏီအောင်စည်တီးသံကုမ္ပဏီက အဆင့်မြင့်ဈေးသစ်ကြီးကို တည်ဆောက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနများသို့ ဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားခဲ့သည်။ ထို့နောက် ခေတ်သစ်စနစ်သစ်ကူးပြောင်းသွားပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အစည်းအဝေးများ ပြုလုပ်သော်လည်းအငြင်းပွားမှုပြဿနာများ၊ အလိုမကျမှုများကြောင့် တည်ဆောက်ရန်ကြန့်ကြာနေခဲ့သည်။ တောင်ငူမြို့၏ ပြယုဂ်ဖြစ်သော မြို့မဈေးကြီးကို ခေတ်မီဈေးသစ်ကြီးအဖြစ် အမြန်ပေါ်ထွန်းလာစေရန် မြို့ခံပြည်သူများက ဆန္ဒရှိနေကြသည်။

**သူရ(တောင်ငူ)**

# ရလဒ်က ချက်ချင်းထွက်မှာမဟုတ်ဘူး၊ အားလုံးတစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ သဘောတစ်ခုတည်းဖြစ်အောင် ညှိနှိုင်းရမယ်

**သတင်း - တင်မောင်လွင် ၊ သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - မောင်မွှေး**



နန့်ခင်အေးဦး



ဦးမျိုးသာထက်



ဦးစိုင်းသီဟဇော်



ဦးကိုနီ

နေပြည်တော် စက်တင်ဘာ ၃

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယမြောက်နေ့အဖြစ် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။**

**အဆိုပါငြိမ်းချမ်းရေးညီလာခံတွင် အဖွဲ့အစည်းအသီးသီးမှ တက်ရောက်လာသည့် ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ၎င်းတို့၏ အမြင်နှင့်သဘောထားများကို ဖတ်ကြားတင်ပြခဲ့ကြပြီး ယင်းတင်ပြချက်များအပေါ် တက်ရောက်လာသူတချို့၏ အမြင်များကို တွေ့ဆုံမေးမြန်းခဲ့သည်။**

**နန့်ခင်အေးဦး(ကရင်ပြည်သူ့ပါတီ)**

**မေး ။ ဒီနေ့ကျင်းပတဲ့ ညီလာခံမှာ အန်တီ့အနေနဲ့တင်ပြခဲ့တဲ့ သဘောထားနဲ့ပတ်သက်ပြီး ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ ။ ကျွန်မတို့ ကရင်အမျိုးသားအဖွဲ့အစည်းတွေက နဂိုကတည်းက KUPC ဆိုတဲ့ အဖွဲ့လေးကို ငြိမ်းချမ်းရေး လုပ်ငန်းတွေမှာ အထောက်အကူဖြစ်စေဖို့ ၂၀၁၁ ခုနှစ်လောက်က လက်မှတ်ရေးထိုးပြီး ၂၀၁၂ ခုနှစ်မှာ ဖွဲ့စည်းခဲ့ပါတယ်။ KNU ပါတယ်။ DKBA ပါတယ်။ နောက်ပြီးတော့ ငြိမ်းချမ်းရေးကောင်စီလည်းပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ပါပါတယ်။ နောက် ဘာသာရေးအဖွဲ့အစည်းတွေလည်းပါတယ်။ ကျွန်မတို့ CBS တို့ CSO တို့ က လူတွေလည်း ပါပါတယ်။ နောက်ပြီး အဲဒီအချိန်က ဝန်ကြီးတွေလည်းပါတယ်။ လွှတ်တော်အမတ်တွေပါတယ်။ ဒါမှသာ လူထုရဲ့အသံတွေ၊ အလွှာအသီးသီးက အသံတွေကို ကြားရမှာဖြစ်ပါတယ်။ အဲဒီအချိန်ကတည်းက ငြိမ်းချမ်းရေးညီလာခံတွေ စလုပ်နေပါပြီ။ ပြီးခဲ့တဲ့ မေလက ကရင်အမျိုးသားတွေ စုပေါင်းပြီးတော့ အစည်းအဝေးလေးတစ်ခု ကျင်းပပါတယ်။ အဲဒီမှာ ကျွန်မတို့အရပ်သားဘက်က နိုင်ငံရေးနဲ့ ပတ်သက်ပြီး ခံယူချက်တွေ၊ ကရင်တွေရဲ့ လိုလားချက်တွေကို တင်ပြတယ်။ လက်နက်ကိုင်အဖွဲ့တွေကလည်း တင်တယ်။ အဲဒါတွေကို ပေါင်းပြီးတော့ ကျွန်မတို့ နိုင်ငံရေးပါတီက ပြောပေးပါဆိုပြီး တော့ဖြစ်လာပါတယ်။ အခုညီလာခံက ပထမဦးဆုံးလည်း ဖြစ်တယ်။ နောက်ပိုင်းမှာ ဆက်သွားရမှာဖြစ်တဲ့အတွက် ကျွန်မတို့ အသေးစိတ်သွားမှာဖြစ်ပါတယ်။ အခုကတော့ ဘာအရင်စလုပ်ရမလဲဆိုတာကို အရင်ဆုံးဆွေးနွေးသွားတာဖြစ်ပါတယ်။

**မေး ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကနေ ဘယ်လိုရလဒ်ကောင်းတွေထွက်ပေါ်လာမလဲဆိုတာကို သုံးသပ်ပြောကြားပေးပါဦး။**

ဖြေ ။ အခုလောလောဆယ် ကျွန်မထင်တာက တိုင်းရင်းသားလူမျိုးစုတွေ အားလုံးတွေ့ဆုံကြပြီး ဒီလိုတင်သွင်းခွင့်ရတဲ့အခါမှာ သူတို့ရဲ့ ခံစားချက်လေးတွေ ပြောကြတယ်။ ပြောတဲ့အခါမှာ လူငယ်တွေအများစုက ဘာလုပ်ရမယ်ဆိုတာကိုပဲ ပြောပြီးတော့ နောက်ကြောင်းတွေ ပြန်မနေပါနဲ့လို့ ပြောကြတယ်။ ကျွန်မကတော့ ကြားနေအနေနဲ့ မြင်တာက အရင်တုန်းက ဖြစ်ခဲ့တာတွေကို နမူနာယူပြီးကောင်းအောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့ ကောင်းတဲ့ဘက်က လုပ်ဆောင်ဖို့ပဲ ရည်ရွယ်ပါတယ်။ ကျန်တဲ့အဖွဲ့တွေ အားလုံးကလည်း ငြိမ်းချမ်းရေးဆိုတာကိုပဲ ဦးတည်ထားတော့ ဖြစ်လာမှာပါ။ သို့သော်လည်း အချိန်ကာလတစ်ခုတော့ စောင့်ရမှာဖြစ်ပါတယ်။

ဖြေ ။ ညီလာခံတစ်ခုလုံး NCA ထိုးထားတဲ့သူရော၊ မထိုးရသေးတဲ့သူတွေရော အကုန်လုံး ဒီမှာလာမယ်။ စပြီး စကားပြောကြမယ်။ ရလဒ်ကတော့ အခုချက်ချင်းထွက်မှာ မဟုတ်ဘူး။ နှစ်ပေါင်း ၆၀ ကျော်က ပြဿနာကြီးကို ချက်ချင်းတော့ ရှင်းလို့ရမှာမဟုတ်ဘူး။ ကျွန်တော်တို့ကတော့ အကောင်းဘက်ကိုပဲ မျှော်လင့်ပါတယ်။ အားလုံးတစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ သဘောတစ်ခုတည်းဖြစ်အောင်တော့ ညှိနှိုင်းရမယ်။ မကြာခင်တော့ ကောင်းမွန်တဲ့အဖြေတစ်ခုရလာမယ်လို့ ကျွန်တော်ထင်တယ်။ ညီလာခံတစ်ခုလုံး ခြုံပြောရရင် အနေနဲ့အမြန်တော့ ကျွန်တော်တို့ လိုချင်တဲ့ ငြိမ်းချမ်းရေး ပန်းတိုင်ရောက်မယ်လို့ ထင်ပါတယ်။

ဒီနေ့ဆိုလည်း ညီလာခံမှာ ကိုယ်စားလှယ်တွေကလည်း ဖြစ်ချင်တာတွေကို အချိန် ၁၀ မိနစ်အတွင်းမှာ တင်ပြကြတယ်။ လိုချင်တာတွေကတော့ များတယ်။ တချို့အရာတွေက ချက်ချင်းလုပ်လို့မဖြစ်နိုင်ဘူး။ တချို့ကိစ္စတွေကအများနဲ့ ညှိနှိုင်းရမယ့် ကိစ္စတွေရှိတယ်။ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး။ တိုင်းရင်းသား ခေါင်းဆောင်တစ်ဦး ပြောသွားတာဆိုရင် သဘောကျဖို့ကောင်းတယ်။ ပါးစပ်ပါရုံနဲ့၊ စိတ်ထဲဖြစ်ချင်တာတွေ လာဖတ်ပြ၊ အများသိအောင် ပြောပြတာထက်စာရင် စိတ်တူ၊ သဘောတူနဲ့ အားလုံးညီတဲ့ ဆုံးဖြတ်ချက်ချနိုင်တဲ့ ဦးနှောက်တွေ ပါလာဖို့ လိုပါတယ်။ ဒါမှသာ ကျွန်တော်တို့အားလုံး သဘောတူညီတဲ့၊ အကျိုးခံစားခွင့်တွေရနိုင်မယ့် ရလဒ်မျိုး ထွက်ပေါ်လာမယ် ထင်ပါတယ်။

**မေး ။ ကိုယ်စားလှယ်တွေတင်ပြကြတဲ့ သဘောထားတွေက များလွန်းတယ်။ မြင့်လွန်းတယ်လို့ သိရတယ်။ အဲ့ဒါတွေအားလုံး အောင်မြင်နိုင်မလားဆိုတာ ဆရာ့အနေနဲ့ သုံးသပ်ပြောပေးပါဦး။**

ဖြေ ။ တချို့ကတော့ လိုချင်တာတွေ များကြတာပေါ့။ ရည်မှန်းချက်တွေကလည်း မြင့်ထားကြတယ်။ ညှိနှိုင်းဆွေးနွေးသွားရမယ့် ကိစ္စဖြစ်တဲ့အတွက် ညှိနှိုင်းမှုမှာတော့ အင်္ဂလိပ်လို Bargain ပေါ့။ တချို့က လိုချင်တာကို မြင့်မြင့်တင်ထားတာပေါ့။ ဘယ်အချိန်မှာ ပြေလည်သွားမလဲဆိုရင် အားလုံး သဘောတူညီချက်ရတဲ့အချိန်မှာတော့ လိုချင်သလောက် ရချင်မှရမယ်။ တချို့ဆိုလည်း မတောင်းဆိုဘဲနဲ့ ပိုရသွားတာမျိုးလည်း ရှိနိုင်တယ်။ အဓိကကတော့ တိုင်းရင်းသားတစ်မျိုးမျိုးကို ကိုယ်စားမပြုဘဲနဲ့ ကျွန်တော်တို့အားလုံးနဲ့ ဆိုင်တဲ့ဟာမျိုးကို တင်ပြသွားရင် ပိုကောင်းပါတယ်။ တိုင်းရင်းသားတစ်မျိုးမျိုးကို ကိုယ်စားပြုပြီး လိုချင်တာတွေ ပြောနေမယ်ဆိုရင် ပြီးမှာမဟုတ်ဘူး။ တိုင်းရင်းသားတွေက များတဲ့အတွက်ကြောင့် လိုချင်တာတွေလည်း များလာမှာပါ။ အားလုံး၊ နိုင်ငံတစ်ခုလုံး၊ ပြည်ထောင်စုတစ်ခုလုံးကို လွှမ်းခြုံတဲ့ ရည်မှန်းချက်ပန်းတိုင်ထားမှသာ အဆင်ပြေမယ်လို့ ထင်ပါတယ်။ တိုင်းရင်းသားအားလုံးနဲ့ဆိုင်တဲ့နိုင်ငံမှာ တိုင်းရင်းသားအားလုံးရဲ့ သဘောအမြင်တွေကို ပြောခွင့်ရှိပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီရဲ့ သဘောထားအမြင်တွေကတော့ ဖြစ်နိုင်မယ်မဟုတ်ဘူးလို့ ထင်ပါတယ်။

**ဦးမျိုးသာထက်**

**သတင်းစာဆရာ**

**မေး ။ ငြိမ်းချမ်းရေးညီလာခံကနေ ထွက်ပေါ်လာမယ့် ရလဒ်နဲ့ ညီလာခံနဲ့ပတ်သက်ပြီး ကိုယ်စားလှယ်တွေရဲ့ ဒီနေ့ ဖတ်ကြားတင်သွင်းခဲ့တဲ့အပေါ် ဆရာရဲ့အမြင်လေးကို သုံးသပ်ပြောပေးပါဦး။**

**ဦးစိုင်းသီဟဇော်**

**ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်**

**မေး ။ ကိုယ်စားလှယ်အဖွဲ့တွေ တင်ပြသွားကြတဲ့ သဘောထားတွေနဲ့ပတ်သက်ပြီး ဘယ်လောက်အထိ အကောင်အထည်ဖော်နိုင်မလဲဆိုတာ သုံးသပ်ပေးပါဦး။**

ဖြေ ။ ဒီနေ့ကျင်းပတဲ့ ငြိမ်းချမ်းရေးညီလာခံအပေါ် ကျွန်တော့်အမြင်ပြောရရင် လောလောဆယ်မှာတော့ အဖွဲ့အစည်းအသီးသီးရဲ့ သဘောထားအမြင်တွေကို လွတ်လွတ်လပ်လပ်နဲ့ တင်ပြကြတာ ငြိမ်းချမ်းရေး ညီလာခံထက် ပိုပြီးပွင့်ပွင့်လင်းလင်းပြောနိုင် ဆိုနိုင်တာကို တွေ့ရတယ်။ အဖွဲ့အစည်းအသီးသီးကလည်း သူတို့ဖြစ်လိုတဲ့ ဆန္ဒတွေကို ထုတ်ဖော်ပြောကြားကြတယ်။ အဲဒီအပေါ်မှာ ဘယ်လောက်အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မလဲဆိုတာကတော့ နောက်ထပ်အသေးစိတ်ဆွေးနွေးမယ့် ပွဲတွေမှာ ပြောလို့ရပါမယ်။ အခု ဒီညီလာခံကတော့ ကိုယ့်အဖွဲ့အစည်းအသီးသီးရဲ့ အမြင်သဘောထားတွေကို ပွင့်ပွင့်လင်းလင်းပြောတဲ့ပွဲလို့ပဲမြင်တယ်။

**မေး ။ ကိုယ်စားလှယ်တချို့ရဲ့ တင်ပြချက်တွေအပေါ်မှာလည်း တင်ပြသင့်ထာထက် ပိုများနေတယ်လို့ ဝေဖန်ပြောဆိုမှုကိုလည်း ကြားသိနေရပါတယ်။ အဲ့ဒီအပေါ်မှာရော ဆရာ ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ လောလောဆယ် ဒီပွဲကတော့ ကျွန်တော့်အမြင် ဖွင့်ပွဲသဘောမျိုးနဲ့ လုပ်တဲ့ပွဲပါ။ ကနဦးအစလိုပဲ မြင်တယ်။ ဒါကြောင့်မို့ ဒီပွဲကို အမိအရဆုပ်ကိုင်ထားပြီးတော့ ပြောချင်တဲ့အရာတွေကို ပြောလိုက်ကြတာပဲ။ တကယ်တော့ နောက်ခြောက်လကြာပြီး ဆက်ကျင်းပမယ့် အမျိုးသားအဆင့်ပွဲတွေမှာကျတော့ တကယ့်နည်းလမ်းကောင်းတွေကို ရှာဖွေပြီးတော့မှ ထုတ်ဖော်ပြီး တစ်ဆင့်ချင်းသွားရမယ့် ကိစ္စတွေဖြစ်ပါတယ်။ ကဏ္ဍအလိုက်၊ ဒေသအလိုက်ဆွေးနွေးရမယ့် အပိုင်းတွေမှာ အသေးစိတ်ပိုပြီး ဖြစ်လာနိုင်ပါတယ်။ နောက်ပိုင်းမှာ ဆွေးနွေးချက် ရလဒ်တွေဟာ နောင်တစ်ချိန် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတဲ့အဆင့်ထိကို သယ်သွားနိုင်ဖို့ အခြေခံအချက်တွေဖြစ်ဖို့ လိုအပ်ပါတယ်။ အခုကတော့ အမြင်သဘောထားဆိုတာ အားလုံးဆန္ဒရှိသလို ပြောနေကြတာဖြစ်တယ်။ ဒါပေမယ့် တကယ့် ပွိုင့်အလိုက် အချက်အလက်တွေကို ကဏ္ဍအလိုက် ဖွဲ့စည်းပုံကိုဘယ်လိုရေးမလဲ၊ နိုင်ငံတော်ကို ဘယ်လိုတည်ဆောက်ကြမလဲ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးပိုင်းတွေမှာ ဘယ်လိုကဏ္ဍတွေခွဲမလဲ၊ လုပ်ကြမလဲဆိုတဲ့ အသေးစိတ်တွေကို တရားဝင်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ရေးမှသာ အလုပ်က ပြီးမြောက်မှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံပြီးမှ အလုပ်က ပြီးမြောက်မယ်လို့ ကျွန်တော်က ပြောတာပါ။ ဖွဲ့စည်းပုံဆိုတာ ဒီအတိုင်းပဲအတည်ဖြစ်မယ်လို့တော့ ရချင်မှ ရမှာပေါ့။ တခြားနိုင်ငံတွေမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဆင့်ကဲဆင့်ကဲ ပြင်ဆင်ရင်းနဲ့ နှစ်ပေါင်းရာချီလာတဲ့အချိန်မှာ တကယ်ကောင်းမွန်တဲ့ အဆင့်အတန်းအထိ ရောက်လာတယ်။ ကျွန်တော်တို့ဆီမှာက ခုချက်ချင်းကြီး အားလုံးပြည့်စုံတဲ့အဆင့်အထိ ရောက်ဖို့ အချိန်တော့ယူရပါဦးမယ်။ ဒါပေမယ့် အနီးစပ်ဆုံးအများ သဘောတူညီနိုင်တဲ့ အခြေအနေတစ်ခုလောက်ထိ ဖြစ်အောင် လုပ်နိုင်မှာဖြစ်ပါတယ်။ အဲဒီလိုလုပ်နိုင်ပါမှ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးကို ရရှိမယ်။ ဒီလိုပဲလုပ်ရင်းနဲ့ လုံးဝငြိမ်းချမ်းရေး မရသေးရင်တောင်မှ အများစုသဘောတူလက်ခံတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခု ပြန်လည်ရေးဆွဲနိုင်ဖို့တော့ လိုအပ်ပါတယ်။ အခုအချိန်မှာ တပ်မတော်ဘက်ကလည်း ပူးပေါင်းပါဝင် ဆွေးနွေးလာတာတွေ့ရပါတယ်။

**ဦးကိုနီ**

**တရားလွှတ်တော်ရှေ့နေ**

**မေး ။ အခုညီလာခံမှာ တက်ရောက်မဆွေးနွေးတဲ့ အဖွဲ့သုံးဖွဲ့ ရှိတယ်လို့ သိရတယ်။ အဲ့ဒီအဖွဲ့တွေအပေါ်မှာ ဆရာရဲ့ အမြင်သဘောထားလေးကို သိချင်ပါတယ်။**

ဖြေ ။ အားလုံးပါရင်တော့ အကောင်းဆုံးလို့ ကျွန်တော်မြင်ပါတယ်။ ဒါကတော့ မေးစရာမလိုအောင် ရှင်းပါတယ်။ ငြိမ်းချမ်းရေးဆိုတာ အဖွဲ့အစည်းတွေအားလုံးပါမှ အဓိပ္ပာယ်ရှိပါတယ်။ တစ်ယောက်တစ်ဖွဲ့ကျန်နေရင် ငြိမ်းချမ်းရေးရဖို့ခက်ပါတယ်။ အကုန်လုံး ပါဝင်သင့်ပါတယ်။ နောက်အစည်းအဝေးတွေမှာတော့ ပါလာလိမ့်လို့ ကျွန်တော်ထင်ပါတယ်။ အဲ့ဒီလက်မှတ်မထိုးတဲ့ အဖွဲ့တွေ ဆက်ပြီးတော့ ညှိနှိုင်းနေတယ်လို့ ကျွန်တော်သတင်းတွေ ကြားပါတယ်။

**မေး ။ မနေ့က ကျင်းပတဲ့ ညီလာခံမှာ သဘောထားအမြင် တင်ပြကြတဲ့အထဲမှာ တိုင်းရင်းသားအဖွဲ့ အချို့က တောင်းဆိုမှုတွေ များလွန်းနေတယ်လို့ ဝေဖန်မှုတွေနဲ့ပတ်သက်ပြီး ဆရာ့အမြင်လေးကို သိပါရစေ။**

ဖြေ ။ သဘောထားတင်ပြတာကတော့ အားလုံးမှာ လွတ်လွတ်လပ်လပ်တင်ပြခွင့်ရှိပါတယ်။ ဆုံးဖြတ်ချက်မှု မဟုတ်တာ။ သဘောထားတင်ပြတာလောက်နဲ့တော့ ညီလာခံကို ထိခိုက်မှာမဟုတ်ပါဘူး။ တချို့ကလည်း နည်းပညာသဘောအရ များများလေးတောင်းလိုက်တာပါ။ အမြင့်ကို မှန်းထားရင် တစ်ဝက်လောက်လည်း ရချင်ရမယ်။ နည်းနည်းလည်း ရချင်ရမယ်။ ဒါကို ရရမယ်ဆိုတဲ့ စိတ်နဲ့တော့ ဆွေးနွေးပွဲလုပ်လို့ မရပါဘူး။ အလျှော့အတင်း အပေးအယူဆိုတာရှိပါတယ်။ ကျွန်တော်တို့က အားလုံးကောင်းအောင်၊ အားလုံးအဆင်ပြေအောင် လုပ်ရမှာပါ။ ဒါမှ တစ်တိုင်းပြည်လုံးအဆင်ပြေမယ်။ ကျွန်တော်တို့ လိုချင်တဲ့ ပန်းတိုင်ကိုရောက်မှာဖြစ်ပါတယ်။

## အခွန်အကြောင်း သိကောင်းစရာ ဟောပြော

**ရန်ကုန် စက်တင်ဘာ ၃**

ပြည်တွင်းအခွန်များဦးစီးဌာန ကြည့်မြင်တိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အခွန်ဆောင်ရန်အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲနှင့် စည်ပင်သာယာရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ်လ နောက်ဆုံးပတ်က ကြည့်မြင်တိုင် လဟာပြင် ညဈေး ဈေးရုံအပေါ်ထပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဘလှိုင်နှင့် တာဝန်ရှိသူများက အခွန်ဆိုင်ရာ အကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ သုံးလတစ်ကြိမ် လွှဲပြောင်းပေးအပ်ရန်ရှိသည့် ဝင်ငွေခွန် ၅ ရာခိုင်နှုန်း ငွေကျပ် ၃၇၇၅၇၄၇၂ ကို ပေးအပ်သည်။

**ဘော်ဂါသွေး**

## မိုးထစ်ချုန်းရွာပြီး နေရာကွက်မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၃**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်လည်းကောင်း မိုးကြီးနိုင်သည်။

**(မြန်မာ့အလင်း)**

## အလေးထားဖွယ် မြန်မာစာအရေးအသား ခေါင်းစဉ်ဖြင့် ဟောပြောမည်

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်း နက္ခတ်တာရာပြခန်းအနီးရှိ The Yangon Gallery ၌ စက်တင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒေါက်တာ ဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ)က "အလေးထားဖွယ် မြန်မာစာအရေးအသား"ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်း စာပေချစ်သူ မည်သူမဆို တက်ရောက် လေ့လာမှတ်သားနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ဇီကာဗိုင်းရပ်စ်ရောဂါပိုးဆိုသည်မှာ ရောဂါပိုးသယ်ဆောင်ထားသည့် အေးဒီးစ်ခြင်ကျား ကိုက်ခံရခြင်းမှ ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်သော ရောဂါတစ်မျိုးဖြစ်ပါသည်။ အဆိုပါ ရောဂါပိုးကို ၁၉၄၇ ခုနှစ်ကတည်းက ယူဂန္ဓာနိုင်ငံရှိ မျောက်များတွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ယူဂန္ဓာနိုင်ငံနှင့် တန်ဇန်နီးယားနိုင်ငံတို့၌ လူသို့ ကူးစက်မှုရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံပေါင်း ၇၂ နိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားခဲ့ပါသည်။ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံတို့တွင်လည်း ဇီကာဗိုင်းရပ်စ်ရောဂါများ ကူးစက်ဖြစ်ပွားလျက်ရှိပါသည်။

ဇီကာဗိုင်းရပ်စ် သယ်ဆောင်ထားသော အေးဒီးစ်ခြင်ကျားသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသည်။ ရေလှောင်ထားသော အိုး၊ ခွက်၊ တိုင်ကီ၊ ပန်းအိုး၊ ရေတင်ကျန်လျက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကားတာယာ၊ ပလတ်စတစ်ခွက် စသည်တို့တွင် တွေ့ရသည်။ နေ့ဘက်အချိန်တွင် လူကိုကိုက်ခြင်းမှတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားစေပါသည်။

ခြင်ကိုက်ခံရပြီး နှစ်ရက်မှ ခုနစ်ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားလာနိုင်ပါသည်။ ရောဂါကူးစက်ခံရသူ ငါးဦးတွင် တစ်ဦး၌ ရောဂါလက္ခဏာများ ပြသနိုင်ကြောင်း သိရှိရပါသည်။ အဓိကလက္ခဏာများမှာ ဖျားခြင်း၊ အရေပြားပေါ်တွင် အနီစက်များထွက်ခြင်း၊ မျက်စိနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့်အဆစ်များ နာကျင်ခြင်းတို့ ဖြစ်တတ်ပါသည်။ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကူးစက်ဖြစ်ပွားခြင်း နောက်ဆက်တွဲအဖြစ် ကိုယ်ဝန်ဆောင်မိခင်များတွင် ဇီကာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံရပါက ဦးနှောက်သေးငယ်သော ကလေးငယ်များမွေးဖွားလာနိုင်ပါသည်။

ဇီကာဗိုင်းရပ်စ်ရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါ။ ရောဂါလက္ခဏာ သက်သာရန်အတွက်သာ ကုသပေးနိုင်ပါသည်။ ရောဂါကူးစက်ခံရပါက အနားယူခြင်း၊ ရေလုံလောက်စွာသောက်သုံးခြင်း၊ ပါရာစီတမောကိုသာ အညွှန်းအတိုင်း သောက်သုံးခြင်း၊ ဆေးမြီးတိုများနှင့် အခြားအကိုက်အခဲပျောက်ဆေးများ သောက်သုံးခြင်းကို ရှောင်ကြဉ်ခြင်းနှင့် ဇီကာရောဂါလက္ခဏာများ တွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသ၍ စစ်ဆေးကုသမှုခံယူရန် လိုအပ်ပါသည်။

ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် အကောင်းဆုံးကာကွယ်နည်းမှာ ခြင်ကျားပိုးလောက်လမ်းနှိမ်နင်းရေးနှင့် ခြင်ကိုက်မခံရအောင် နေထိုင်ရေးဖြစ်ပါသည်။ အိမ်တိုင်း၊ ကျောင်းတိုင်း၊ ဌာနတိုင်း၌ ခြင်ကျားလောက်လမ်းတစ်ကောင်မျှ မရှိစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။

**ဖုံး** - ရေလှောင်ထားသောအိုး၊ ခွက်များတွင် ခြင်များဝင်ရောက် မဥနိုင်ရန်အတွက် လုံခြုံစွာဖုံးအုပ်ထားရန်၊

**သွန်** - အိုး၊ ခွက် နံရံတွင် ကပ်နေသော ခြင်ဥများ သေစေရန်အတွက် အိုးခွက်များ၏ အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြောရန်၊ ခြင်ကျားလောက်လမ်းတွေ့ရှိသော ရေများကို သွန်ပစ်ရန် သို့မဟုတ် အခြားအိုးထဲသို့ ရေစစ်ဖြင့် ပြောင်းထည့်ရန်၊

**လဲ** - ပန်းအိုး၊ နတ်အိုးများ၏ အတွင်းပိုင်းကို တိုက်ချွတ်ဆေးကြော၍ ရေများကို တစ်ပတ်နှစ်ကြိမ် လဲလှယ်ရန်၊

**စစ်** - ခြင်ကျားလောက်လမ်းများမပါစေရန် ရေဖြည့်သည့်အခါ ရေစစ်ဖြင့် စစ်ထည့်ရန်၊

**လောင်း** - ရေထည့်ထားသော ကြောင်အိမ်အောက်ခံခွက်များနှင့် ရေမြောင်းများတွင် ဒီဇယ်ဆီ သို့မဟုတ် စက်ဆီဟောင်းများ လောင်းထည့်ရန်၊

**ထောင်** - ဘယ်အချိန်အိပ်အိပ်၊ ဘယ်နေရာအိပ်အိပ် ခြင်ထောင်ထောင်အိပ်ရန်၊ တတ်နိုင်ပါက ဆေးစိမ်ခြင်ထောင်အသုံးပြုရန်၊

**မြှုပ်** - အသုံးမပြုတော့သော ရေတင်ကျန်နိုင်သည့် စွန့်ပစ်ပစ္စည်းများကို မြေမြှုပ်ရန်၊

**ရှင်း** - အိမ်အတွင်း၊ အပြင်၌ ခြင်များမခိုအောင်းနိုင်စေရန် ချုံများကို ရှင်းလင်းပြီး သန့်ရှင်းစွာထားရန်၊

**ဖွင့်** - အလင်းရောင်ရရန် ပြတင်းပေါက်များကိုဖွင့်ထားရန်၊

**မှုတ်** - လူနာရှိ၍ ကျန်းမာရေးဌာနမှ ဆေးမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်ပါက ပူးပေါင်းပါဝင်ကူညီကြရန်။

ထို့အပြင် ခြင်ကိုက်မခံရစေရန် ခြင်ဆေးလိမ်းခြင်း၊ အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊ နေအိမ်၌ ခြင်လုံဆန်ခါ တပ်ခြင်းစသည်တို့ကိုလည်း ဆောင်ရွက်သင့်ပါသည်။ မိမိဌာန၊ နေအိမ်နှင့် စာသင်ကျောင်းတို့ရှိ ရေသိုလှောင်ထားသော အုတ်ကန်၊ ရေတိုင်ကီ စသည်တို့၌ ခြင်ကျားလောက်လမ်းသေဆေး အဘိတ် (Abate) ဆေးခတ်ခြင်းအား ကျန်းမာရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့်လည်း ရောဂါကူးစက်ခြင်းမှ ကာကွယ်ရန်၊ ဇီကာဗိုင်းရပ်စ်ရောဂါ လက်ရှိဖြစ်ပွားလျက်ရှိသောအခြားနိုင်ငံများသို့ ခရီးသွားလာခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

ခြင်ကျားလောက်လမ်းတစ်ကောင်မျှ မရှိစေရေးအတွက် အထက်ဖော်ပြပါ ဖုံး၊ သွန်၊ လဲ၊ စစ် စသည့် ခြင်ကျားပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများကို လူတိုင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဇီကာဗိုင်းရပ်စ်ရောဂါအပါအဝင် သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုများမရှိအောင် ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ရွှေလှေချောင်ကျေးရွာ တိုးမြစ်ရေတိုက်စား၍ ကမ်းပါးများပြိုကျ ကမ်းထိန်းနံရံပြုလုပ်ရန် ဒေသခံများ လိုလား

**တွံတေး စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေလှေချောင်ကျေးရွာသည် တိုးမြစ်-မအူပင်မြစ်နှင့် တွံတေးတူးမြောင်းတို့၏ ရေစွယ်ထိုးမှုကြောင့် စက်တင်ဘာ ၂ ရက်အထိ ကမ်းပါးများ ဆက်တိုက်ပြိုကျနေကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

အဆိုပါ တိုးမြစ်-မအူပင်မြစ်နှင့် တွံတေးတူးမြောင်း ရေစွယ်ထိုးမှုကြောင့် ဇူလိုင် ၂၃ ရက်မှစတင်၍ တဖြည်းဖြည်း ပြိုကျလျက်ရှိသဖြင့် ဒေသခံများက စိုးရိမ်နေကြကြောင်း သိရသည်။

"ကမ်းပြိုကျတာက နေ့စဉ် ဖြစ်နေတယ်။ ဒီထက်ပိုဆိုးလာရင် ဒေသခံတွေအတွက် သက်ဆိုင်ရာက တစ်ခုခုလုပ်ပေးမှ ရတော့မယ်" ဟု ရွှေလှေချောင်ကျေးရွာနေ ဒေါ်နွယ်နီက ပြောသည်။

တိုးမြစ်-မအူပင်မြစ်နှင့် တွံတေးတူးမြောင်း ရေစွယ်ထိုးမှုကြောင့် ဇူလိုင်လ မှ စက်တင်ဘာလအထိ ကမ်းပါးများ ဆက်လက်ပြိုကျခဲ့ပြီး လူနေအိမ်ခြေ ၁၂ လုံးနီးပါး ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။

"ဆက်လက်ပြိုကျမယ်ဆိုရင် လိုအပ်တာကို ကျွန်တော်တို့ဘက်က ကူညီရမှာပါ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ရွှေက ပြောသည်။

ရွှေလှေချောင်ကျေးရွာ၌ လူနေအိမ်ခြေ ၇၄ လုံး၊ လူဦးရေ ၃၅၀ ခန့် နေထိုင်ကြပြီး ကမ်းပါးမပြိုကျရေးအတွက် ကမ်းထိန်းနံရံပြုလုပ်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**





## စစ်ကိုင်းမြို့ မျက်မမြင်ကျောင်း မီးလောင်မှုဖြစ်ပွား

**စစ်ကိုင်း စက်တင်ဘာ ၃**

စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက် နယ်မြေ(၆)ရှိ လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း၌ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီ ၃၈ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုကို စစ်ကိုင်းမြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးသူအောင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ် လေးစီးနှင့် ရေသယ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ **(အပေါ်ပုံ)** မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားရာသို့ ဒုတိယမီးသတ်ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ပြီး ဖြစ်စဉ်မှာ အစည်းအဝေးခန်းမရှိ အမ်ပလီဖိုင်ယာ အပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် လျှပ်စစ်ပစ္စည်းအချို့ မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ကိုင်း မျက်မမြင်ကျောင်းမှ တာဝန်ရှိသူ ဦးဒိုင်ဒိုဒါးလ်အား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## မေတ္တာညွန့်ရပ်ကွက်၌ ခေါက်ဆွဲစက်ရုံ မီးလောင်


**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စက်မှုရတနာလမ်းမကြီး စက်မှု (၃)လမ်းနှင့် (၄)လမ်းကြားရှိ အောင်နိုင်သူအမည်ရှိ ခေါက်ဆွဲစက်ရုံ၌ စက်တင်ဘာ ၃ ရက် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ စက်မှု(၃)လမ်းနှင့် (၄)လမ်းကြား အိမ်အမှတ်(၇၇)ရှိ ဦးဇင်ကို (၂၂ နှစ်) ပိုင်ဆိုင်သော အောင်နိုင်သူအမည်ရှိ ခေါက်ဆွဲစက်ရုံတွင် လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားရာ အောင်နိုင်သူခေါက်ဆွဲစက်ရုံနှင့် အမှတ်(၇၆)ရှိ မီးသွေးဂိုဒေါင်တစ်ဝက်ခန့် မီးလောင်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ အုပ်ချုပ်မှူး ယာဉ် နှစ်စီး၊ မီးသတ်ယာဉ် ၁၀ စီးဖြင့် လာရောက် မီးငြိမ်းသတ်ရာ နံနက် ၃ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်ပြီး ခေါက်ဆွဲစက်ရုံပိုင်ရှင် ဦးဇင်ကိုအား တာမွေမြို့မရဲစခန်းက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လှလှ**



**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

# တရုတ်နိုင်ငံသည် ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ လျှော့ချရေး ပါရီသဘောတူညီချက်ကို သဘောတူ

**ပေကျင်း စက်တင်ဘာ ၃**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် စက်တင်ဘာ ၃ ရက်က အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့်တွေ့ဆုံပြီး အမေရိကန်ပြည်ထောင်စုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံသည် ဖန်လုံအိမ်သဘာဝဓာတ်ငွေ့လျှော့ချရေး ပါရီသဘောတူညီချက်ကို သဘောတူခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ပြင်ဆင်နေစဉ် ထိုသဘောတူညီချက်ကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ဂျီ-၂၀ နိုင်ငံခေါင်းဆောင်များက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတိုက်ဖျက်ရေးကို မူဘောင်တစ်ခုအဖြစ် တစ်ပြိုင်နက်တည်း သဘောတူညီခဲ့ပြီးနောက် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီက စက်တင်ဘာ ၃ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ပါရီသဘောတူညီချက်ကို ၁၉၉၇ ကျိုတို သဘောတူညီချက်နေရာတွင် အစားထိုးရန်အတွက် လွန်ခဲ့သောနှစ်က ကုလသမဂ္ဂရာသီဥတုညီလာခံတွင် နိုင်ငံ့ခေါင်းဆောင်များ ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။



ယင်းဆုံးဖြတ်ချက်ကို အနည်းဆုံး နိုင်ငံ ၅၅ နိုင်ငံကအသိအမှတ်ပြုရမည်ဖြစ်ပြီး ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှု စုစုပေါင်း ၅၅ ရာခိုင်နှုန်း သို့မဟုတ် ယင်းထက်ပိုသောအခြေအနေတွင် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ဂျီ-၂၀ အစည်းအဝေးကို ဟန်ဇူးတွင် တနင်္ဂနွေနေ့နှင့် တနင်္လာနေ့ နှစ်ရက်တိုင်တိုင် လက်ခံကျင်းပမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်သည့် နိုင်ငံဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# အီရတ်တွင် ဗုံးနှစ်လုံးဆက်တိုက်ပေါက်ကွဲရာ လူခြောက်ဦးသေဆုံး



**တီကရစ် စက်တင်ဘာ ၃**

အီရတ်နိုင်ငံမြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်တွင် စက်တင်ဘာ ၃ ရက်က ပေါက်ကွဲမှုနှစ်ခု ဆက်တိုက်ဖြစ်ပွားရာ လူခြောက် ဦးသေဆုံးပြီး ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ဆိုင်ရာလုံခြုံရေးသတင်းအရင်းအမြစ်တစ်ခုက ဆင်ဟွာသတင်းဌာနကို ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၉၀ ခန့်အကွာ ရှီယိုက်တာကိုမန်များ နေထိုင်သည့် ဝန်းကျင်အနီးတွင် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲရာ သေဆုံးသူမရှိကြောင်း အဆိုပါ သတင်းအရင်းအမြစ်က ပြောသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက အဆိုပါပေါက်ကွဲသည့်နေရာတွင် စုဝေးစဉ် မိနစ်အနည်းငယ်အကြာတွင် ပေါက်ကွဲပစ္စည်းဝှက်ထားသည့် ကားတစ်စီး ထပ်မံပေါက်ကွဲမှုဖြစ်ပွားရာ လူခြောက်ဦးသေဆုံးပြီး ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တိုက်ခိုက်ရေးသမားများက ၎င်းတို့၏ ဗျူဟာတစ်ရပ်အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများကို ဆွဲဆောင်ရန် ပထမပေါက်ကွဲမှုကို ဖန်တီးခဲ့ပြီးနောက် လူအများအပြားသေဆုံးမှုကို ဖြစ်ပေါ်စေရန်အတွက် နောက်ထပ်ဖောက်ခွဲမှုတစ်ခုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကာ့ဒ်တပ်ဖွဲ့များ၊ အာရပ်များနှင့် တာကိုမန်များအငြင်းပွားနေသည့်ဒေသများတွင် အဓိကနေထိုင်ကြသည့် အီရတ်ရှီယိုက် တာကိုမန်များက စစ်သွေးကြွအုပ်စုများမှာ ၎င်းတို့ လူနည်းစုအားနေရပ်မှစွန့်ခွာရန် တိုက်ခိုက်မှုများပြုလုပ်နေကြောင်း ပြောသည်။ ၂၀၁၄ ခုနှစ် ဇွန်လတွင် နိုင်ငံ၏ မြောက်ဘက်နှင့် အနောက်ဘက်ဒေသများ၏ အစိတ်အပိုင်းများကို အိုင်အက်စ်တို့က ထိန်းချုပ်မှုရယူပြီးကတည်းက အီရတ်နိုင်ငံသည် အကြမ်းဖက်တိုက်ခိုက်မှု အများအပြားကို ကြုံတွေ့ခဲ့ရသည်။

**(ဆင်ဟွာ)**

# ဆောင်းရာသီတွင် ပိုမိုဆိုးရွားပြင်းထန်သော ရာသီဥတုကို အမေရိကန်နိုင်ငံအနေဖြင့် ခံစားရနိုင်

**ဝါရှင်တန် စက်တင်ဘာ ၃**

ကမ္ဘာ့နေရာအများစုတွင် အပူချိန်အများအပြားခံစားခဲ့ရသော်လည်း တချို့နေရာများတွင် သာမန်အပူချိန်ထက် ပိုမိုအအေးပိုခဲ့ကာ ဖြစ်ရိုးဖြစ်စဉ် မိုးလေဝသပုံစံမျိုးမဟုတ်ဘဲ တစ်မူထူးခြားစွာဖြစ်ပေါ်နေသောကြောင့် ဆောင်းရာသီတွင် ပိုမိုဆိုးရွားပြင်းထန်သော ရာသီဥတုကို အမေရိကန်နိုင်ငံအနေဖြင့် ခံစားရနိုင်ကြောင်း လေ့လာမှုစစ်တမ်းတစ်ရပ်က ဆိုထားသည်။

အမေရိကန်နိုင်ငံတွင် ပုံမှန်အားဖြင့် လွန်ခဲ့သော ဆောင်းတွင်းကာလများတွင် ရာသီဥတုပိုမိုဆိုးရွားခဲ့သော်လည်း အမေရိကန်အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် ကွာခြားမှုများရှိခဲ့ကြောင်း ရာသီဥတုဆိုင်ရာကျွမ်းကျင်သူ နို့ဒစ်ဖန်ဘာ့ချ်က ပြောခဲ့သည်။

ကမ္ဘာကြီးပူနွေးမှုများဖြစ်ပေါ်နေသော်လည်း အအေးပိုမှုများဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း လေ့လာစူးစမ်းသူများကပြောသည်။ ကမ္ဘာကြီးပြင်းထန်စွာရာသီဥတုပြောင်းလဲမှုများအတွက် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ကူဝိတ်နိုင်ငံသားများ အမေရိကန်နိုင်ငံအတွင်းမဝင်ရောက်မီ လက်ကိုင်ဖုန်းများအား စစ်ဆေးကြရန် သတိပေး

**ဒူဘိုင်း စက်တင်ဘာ ၃**

ကူဝိတ်နိုင်ငံသားများ အနေဖြင့် အမေရိကန်သို့ သွားရောက်ရာတွင် ၎င်းတို့၏ လက်ကိုင်ဖုန်းများထဲမှ အစ္စလမ္မစ်စစ်သွေးကြွများနှင့် ပတ်သက်သည့် အချက်အလက်များ မပါဝင်ရေး ဂရုပြုကြရန် ကူဝိတ်အစိုးရက အကြံပြုခဲ့သည်။



ဝါရှင်တန်ရှိ ကူဝိတ်သံရုံး၏ထုတ်ပြန်ချက်အရ အမေရိကန်ရှိ အချို့လေဆိပ်များတွင် ဖုန်းနှင့်ဆက်စပ်ပစ္စည်းများအား စစ်ဆေးနိုင်ကြောင်း ပြောကြားသည်။

အမေရိကန်နိုင်ငံအတွင်းသို့ မဝင်ရောက်မီ အကြမ်းဖက်သမားများနှင့် ဆက်စပ်သည့် အချက်အလက်များမပါဝင်ရေးဂရုပြုကြရန် ကူဝိတ်သံရုံးက သတိပေးထားသည်။ ယခုကဲ့သို့ လုပ်ဆောင်ခြင်းအားဖြင့် ကူဝိတ်နိုင်ငံသားများနှင့် ကျောင်းသားများအနေဖြင့် လေဆိပ်တွင် တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းခြင်းမှ လွတ်ကင်းနိုင်ပြီး ဗီဇာရုပ်သိမ်းခြင်းကဲ့သို့သော အပြစ်ဒဏ်များမှ လွတ်ကင်းနိုင်ကြောင်း ကူဝိတ်နိုင်ငံပိုင် ကူနာသတင်းအေဂျင်စီက ဆိုသည်။

လွန်ခဲ့သောဇူလိုင်လက လော့စ်အိန်ဂျလိစ့်လေဆိပ်တွင် ကူဝိတ်စီးပွားရေးသမားသုံးဦးအား တာဝန်ရှိသူများက ၂၁ နာရီကြာ စစ်ဆေးမေးမြန်းခဲ့သည်။

**(ရိုက်တာ)**

# တိုင်ဖွန်းမုန်တိုင်း နန်သီယမ် ဂျပန်နိုင်ငံ ကျူရှူကျွန်းသို့ ဦးတည်ရွေ့လျား

**တိုကျို အောက်တိုဘာ ၃**

အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းတစ်ခု ဂျပန်နိုင်ငံ ကျူရှူကျွန်းသို့ ဦးတည်ရွေ့လျားနေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဂျပန်မိုးလေဝသနှင့် ဇလဗေဒဌာနက တိုင်ဖွန်းမုန်တိုင်း နန်သီယမ်သည် စက်တင်ဘာ ၄ ရက်တွင် ကျူရှူကျွန်းသို့ ချဉ်းကပ်လာနိုင်ကြောင်း ပြောခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း နန်သီယမ်သည် စက်တင်ဘာ ၃ ရက် ဂျပန်စံတော်ချိန် ည ၉ နာရီခန့်တွင် ရာဇူရှီမာကျွန်းတောင်ဘက် အနောက်မြောက်ယွန်းယွန်း ကီလိုမီတာ ၆၀ အကွာသို့ ဦးတည်နေကြောင်း ဂျပန်မိုးလေဝသနှင့် ဇလဗေဒဌာနက ဖော်ပြခဲ့သည်။ တိုင်ဖွန်းမုန်တိုင်း၏ ဗဟိုချက်မတွင် လေတိုက်နှုန်း တစ်နာရီလျှင် ၁၂၆ ကီလိုမီတာအထိ တိုက်ခတ်နေကြောင်း၊ ယင်းတိုင်ဖွန်းမုန်တိုင်းသည် မြောက်ဘက်သို့ တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနေကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာ ၃ ရက်က တိုင်ဖွန်းမုန်တိုင်း နန်သီယမ်ကြောင့် ကာဂိုရှီမာစီရင်စုတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အကြမ်းဖက်သောင်းကျန်းသူများက ဆီးရီးယားရဟတ်ယာဉ်ကို ပစ်ချ၊ လေယာဉ်မှူးနှစ်ဦးသေဆုံး

**ဒမတ်စကက် စက်တင်ဘာ ၃**

ဟားမားပြည်နယ် အလယ်ပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် ဆီးရီးယားတပ်ဖွဲ့ဝင်များကြား မကြာသေးမီရက်အတွင်းက တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများက ဆီးရီးယားရဟတ်ယာဉ်ကို ပစ်ချခဲ့သဖြင့် လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ကြောင်း ဗြိတိသျှစောင့်ကြည့်ရေးအဖွဲ့၏ သတင်းကို ဆင်ဟွာသတင်းဌာနတွင် စက်တင်ဘာ ၃ ရက် နံနက်က ဖော်ပြခဲ့သည်။

မအမ်နှင့်မာဒက်ဒေသများတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် ဆီးရီးယားတပ်ဖွဲ့တို့ တင်းမာမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ၏ ထိန်းချုပ်ဒေသများသို့ အစိုးရတပ်ဖွဲ့ဘက်မှ သေနတ်များဖြင့် တရစပ်ပစ်ခတ်ခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။

သောင်းကျန်းသူများက ဟားမားပြည်နယ် တင်းမာမှုပဋိပက္ခဒေသအတွင်းရှိ ဆီးရီးယားတပ်ဖွဲ့ဝင်များကို ဖမ်းဆီးထားကြောင်း အခြားတက်ကြွ လှုပ်ရှားသူများက ပြောခဲ့သည်။ ထို့ပြင် သောင်းကျန်းသူများက ဖမ်းဆီးခံဆီးရီးယား တပ်ဖွဲ့ဝင်များထဲမှ နှစ်ဦးကို ခေါင်းဖြတ်သတ်ခဲ့ကြောင်း အွန်လိုင်းသတင်းများတွင် ဖော်ပြသည်။

**(ဆင်ဟွာ)**



# ကမ္ဘာကြီးနှင့်လူသားတို့ရင်ဆိုင်နေရသော သဘာဝပတ်ဝန်းကျင်ပြဿနာများ

**တင်လင်းအောင်**

ကျွန်တော်တို့၏ သဘာဝပတ်ဝန်းကျင်သည် အမြဲမပြတ်ပြောင်းလဲနေသည်ဆိုသည့်အချက်ကို ငြင်းပယ်၍မရချေ။ သဘာဝပတ်ဝန်းကျင်က အမြဲမပြတ်ပြောင်းလဲနေလေလေ သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်လာနိုင်သော ပြဿနာများကိုလည်း သတိထားရလေလေဖြစ်သည်။ ယနေ့ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်များ ပိုမိုအဖြစ်များလာသည်။ ကမ္ဘာကြီးပူလိုက် အေးလိုက်ဖြစ်လာခြင်း၊ ရာသီဥတုပုံစံများ ပြောင်းလဲလာခြင်းနှင့် အခြားသော သဘာဝဘေးအန္တရာယ်များသည် မိခင်ကမ္ဘာကြီးနှင့် ယင်းကမ္ဘာကြီးတွင် မှီတင်းနေထိုင်ကြသော လူသားတို့အား ခြိမ်းခြောက်လျက်ရှိသည်။ ထို့ကြောင့် လူသားတို့နေထိုင်သောကမ္ဘာကြီးသည် မည်သည့်သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရသည်ဆိုသည်ကို ကျွန်တော်တို့လူသားများအနေဖြင့် သတိပြုရမည်ဖြစ်သည်။

ပထမဆုံးအနေဖြင့် ငြင်းလို့မရသည့်အချက်မှာ ကမ္ဘာကြီး ပူနွေးလာခြင်းပင်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာခြင်းသည် ယနေ့ကျွန်တော်တို့လူသားများ ရင်ဆိုင်နေရသော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည်။ သို့သော်လည်း ကမ္ဘာကြီးပူနွေးလာခြင်းသည် ကျွန်တော်တို့လူသားများ ရင်ဆိုင်နေရသော အဓိကပြဿနာကြီးမဟုတ်သေးချေ။ အခြားအခြားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြဿနာအသစ်များ အများအပြားရှိလေသည်။ ယင်းတို့အနက် တချို့သည် ဂေဟစနစ်ကို အနည်းငယ်အကျိုးသက်ရောက်မှုရှိသော်လည်း အခြားအခြားသော သဘာဝဘေးအန္တရာယ်များသည် ကျွန်တော်တို့၏ တောတောင်ရေမြေသဘာဝ အလှတရားများကို လုံးဝပြောင်းလဲလိုက်လေသည်။

ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် ပြင်းထန်သောသဘာဝပတ်ဝန်းကျင်ဘေးဒုက္ခများဖြင့် အမြဲမပြတ်ရင်ဆိုင်လျက်ရှိသည်။ လတ်တလောဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာရပ်များသည် ကျွန်တော်တို့ကို ဘေးဒုက္ခများ၊ ဝမ်းနည်းမှုများ ဖြစ်ပေါ်စေသည်။ ကမ္ဘာဂြိုဟ်ကြီး၏ မြင့်တက်လာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြင့် ဝိုင်းရံစုပုံနေသော အရေးပေါ်အခြေအနေတွင် ယနေ့လူသားများ ရောက်ရှိလျက်ရှိသည်။ လူသားများသည် ယင်းပြဿနာအမျိုးမျိုးကို လျစ်လျူရှုနေလျှင် ပျက်စီးမှုနှင့်ကြုံတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် လတ်တလောအရေးယူဆောင်ရွက်သင့်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖော်ပြလိုက်ရပေသည်။

**ပတ်ဝန်းကျင်ညစ်ညမ်းမှု**

လေထု၊ ရေနှင့် မြေဆီလွှာညစ်ညမ်းခြင်းတို့ကို ပြန်လည်ကောင်းမွန်အောင်ပြုပြင်ရန် နှစ်သန်းပေါင်းများစွာ အချိန်ယူရန် လိုအပ်ပေသည်။ စက်မှုလုပ်ငန်းများနှင့် မော်တော်ယာဉ်များမှ ထုတ်လွှတ်သော မီးခိုးများသည် ညစ်ညမ်းမှုတစ်ခုဖြစ်သည်။ ထို့ပြင် ခဲကဲ့သို့ အလေးချိန်များသော သတ္တုများ၊ နိုက်ထရိတ်များနှင့် ပလတ်စတစ်များသည် ပတ်ဝန်းကျင်ညစ်ညမ်းစေသော အဆိပ်အတောက်များဖြစ်သည်။ ဆီများမှောက်ခြင်း၊ အက်စစ်မိုးရွာခြင်း၊ အဆိပ်အတောက်ဖြစ်စေသောအရည်များ မြစ်ချောင်းများအတွင်းသို့စီးဆင်းခြင်း စသည်တို့သည် ရေထုညစ်ညမ်းစေသည့်အကြောင်းများဖြစ်သည်။ ကျောက်ဖြစ်ရုပ်ကြွင်းများ လောင်ကျွမ်းခြင်း၊ စက်မှုဇုန်များနှင့် စက်ရုံများမှ ထုတ်လွှတ်သည့် မြောက်မြားလှစွာသော ဓာတ်ငွေ့များနှင့် အဆိပ်ငွေ့များသည် လေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ မြေဆီလွှာညစ်ညမ်းခြင်းဖြစ်ရသည့် အဓိကအကြောင်းမှာ စက်ရုံများမှ စွန့်ပစ်လိုက်သော ဓာတုအညစ်အကြေးများကြောင့်ဖြစ်ပြီး ယင်းမှ မြေဆီလွှာအာဟာရဓာတ်များကို ဆုံးရှုံးစေသည်။

**ကမ္ဘာကြီးပူနွေးလာခြင်း**

ကမ္ဘာကြီးပူနွေးလာခြင်းကဲ့သို့သော ရာသီဥတုပြောင်းလဲခြင်းများသည် ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ ထုတ်လွှတ်ခြင်းစသည့် လူသားများ၏အလေ့အထများကြောင့်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာခြင်းသည် ပင်လယ်သမုဒ္ဒရာများ၏ အပူချိန်ကိုမြင့်တက်ရုံသာမက ဝင်ရိုးစွန်းရှိ ရေခဲများကိုအရည်ပျော်စေသည်။ ထို့ပြင် ပင်လယ်ရေမျက်နှာပြင်ကို မြင့်တက်စေကာ ရုတ်တရက်ရေကြီးခြင်းများ၊ နှင်းများပုံမှန်မဟုတ်ဘဲ အမြောက်အမြားကျခြင်းများနှင့် သဲကန္တာရဖြစ်ထွန်းခြင်းစသည့် ပုံမှန်မဟုတ်သော သဘာဝပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည်။

**လူဦးရေသိပ်သည်းများပြားလာခြင်း**

လူများနေထိုင်နေသောကမ္ဘာကြီးသည် လူဦးရေအဆမတန်များပြားလာသောကြောင့် အစားအစာ၊ လောင်စာဆီနှင့် ရေကဲ့သို့သောသယံဇာတအရင်းအမြစ်များ ပြတ်တောက်ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများတွင် လူဦးရေအဆမတန်တိုးပွားလာခြင်းကြောင့် အချိန်မတိုင်ခင် သယံဇာတအရင်းအမြစ်များ ရှားပါးကုန်ခန်းလာပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတုဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများ အလွန်အကျွံအသုံးပြု၍ အစားအစာများ စိုက်ပျိုးထုတ်လုပ်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည်။ ထို့ကြောင့် လူဦးရေသိပ်သည်းများပြားလာခြင်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကြီးသော လတ်တလောပြဿနာတစ်ရပ်ဖြစ်သည်။

**သဘာဝသယံဇာတများလျော့နည်းကုန်ခန်းလာခြင်း**

သဘာဝသယံဇာတများ လျော့နည်းကုန်ခန်းလာခြင်းသည် နောက်ထပ်အရေးကြီးသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သည်။ ရုပ်ကြွင်းလောင်စာသုံးစွဲခြင်းကြောင့် ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှု များပြားလာကာ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည်။ ကမ္ဘာအနှံ့အပြားရှိလူများသည် နေစွမ်းအင်၊ လေစွမ်းအင်၊ ဘိုင်အိုဓာတ်ငွေ့နှင့် ဂျီအိုသာမယ်စွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပြောင်းလဲအသုံးပြုရန်ကြိုးစားနေကြသည်။

**စွန့်ပစ်ပစ္စည်းများ**

သဘာဝအရင်းအမြစ်များကို အလွန်အကျွံသုံးစွဲခြင်းနှင့်



ပလတ်စတစ်များဖန်တီးထုတ်လုပ်လာခြင်းသည် စွန့်ပစ်ပစ္စည်းများဖြစ်ပေါ်ရာ ကမ္ဘာ့ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် အမှိုက်ကဲ့သို့ စွန့်ပစ်ပစ္စည်းအများအပြားထွက်ရှိသောနိုင်ငံများဖြစ်ပြီး ယင်းစွန့်ပစ်ပစ္စည်းများကို ပင်လယ်ထဲသို့ စွန့်ပစ်နေသည်။ ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများသည် စွန့်ပစ်ပစ္စည်းထွက်ရှိမှု အလွန်နည်းပါးပါသည်။ နျူကလီးယားစွန့်ပစ်ပစ္စည်းများမှလည်း ကြီးမားသောကျန်းမာရေး ဘေးအန္တရာယ်ဖြစ်မှုတွေနှင့် ဆက်စပ်နေပါသည်။ ပလတ်စတစ်၊ အမြန်စားအစားအစာ၊ ထုပ်ပိုးပစ္စည်းနှင့် ဈေးပေါသော လျှပ်စစ်စွန့်ပစ်ပစ္စည်းများသည် လူသားများကို ကောင်းကောင်းခြိမ်းခြောက်လျက်ရှိသည်။ စွန့်ပစ်ပစ္စည်းများသည်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကြီးသော လတ်တလောပြဿနာတစ်ရပ်ဖြစ်သည်။

**ရာသီဥတုပြောင်းလဲမှု**

ရာသီဥတုပြောင်းလဲခြင်းသည်လည်း နောက်ထပ်အရေးကြီးသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ် ဆယ်စုနှစ်အတော်ကြာ ရင်ဆိုင်နေရသည်။ ရာသီဥတုပြောင်းလဲခြင်းသည် ကမ္ဘာကြီးပူနွေးလာခြင်းကိုဖြစ်စေသော အန္တရာယ်ရှိသည့် အဓိကအကြောင်းအရင်းဖြစ်သည်။ ရုပ်ကြွင်းလောင်စာလောင်ကျွမ်းခြင်းနှင့် စက်မှုလုပ်ငန်းများမှ အန္တရာယ်ရှိသော ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်းများကြောင့် ကမ္ဘာ့လေထုထဲတွင် အပူချိန်များမြင့်တက်လာပြီး ကမ္ဘာကြီးပူနွေးလာရပါသည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဝင်ရိုးစွန်းမှရေခဲများအရည်ပျော်ခြင်း၊ ဥတုရာသီများကိုပြောင်းလဲခြင်း၊ အနာရောဂါအသစ်များဖြစ်ပွားခြင်း၊ မကြာခဏရေကြီးခြင်းများဖြစ်ပွားခြင်းနှင့် မိုးလေဝသဖြစ်စဉ်တို့ကို ပြောင်းလဲစေခြင်းစသည့် အန္တရာယ်ရှိသောအကျိုးတရားများစွာကို ဖြစ်ပေါ်စေပါသည်။

**ဇီဝမျိုးကွဲများဆုံးရှုံးခြင်း**

လူတို့၏ လုပ်ရှားဆောင်ရွက်ချက်များသည် သက်ရှိတို့၏ အလေ့အထသဘာဝများနှင့် မျိုးစိတ်များမျိုးသုဉ်းပျောက်ကွယ်သွားခြင်း၊ ဇီဝမျိုးကွဲများ ဆုံးရှုံးခြင်းများကို ဖြစ်စေပါသည်။ မျိုးစိတ်များသေကျေပျက်စီး ပျောက်ကွယ်သွားခြင်းကြောင့် နှစ်သန်းပေါင်းများစွာကတည်းက အကောင်းတိုင်းရှိနေသော ဂေဟစနစ်ကြီးတစ်ခုလုံးသည်လည်း အန္တရာယ်နှင့်ရင်ဆိုင်နေရပြီဖြစ်သည်။ ဝတ်မှုန်ကူးခြင်းကဲ့သို့ သဘာဝဖြစ်စဉ်ကြီးတစ်ခုလုံး ဟန်ချက်ညီခြင်းသည် ဂေဟစနစ်ကြီးတစ်ခုလုံး အကောင်းပကတိဖြစ်ပေါ်စေရေးအတွက် အလွန်တရာ အရေးပါပါသည်။ ပင်လယ်သယံဇာတပေါကြွယ်ဝခြင်းကို ဖြစ်ပေါ်စေသော သန္တာကျောက်တန်းများ ပျက်စီးဆုံးရှုံးခြင်းသည်လည်း ဇီဝမျိုးကွဲများဆုံးရှုံးခြင်း၏ အခြားဥပမာတစ်ခုပင်ဖြစ်သည်။

**သစ်တောများပြုန်းတီးခြင်း**

သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်များ စုပ်ယူရာနေရာများဖြစ်သကဲ့သို့ လတ်ဆတ်သောအောက်ဆီဂျင်တို့ကို ထုတ်လုပ်ပေးကာ မိုးရေချိန်နှင့်အပူချိန်တို့ကိုလည်း ထိန်းသိမ်းထားသော သဘာဝအရင်းအမြစ်ကြီးဖြစ်သည်။ ယခုအချိန်တွင် သစ်တောများသည် ကုန်းမြေ၏ ၃၀ ရာခိုင်နှုန်းကို လွှမ်းခြုံထားသော်လည်း ကမ္ဘာ့နိုင်ငံများတွင် လူဦးရေတိုးတက်များပြားလာခြင်းကြောင်း ၄င်းတို့အတွက် အမှန်တကယ်လိုအပ်နေသော အဝတ်ထည်များ၊ အဆောက်အအုံများနှင့် အစားအစာများအတွက် သစ်တောများကို အသုံးပြုရခြင်းကြောင့် နှစ်စဉ်နှစ်တိုင်း သစ်တောများဆုံးရှုံးလျက်ရှိသည်။ သစ်တောများပြုန်းတီးခြင်းဆိုသည်မှာ အစိမ်းရောင်လွှမ်းခြုံမှုများ ပျောက်ဆုံးသွားခြင်းဖြစ်သည်။ လူများနေထိုင်ရာနေရာများ၊ စက်ရုံများ သို့မဟုတ် စီးပွားရေးလုပ်ငန်းများအတွက် မြေနေရာများ ပြုလုပ်ဖန်တီးခြင်းများကြောင့် သစ်တောများ ပြုန်းတီးရခြင်းဖြစ်ပါသည်။

**သမုဒ္ဒရာများအက်စစ်ဓာတ်လွန်ကဲလာခြင်း**

သမုဒ္ဒရာများ အက်စစ်ဓာတ် လွန်ကဲလာခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုဒ်အများအပြား ထုတ်လွှတ်မှုနှင့် တိုက်ရိုက်အကျိုးသက်ရောက်နေသည်။ လူသားများကြောင့် ဖြစ်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ် ၂၅ ရာခိုင်နှုန်းရှိသည်။ သမုဒ္ဒရာများ အက်စစ်ဓာတ်လွန်ကဲလာခြင်းသည် လွန်ခဲ့သော နှစ်ပေါင်းအနည်းဆုံး ၂၅၀ လောက်ကတည်းက ဖြစ်ပေါ်ခဲ့သော်လည်း လာမည့် ၂၁၀၀ ပြည့်နှစ်တွင် ၁၅၀ ရာခိုင်နှုန်းပို၍မြင့်တက်လာနိုင်ချေရှိကြောင်းသိရသည်။ ဆိုလိုသည်မှာ လူသားများ တဖြည်းဖြည်းအရိုးပွရောဂါဖြစ်လာသကဲ့သို့ ရေသတ္တဝါများနှင့် အပင်များသည်လည်း တဖြည်းဖြည်း အက်စစ်ဓာတ်လွန်ကဲလာခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။

**အိုဇုန်းလွှာပါးခြင်း**

အိုဇုန်းလွှာသည် နေမှလာသောအန္တရာယ်ရှိသည့် ရောင်ခြည်များကို လူသားများအပေါ် မကျရောက်စေရန် ကမ္ဘာအနှံ့မမြင်နိုင်သောအလွှာနှင့် လွှမ်းခြုံကာကွယ်ပေးထားခြင်းဖြစ်သည်။ ကမ္ဘာ့လေထု၏ အရေးပါသော အိုဇုန်းလွှာပါးရခြင်းသည် လေထုညစ်ညမ်းခြင်းကို ဖြစ်စေသော ကလိုရင်းနှင့် ဘရိုမင်း(ဓာတ်ငွေ့)များ ကလိုရိုဖလိုရိုကာဗွန်ထဲတွင် ပါဝင်ခြင်းကြောင့်ဖြစ်သည်။ ယင်းအဆိပ်အတောက်ဖြစ်စေသော သို့မဟုတ် အန္တရာယ်ရှိသောဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအပေါ်ပိုင်းကို ရောက်ရှိလာခြင်းကြောင့် အိုဇုန်းလွှာပေါက်ရခြင်းဖြစ်သည်။ အကြီးဆုံး အိုဇုန်းလွှာပေါက်သည့်နေရာသည် တောင်ဝင်ရိုးစွန်းဒေသအထက်ပိုင်းဖြစ်သည်။ ကလိုရိုဖလိုရိုကာဗွန်ကို စားသောက်ကုန်ပစ္စည်းများနှင့် စက်ရုံများတွင် အသုံးမပြုရန်တားမြစ်ထားသည်။ အိုဇုန်းလွှာသည် အရေးပါသောအရာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အိုဇုန်းလွှာသည် ကမ္ဘာပေါ်သို့ကျရောက်လာသော အန္တရာယ်ရှိသည့် ခရမ်းလွန်ရောင်ခြည်များကို ကာကွယ်ပေးသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အိုဇုန်းလွှာပါးခြင်းသည်လည်း လတ်တလောဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကြီးသော ပြဿနာတစ်ရပ်ပင်ဖြစ်သည်။

**အက်စစ်မိုးရွာသွန်းခြင်း**

အက်စစ်မိုးရွာသွန်းခြင်းသည် လေထုထဲတွင် ညစ်ညမ်းစေသော ဓာတ်ပစ္စည်းများ ပါဝင်ခြင်းကြောင့်ဖြစ်သည်။ ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်း သို့မဟုတ် မီးတောင်ပေါက်ကွဲခြင်း သို့မဟုတ် သစ်ရွက်ဆွေးများ ပုပ်ဆွေး၍ လေထုထဲသို့ ဆာလ်ဖာဒိုင်အောက်ဆိုဒ်နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်တို့ကို ထုတ်လွှတ်လိုက်သောကြောင့် အက်စစ်မိုးရွာသွန်းခြင်းဖြစ်သည်။ အက်စစ်မိုးရွာသွန်းခြင်းသည် ရေပေါ်ရေအောက်သတ္တဝါများ၊ တောရိုင်းတိရစ္ဆာန်များနှင့် လူသားများ၏ ကျန်းမာရေးကို ပြင်းထန်စွာအကျိုးသက်ရောက်နိုင်သောကြောင့် ယင်းသည်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သည်။

**ရေထုညစ်ညမ်းခြင်း**

သန့်စင်သောသောက်ရေသန့်သည် ရှားပါးလာသည်။ လူဦးရေများပြားလာသည်နှင့်အမျှ ရေအရင်းအမြစ်များ ရရှိရန် ယှဉ်ပြိုင်တိုက်ခိုက်နေရသည့်အတွက် ရေသည် စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ အဓိကအရေးကြီးသော အချက်တစ်ချက်ဖြစ်လာသည်။ သန့်စင်သော သောက်ရေသန့်ရှားပါးလာသည့် အတွက် ရွေးချယ်ရမည့်အချက်တစ်ချက်မှာ ရေချိုပြုလုပ်၍ အသုံးပြုမည်လားဆိုသည့် အချက်တစ်ချက်ပင်ဖြစ်သည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုသည် မြစ်များနှင့် ပင်လယ်များတွင် အဆိပ်ဖြစ်စေသောအရာများ ပြည့်လျှံနေစေပြီး ထိုအရာများက ရေထုညစ်ညမ်းမှုကိုဖြစ်ပွားစေကာ လူသားများ၏ကျန်းမာရေးကို ပြင်းထန်စွာခြိမ်းခြောက်လာပါသည်။

**မြို့ပြများလျင်မြန်သော အဟုန်ဖြင့်ဖွံ့ဖြိုးလာခြင်း**

မြို့ပြများ လျင်မြန်သောအဟုန်ဖြင့် ဖွံ့ဖြိုးလာခြင်းဆိုသည်မှာ လူနေထူထပ်သောမြို့ပြမှ လူနေနည်းသော ကျေးလက်သို့ လူများပြောင်းရွှေ့နေထိုင်ခြင်းပင်ဖြစ်ပြီး ထိုသို့ ပြောင်းရွှေ့နေထိုင်ခြင်းကြောင့် ကျေးလက်တွင် လူနေထူထပ်မှုပိုမိုများပြားလာခြင်းပင်ဖြစ်သည်။ မြို့ပြများ လျင်မြန်သောအဟုန်ဖြင့် ဖွံ့ဖြိုးလာခြင်းသည် မြေလွတ်မြေနေရာများနည်းပါးလာပြီး လူနေထူထပ်မှုနှင့် ယာဉ်ကြောပိတ်ဆို့မှုများမြင့်တက်လာစေသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာရပ်များနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာရပ်များ တိုးပွားလာသည်။ မြေနေရာ လိုအပ်ချက် အမြဲမပြတ်ဖြစ်ပေါ်မှုသည် သစ်တော သစ်ပင်များအပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်။

**ပြည်သူ့ကျန်းမာရေးပြဿနာများ**

လတ်တလောဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများသည် လူသားများနှင့် တိရစ္ဆာန်များ၏ ကျန်းမာရေးကို အများဆုံး အန္တရာယ်ပြုခြိမ်းခြောက်လျက်ရှိသည်။ မသန့်ရှင်းသောရေများသည် ကမ္ဘာကြီး၏ အကြီးမားဆုံးသော ကျန်းမာရေးဆိုင်ရာ အန္တရာယ်ဖြစ်စေရုံသာမက ပြည်သူလူထု၏ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းကို ခြိမ်းခြောက်လျက်ရှိသည်။ မြစ်ကြောင်းတစ်လျှောက် အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများနှင့် ရောဂါပိုးများကို သယ်ဆောင်လာသောကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုဖြစ်ပေါ်စေသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုများသည် နှလုံးသွေးကြောဆိုင်ရာနှင့် ပန်းနာရင်ကျပ်ကဲ့သို့သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်စေသည်။

**မျိုးရိုးဗီဇပြုပြင်ဖန်တီးမှု**

ဇီဝနည်းပညာအသုံးပြုထားသော အစားအစာများ၏ မျိုးရိုးဗီဇဆိုင်ရာပြောင်းလဲမှုကို မျိုးရိုးဗီဇပြုပြင်ဖန်တီးမှုဟုခေါ်သည်။ မျိုးရိုးဗီဇဆိုင်ရာပြောင်းလဲမှုဖြင့် ပြုလုပ်ထားသော အစားအစာများသည် အဆိပ်အတောက်များနှင့် ရောဂါများကို တိုးပွားစေသည်။ ပြုပြင်ဖန်တီးထားသော မျိုးစေ့ဗီဇတစ်ခုသည် တောရိုင်းတိရစ္ဆာန်များအတွက် အဆိပ်အတောက်ဖြစ်စေရုံသာမက မျိုးရိုးဗီဇနည်းဖြင့် ပြုပြင်ပြောင်းလဲထားသော ကောက်ပဲသီးနှံများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များကို ပြင်းထန်စွာဖြစ်ပေါ်စေသည်။

ဖော်ပြခဲ့ပြီးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာအမျိုးမျိုးကို လျစ်လျူရှုနေလျှင် ကမ္ဘာ့လူသားများ ပျက်စီးမှုနှင့်ကြုံတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ထိုထိုသော ပြဿနာများကို ဝိုင်းဝန်းဖြေရှင်းကြရင်း ကမ္ဘာကြီးကို တစ်ဖက်တစ်လမ်းက ကယ်တင်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါသတည်း... .. ..

# မိတ္ထီလာတွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲဝင်မည့်လှေအသင်းများ စတင်လေ့ကျင့်

**မိတ္ထီလာ စက်တင်ဘာ ၃**

မိတ္ထီလာမြို့နယ်၌ ၁၃၃ ကြိမ်မြောက်သမိုင်းဝင်ဖောင်တော်ဦး ဘုရားပွဲတော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာ့ရိုးရာလောင်း လှေပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်မည့် လှေအသင်းများသည် စက်တင်ဘာ ၃ ရက်က ပြိုင်ပွဲ ကျင်းပမည့် ဖောင်တော်ဦးဘု ရားအနီးရေကန်ထဲတွင် ပြိုင်ပွဲဝင် လှေများဖြင့် စတင်လေ့ကျင့် လျက်ရှိကြောင်း သိရသည်။

"မြန်မာရိုးရာလောင်းလှေပြိုင်ပွဲကျင်းပမှာက စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိဖြစ်ပါတယ်။ ပြိုင်ပွဲကျင်းပမယ့်ရက် မတိုင်မီ နှစ်စဉ် ကြိုတင်လေ့ကျင့်နေကျအတိုင်း ပြိုင်ပွဲဝင်မယ့် လှေအသင်းသားများက ပြိုင်ပွဲဝင်မယ့်လှေ၊ လှော်ခတ် ယှဉ်ပြိုင်ရမယ့်ရေလမ်းကြောင်းနဲ့ အသားကျအောင် ကြိုတင် လှော်ခတ်လေ့ကျင့်ကြတာပါ"ဟု ယင်းလှေပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မည့် လှေအသင်းတစ်သင်းမှ အသင်းခေါင်းဆောင် တစ်ဦးက ပြောသည်။ အဆိုပါပြိုင်ပွဲတွင် နှစ်စဉ်တိုင်းအုတ်နဲ့ဘုတ်၊ လူးခင်းကြီး၊ နွားစမ်းတောင်၊ အင်းပက်လက်စသည့် မိတ္ထီလာ ကန်အနီးကျေးရွာများမှ လှေအသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ယခုနှစ်တွင် မြင်းခြံမြို့နယ်မှ လှေအသင်း ၂ သင်း လာရောက် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဆုကြေးငွေ များချီးမြှင့်ရာ ယခင်က ပထမ ငွေကျပ် သုံး သိန်း၊ ဒုတိယဆု နှစ်သိန်း၊ တတိယဆု တစ်သိန်း အစား ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆုငွေကျပ်နှစ်သိန်း၊ နှစ်သိမ့်ဆု တစ်သိန်းအထိ ဆုကြေး ငွေများတိုးမြှင့်ချီးမြှင့်မည်ဖြစ်ပြီး လှေပြိုင်ပွဲတွင် လှေအသင်း ပေါင်း ၂၀ သင်းခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ )**



# မန္တလေး မင်္ဂလာ(ယာယီ)ဈေးဆိုင်ခန်းများ မဲနှိုက်ပြီး စက်တင်ဘာလနောက်ဆုံးပတ် ဈေးရောင်းချနိုင်

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးမြို့မင်္ဂလာ(ယာယီ)ဈေးဆိုင်ခန်းများကို ပွင့်လင်းမြင်သာ မဲနှိုက်ချထားပြီး စက်တင်ဘာလနောက်ဆုံးပတ်အတွင်း ဈေးဖွင့်လှစ်ရောင်းချခွင့် ပြုသွားမည်ဖြစ် ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

အဆိုပါမန္တလေးမြို့ မင်္ဂလာ(ယာယီ)ဈေးဆိုင်ခန်းများကို စက်တင်ဘာ ၃ ရက် ကမြို့တော်ခန်းမတွင်ဈေးအကျိုးတော်ဆောင်နှင့်ဈေးသူဈေးသားများမှ ပွင့်လင်း မြင်သာစွာ ကိုယ်တိုင်မဲနှိုက်ချထားပေးခဲ့ကြောင်း သိရသည်။

"အားလုံးအဆင်ပြေအောင်ဆောင်ရွက်ပေးထားတယ်။ ဈေးဆောက်တော့ အစိုးရအဖွဲ့ကို တင်ပြပြီး လွှတ်တော်အတည်ပြုချက်နဲ့ စည်ပင်သာယာကအကုန် အကျခံတည်ဆောက်ခဲ့တယ်။ တင်ဒါခေါ်ပြီး လုပ်ထုံးလုပ်နည်းများနဲ့အညီ ယာယီ ဈေးဆိုင်ခန်းတွေ တည်ဆောက်ခဲ့တာပါ။ ဈေးအကျိုးတော်ဆောင်တွေနဲ့ ဈေးသူ ဈေးသားတွေ ပူးပေါင်းပါဝင်လို့ကျေးဇူးတင်ပါတယ်"ဟု ၎င်းက ပြောသည်။ မဲနှိုက် ချထားပေးခဲ့သည့်ဆိုင်ခန်းများအရေအတွက်မှာ အတည်ဆိုင်ခန်း ၃၃၆ ခန်းနှင့် ပုံ့ကျဆိုင်ခန်း ၂၇၀ ဖြစ်ပြီး အတွဲလိုက်မဲနှိုက်သည့်စနစ်ဖြင့် နေရာချထားပေးခဲ့ကြောင်း သိရသည်။

"ဈေးသူဈေးသားနဲ့ ဈေးအကျိုးတော်ဆောင်တွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးညှိ နှိုင်းပြီးမှ ဈေးနေရာချထားဖို့ လုပ်ခဲ့တယ်။ ဆိုင်ခန်းတွေ ပြန်လည်ပြင်ဆင်ချိန်ကို နှစ်ပတ်သုံးပတ်တော့ပေးရမှာပါ"ဟု ဈေးနှင့် သားသတ်ဌာနမှူး ဦးခင်အောင်က ပြောသည်။

ဈေးသူဈေးသားများအနေဖြင့် ဈေးဆိုင်ခန်းများ ပြန်လည်ပြင်ဆင်မွမ်းမံနိုင်ရန် အတွက် သုံးပတ်အချိန်ပေးထားပြီး စက်တင်ဘာလနောက်ဆုံးပတ်တွင် စတင်ဈေး ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ "ဈေးမရောင်းရတာ ငါးလကျော်ပါပြီ။ အခု လိုဆိုင်ပြန်ဖွင့်ခွင့်ရပြီဆိုတော့ဝမ်းသာပါတယ်။ မဲနှိုက်တာမျှတမှုရှိပေမယ့် ပစ္စည်း တွေလုံခြုံမှုအရ အကာအကွယ်မရှိတော့ပြုပြင်ရဦးမှာပါ။ ယာယီဈေးကြီးဖွင့်ခွင့်ရ ပြီး မူလဈေးကြီးမှာ ရောင်းချနိုင်အောင်လည်း ဈေးသစ်ကြီးကို အမြန်ဆုံးတည်ဆောက်ပေးဖို့ တိုက်တွန်းလိုတယ်"ဟု မိုးပြည့်အောင်အလှကုန်နှင့် စားသောက်ကုန်ရောင်းဝယ်ရေးမှ ကိုမောင်မောင်သန်းက ပြောသည်။

အဆိုပါ ယာယီဈေးကို မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့်၇၁ လမ်းဆုံ မဟာနွယ်စဉ်အားကစားကွင်းတွင် နှစ်လနှင့် အပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အတည် ဆိုင်ခန်းများမှာ အကျယ် (၆×၈)ပေနှင့် နှစ်ပေခွဲအုတ်ခုံပါရှိ၍ပုံ့ကျဆိုင်ခန်းများမှာ ခြောက်ပေ ပတ်လည်ကျယ်ဝန်းပြီး တစ်ပေအမြင့်ပလက်ဖောင်းအုတ်ခင်းဖြစ်၍ ငွေကျပ် သိန်းပေါင်း နှစ်ထောင်ကျော်အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# မိုင်းအခြေခံသဘောတရား သင်တန်းဆင်း

**ဂန့်ဂေါ စက်တင်ဘာ ၃**

ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်ခဲ့သည့် မိုင်းအခြေခံသဘောတရားနှင့် မိုင်း အန္တရာယ်ကာကွယ်ရေး ပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂ ရက်က ခရိုင်ရဲတပ်ဖွဲ့ရုံး၌ ပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်လင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ပြီး သင်တန်းသို့ အရာရှိ ခြောက် ဦးနှင့် အခြားအဆင့် ၂၂ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၁၀၁)

# ကော့သောင်းမြို့၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ကော့သောင်း စက်တင်ဘာ ၃**

သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ပြည်သူများ၏ အသက်အိုးအိမ်စည်း စိမ်များကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့် မှုကို စက်တင်ဘာ ၃ ရက်က ကော့သောင်းမြို့ ဘုရင့်နောင်ဆိပ်ကမ်း တံတားရှေ့ ပင်လယ်ရေပြင်၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးမျိုးသိန်းဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင် များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက လှေမီးငြိမ်းသတ်ခြင်း၊ ရေပြင်အသက်ကယ်ခြင်း၊ အရေးပေါ်ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်လူနာများကို ရှေးဦးပြုစုနည်းဖြင့် ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ အသက်ကယ်အင်္ကျီဝတ်ဆင်နည်း၊ အစားအသောက်များ၊ ဆေးဝါးများ ကူညီထောက်ပံ့ပေးခြင်းတို့ကို သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

ထိုသို့လေ့ကျင့်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေလုပ်သားများ၊ ကူးတို့လှေမောင်းနှင်သူများ၊ ရပ်ကွက်ပြည်သူများက ကြည့်ရှုခဲ့ ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ ကထကမှ မစိုးစန္ဒီ (G-11)၊ မအဥ္စလီငြိမ်း (G-10)၊မောင်ခန့်ဇော်သက်(G-8)၊ မယဉ်မွန်မြင့်(G-6)တို့၏ဖခင် ဦးဇော်မင်းဆွေ (ခ) ဦးမောင်ဇော် ၅/ဟမလ(နိုင်)၀၇၉၄၁၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်မင်းဆွေ(ခ)ဦးမောင်ဇော်**

**အမည်ပြောင်း**

ဟုမ္မလင်းမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (F)မှ မောင်သန်းထိုက်ဦးအား စိုင်းဟိုင်းလုံဟု ပြောင်းလဲခေါ်ပါရန်။

**စိုင်းဟိုင်းလုံ**

**အမည်မှန်**

ဦးမျိုးညွန့်ဦး၏သမီး အထက(၁)၊ ဒဂုံ၊ တက္ကသိုလ်ဝင်တန်းမှ နန်းမိုဟွမ်းဆိုင်မွန်ခမ်း၏ အမည်မှန်မှာ နန်းမိုဟွမ်ဆိုင်မွန်ခမ်း ဖြစ်ပါကြောင်း။

**နန်းမိုဟွမ်ဆိုင်မွန်ခမ်း**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အထက(၈)တက္ကသိုလ်ဝင်တန်း(ဂ)မှ မသူဇင်ပြည့်၏ဖခင် အမည်မှန်မှာ ဦးသန်းနိုင် ၉/မနမ(နိုင်)၀၄၄၁၁၀ ဖြစ်ပါကြောင်း။

**ဦးသန်းနိုင်**

**စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော ရုံးသုံးစာရေးကိရိယာ (၅)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလို၍ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် - ၅-၉-၂၀၁၆ရက် နံနက် ၉း၃၀နာရီ
၃။ တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၂၇-၉-၂၀၁၆ရက် ညနေ ၄နာရီ
၄။ တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် - ၂၈-၉-၂၀၁၆ရက်
၅။ တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ၂၉-၉-၂၀၁၆ရက် နံနက် ၉း၃၀နာရီ
၆။ တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး
၇။ တင်ဒါပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ငွေစာရင်းဌာနစိတ်တွင် ရယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၇၁-၂၆၅၁၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် EE/3377 Toyota Probox NCP 50 Station Wagon (4x2) ယာဉ်လက်ဝယ်ရှိသူ WIN & WIN Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထား များဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4F/2277 Toyota Belta SCP92 S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်လေးနွယ် ၁၂/ဗဟန(နိုင်)၀၄၂၀၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/3161 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1B/3272 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊Time Square အိမ်ရာစီမံကိန်း၊ ၂၄ခန်းတွဲ၊ ၁၄ထပ်၊ တိုက်အမှတ်-C2၊ အခန်းအမှတ်-B411 ဟုခေါ်တွင်သော(ယခင်COD ဝင်း၊ မြေကွက်အမှတ် ၆၆+၆၆အေ အတွက် အကျိုးခံစားခွင့် ပြန်လည်နေရာချထားပေးသော) တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမြင့်အောင် (LL.B)** | **ဦးအေးမင်းသူ(LL.B)(DBL)** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** |

**ရှီးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မိတ္ထီလာမြို့နယ်၊ ရှမ်းတဲ၊ အထက (၅)၊ တက္ကသိုလ်ဝင်တန်း(D)မှ မအေးချမ်းခိုင်၏ဖခင် ဦးငွေးလွင်နှင့်ဦးဆယ်ပြား ၉/၀တန(နိုင်)၀၃၂၂၂၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးငွေးလွင်(ခ)ဦးဆယ်ပြား**

**ဖခင်အမည်မှန်**

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (B)မှ မကျော့သီရိဆွေနှင့် သတ္တမတန်း (C)မှ မဇူလှိုင်ဆွေတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်ဖေ ၁/ရကန(နိုင်)၀၀၆၂၀၄ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်**

သာပေါင်းမြို့နယ်၊ ဂုံမင်းကျေးရွာနေ ဦးစောစံချစ်(ခ)ဦးစံချစ် ၁၄/သပန(နိုင်)၀၆၃၆၇၇သည် တစ်ဦးတည်းဖြစ်ကြောင်းနှင့်ဦးစောစံချစ်(ခ)ဦးစံချစ်-ဒေါ်နော်ခူထူးတို့၏ သမီးများဖြစ်သော နော်သင်းရတနာစံ ၁၄/သပန(နိုင်)၁၀၈၀၂၂၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၆-၁၉၉၄ (ပုသိမ်တက္ကသိုလ်)၊ နော်ချစ်သရဖူ ၁၄/သပန(နိုင်)၁၄၇၅၈၅၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၈-၂၀၀၀ (ပုသိမ်၊ အထက-၂၊ တက္ကသိုလ်ဝင်တန်း)နှင့် နော်ချစ်စပယ်ဖြူ ၁၄/သပန(နိုင်)၁၄၇၅၈၆၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၈-၂၀၀၀ (ပုသိမ်၊ အထက-၂၊ တက္ကသိုလ်ဝင်တန်း)တို့ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါကြောင်း**

လားရှိုးမြို့၊ (၇)ရပ်ကွက်၊ အကွက်အမှတ် (မောသီရိတိုးချဲ့)၊ ဦးပိုင် ၂၀၈၉+၂၀၉၀၊ ဧရိယာ ၀ဒသမ ၁၃၈ဧက၊ အမှုတွဲအမှတ် ၅၉၆-၅/၂၀၁၂-၂၀၁၃(A)ဖြင့် ဦးပေါ်ဦးသန်း အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ကို ၂၂-၆-၂၀၁၅ရက်တွင် စာချုပ်အမှတ် ၂၆၁I/၂၀၁၅နှင့် စာချုပ်အမှတ် ၂၆၂I/၂၀၁၅တို့ဖြင့် ဦးခင်မောင်ဟန်မှ ဝယ်ယူပိုင်ဆိုင်ပြီး အမည်ပြောင်းလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်ထွေ/အုပ်သို့ ရက်ပေါင်း ၂၀ အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဟန် ၁၃/လရန(နိုင်)၀၀၀၈၇၃**

# သထုံမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၂၀၀ ဖမ်းဆီးရမိ

**သထုံ စက်တင်ဘာ ၃**

သထုံမြို့၌ သတင်းအရစောင့်ဆိုင်းဖမ်းဆီးရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၂၀၀ ဖမ်းဆီးရမိခဲ့သည်။ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘိုဘိုဦး ညွှန်ကြားမှု၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း၏ကွပ်ကဲမှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်သူနှင့်အဖွဲ့သည် သတင်းအရ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီခန့်က သထုံမြို့သိမ်ကုန်းရပ်ကွက် နတ်စင်လမ်းထိပ်၌ စောင့်ဆိုင်းနေစဉ် နတ်စင်လမ်းအတိုင်း ဘင်လှိုင်ရပ်ကွက်သို့ မောင်းနှင်လာသော ဘေးတွဲဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ မဥမ္မာငြိမ်းနှင့် ဒေါ်ခင်ညိုတို့နှစ်ဦးအနက် မဥမ္မာငြိမ်းထံမှ စိတ်ကြွမူးယစ်ဆေးပြား ၂၀၀ ပါကပ်ခွာအိတ် ၂၂၁ အိတ် စုစုပေါင်းဆေးပြား ၄၄၂၀၀ နှင့် ငွေကျပ် ၃၇၀၀၀၀ တို့ကို တွေ့ရှိသဖြင့် သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အဆိုပါမူးယစ်ဆေးပြားသည် မဥမ္မာငြိမ်း၏ ဖုန်းဆက်စေခိုင်းမှုအရ မြဝတီမြို့နေသူ ဒေါ်ခင်ညိုက ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှ သယ်ဆောင်လာခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း သထုံခရိုင်အတွင်း မူးယစ်ဆေးဝါးအများဆုံး ဖမ်းမိခြင်းဖြစ်ကြောင်း သိရှိရသည်။

**နန္ဒကျော်စွာ**





# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်ပစ်ဗုံးတစ်လုံး ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃**

အေးသာယာနယ်မြေရဲစခန်းမှ အေးသာယာမြို့ ဇလဲကျေးရွာ - အေးသာယာမြို့သွားကားလမ်းမပေါ်တွင် စက်တင်ဘာ ၁ ရက်က ဇော်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၃၂) မြဝတီမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ ရပ်ကွက်(၅) ဒေါနအောင်မြေရပ်နေ ညီညီလွင်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ စောဖိုးထူး၊ စောဖိုးကျော်၊ သန်းဇော်နှင့် ကြည်စိုးတို့အား တွေ့ရှိပြီး 91 အမျိုးအစား လက်ပစ်ဗုံးတစ်လုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၀ ကိုလည်းကောင်း၊ ပင်းတယမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အင်းငယ်ကျေးရွာအုပ်စု မြောက်ရွှေပုထိုးကျေးရွာနေ အောင်ထွန်းတင်၏နေအိမ်ကို ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၂ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

**ကိုရဲ**

# တောင်ငူတွင် ဖောက်ထွင်းမှုဖြစ်ပွား

**တောင်ငူ စက်တင်ဘာ ၃**

တောင်ငူမြို့ ထီးလှိုင် (၁) ရပ်ကွက်တွင် စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခန့်က လူနေအိမ်တစ်အိမ် ဖောက်ထွင်းခံရမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောင်ငူမြို့ ထီးလှိုင် (၁)ရပ်ကွက် အမြန်လမ်းကိုတက်သည့် ကွန်ကရစ်လမ်းမြောက်ဘက်တွင် နေထိုင်သူ ဒေါ်ဇင်ဖြူဝင့် (ကျောင်းဆရာမ)သည် ၎င်း၏နေအိမ်အားသော့ခတ်ပြီး တာဝန်ကျရာ ဘုရားနှစ်ဆူအလယ်တန်းကျောင်းသို့ သွားရောက်တာဝန်ထမ်းဆောင်စဉ် အိမ်နီးချင်းဖြစ်သူက မွန်းလွဲ ၂ နာရီခန့်တွင် ဒေါ်ဇင်ဖြူဝင့်၏ နေအိမ်တံခါးမကြီးပွင့်နေကြောင်း ဖုန်းဖြင့်ဆက်သွယ်ပြောသဖြင့် ၎င်းကနေအိမ်သို့ပြန်လာပြီး နေအိမ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးရာ ပစ္စည်းများပြန့်ကျဲနေပြီး အခန်းအတွင်းရှိ ဗီရိုအောက်ထပ်တွင်ထားရှိသည့် ရွှေထည်ပစ္စည်းများ ပျောက်ဆုံးနေကြောင်းတွေ့ရှိရ၍ နယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

ဖောက်ထွင်းမှုဖြစ်ပွားရာသို့ အမှတ်(၂) ရဲစခန်းမှ ရဲအုပ်လှိုင်ကျော်ဦးနှင့်အဖွဲ့ စစ်ဆေးခဲ့ရာ ဗီရိုအောက်ထပ်တွင် ထားရှိသည့် ရွှေလက်ကောက် နှစ်ကွင်း၊ ရွှေဆွဲကြိုး နှစ်ကုံး၊ ရွှေဟန်းချိန်းတစ်ကွင်း၊ ရွှေဆွဲပြားကျောက်ပါတစ်ခု၊ ကျောက်ဆူးပုံရွှေဆွဲပြားတစ်ခု၊ ရွှေခြေချင်းတစ်ခု၊ ရွှေလက်စွပ်တစ်ကွင်း၊ ရွှေဆွဲသီး တစ်ခု၊ ကျောက်နီရွှေနားကပ်တစ်ရန် စသည့် ရွှေထည်ပစ္စည်းများ ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။

**သူရ(တောင်သူ)**

# မူဆယ်မြို့၌ ဘိန်းဖြူဆပ်ပြာခွက် ရှစ်ခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**မူဆယ် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့၌ စက်တင်ဘာ ၃ ရက်က မူဆယ်မြို့နယ် နမ့်ဆန်ကျေးရွာတွင် ဘိန်းဖြူဆပ်ပြာခွက်ရှစ်ခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲမှူးစိုးသန်း ဦးစီးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းဦးစီးအဖွဲ့တို့သည် စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က မူဆယ်မြို့နယ် နမ့်ဆန်ဂိုဒေါင်ကျေးရွာတွင် မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲနေကြောင်းသတင်းအရ နယ်မြေခံတပ်ဖွဲ့ဝင်များ ဒုရဲမှူးဝင်းနိုင်ဦးအပါအဝင် အဖွဲ့များဖြင့် နမ့်ဆန်ဂိုဒေါင်ကျေးရွာ ဒေါ်ချိန်ရွှေ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ရှစ်ခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ထုပ်ပိုးထားသည့် အထုပ်ငယ်ကိုးထုပ်၊ အထုပ်ကြီးတစ်ထုပ်နှင့် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားသည့် အထုပ်ငယ်နှစ်ထုပ်၊ မြန်မာငွေရေရာ ငွေကျပ်သိန်း ၅၀၀ ကျော်၊ တရုတ်ယွမ်ငွေရေရာ ၃၀၀၀၀ ကျော်ခန့်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ဦးအားရှင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ဘိန်းဖြူတစ်ဂရမ်ခန့် တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ကျေးရွာရှိသုသာန်၌ ဝင်ရောက်ရှာဖွေရှင်းလင်းဆောင်ရွက်စဉ် အမျိုးသား ၁၁ ဦးနှင့် ပိုင်ရှင်မဲ့ဆိုင်ကယ် ၁၀ စီးတို့အား သိမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးသုံးစွဲသူများ အသုံးပြုနေထိုင်သွားသည့် ယာယီတဲခုနစ်လုံးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ရိုးသျှား(မူဆယ်)**




ပညာရေးဝန်ကြီးဌာန

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်

National Management Degree College (NMDC) နှင့် MPDC Education

တို့ပူးပေါင်း၍ ဖွင့်လှစ်သော

Certificate in Marketing Management (CMM)

အမှတ်စဉ်(၉) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (NMDC) နှင့် Myanmar Professional Development Center-MPDC Education တို့ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်းအမှတ်စဉ်(၉)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းကာလမှာ (၆)လဖြစ်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် စတင်ဖွင့်လှစ်ပါသည်။

၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။

၄။ ပညာအရည်အချင်း အထောက်အထား(မူရင်း)နှင့် မိတ္တူနှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် မိတ္တူနှစ်စုံ၊ လိုင်စင်ဓာတ်ပုံ (၅)ပုံတင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

**အသေးစိတ်သိရှိလိုပါက-** အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (လေးထပ်စာသင်ဆောင်၊ MPDC ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၇၉၅၂၇၅၆၈၃၊ ၀၉-၄၂၁၁၀၄၇၇၁


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2K/1413 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**


ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
စက်တင်ဘာ (၃/၇/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်/ဦးပိုင်အမှတ်(၁၈၄၂)၊ ဧရိယာ ၀.၁၁၅၀ဧကရှိ ဒေါ်ခင်မြင့် (ဘ)ဦးထွန်းရင် PMA-၁၁၅၈၈၂ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဖြိုးယုယသင်း (ဘ) ဦးစိုးဝင်း ၁၂/စခန(နိုင်)၀၇၄၀၁၉မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း (၂)၊ မြေကွက်/ဦးပိုင်အမှတ်(၁၈၇၄)၊ ဧရိယာ ၀.၁၁၅၀ ဧကရှိ ဦးမြလင်း (ဘ)ဦးအောင်ဘော် YMN-၁၄၈၆၇၅ အမည်ပေါက် ပါမစ်မြေကွက်အား ဦးအေးမြင့်(ဘ) ဦးလှအောင် ၉/ပမန(နိုင်)၀၅၈၅၈၂မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ရောင်းသူ ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမျိုးသားလွှတ်တော်ရုံးအတွက်**
**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အမျိုးသားလွှတ်တော်ရုံးတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

| No | Description | Country of Origin | Qty |
|---|---|---|---|
| 1. | Sony Optical Disc Archive Drive Unit For PC Mdl:ODSD-77U(Archiving Unit) | Japan | 3 |

**တင်ဒါရောင်းချမည့် ရက်/အချိန်** - ၅-၉-၂၀၁၆ရက်မှ ၉-၉-၂၀၁၆ ရက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၉-၂၀၁၆ ရက် ၁၆း၀၀နာရီ
**တင်ဒါပုံစံများရောင်းချမည့် နေရာနှင့်တင်သွင်းရမည့်နေရာ** - အမျိုးသားလွှတ်တော်ရုံး 1 G ဆောင် နေပြည်တော်

၂။ တင်ဒါပုံစံ(၁)စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၂၃၅၊ ၀၆၇-၅၉၁၃၈၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်**
**ဝယ်ယူရမည့်ပစ္စည်းများအားဝယ်ယူရေးအဖွဲ့**
**အမျိုးသားလွှတ်တော်ရုံး**

**အမည်မှန်**

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(စ)မှ မအိမ်းနွယ်၏အမည်မှန်မှာ မအိမ်းနွယ်နပ်ဖြစ်ပြီး ဖခင်ဦးဂျိုးဇက်၏ အမည်မှန်မှာ ဦးဆိုင်နပ်(ခ)ဦးဂျိုးဇက် ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ကြောင်း**

လားရှိုးမြို့၊ လားရှိုးတက္ကသိုလ်၊ သင်္ချာနောက်ဆုံးနှစ်မှ နန်းအေးနွန်း (ခ)နန်းအေးနွမ်း ၁၃/လရန(နိုင်) ၁၆၀၅၆၄မှာ တစ်ဦးတည်းဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3A/8699 Toyota Corolla S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း၁၂/ပဘတ(နိုင်)၀၂၄၁၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

# ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေများစာရင်း

**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ ဩဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည်-

***ယမန်နေ့မှအဆက်***

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နယကဥပဒေအမှတ် ၂/၂၀၁၀) | **ပြည်ထောင်စု လွှတ်တော်** | |
| ၂။ | ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (နယကဥပဒေအမှတ် ၃/၂၀၁၀) | | |
| ၃။ | အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ (နယကဥပဒေအမှတ် ၄/၂၀၁၀) | | |
| ၄။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ (နယကဥပဒေအမှတ် ၅/၂၀၁၀) | | |
| ၅။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ (ပထစဥပဒေအမှတ် ၃/၂၀၁၂) | | |
| ၆။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေ (၂/၂၀၁၅) | | |

### နိုင်ငံခြားရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ကမ္ဘာ့ကုလသမဂ္ဂ (အခွင့်အရေးများနှင့်ကင်းလွတ်ခွင့်များ) အက်ဥပဒေ(ဥပဒေအမှတ် ၄၁/ ၁၉၄၉ ခုနှစ်၊ အတွဲ - ၁) | | |
| ၂။ | သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ)အက်ဥပဒေ (ဥပဒေအမှတ် ၁၉/ ၁၉၅၄ခုနှစ်၊ အတွဲ - ၁၀) | | |
| ၃။ | ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ (ဥပဒေအမှတ် ၃/၁၉၇၇ ခုနှစ်) | အစိုးရအဖွဲ့ရုံး | |

### နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Chin Special Division (Extension of Laws) Act, 1948 (Act 48, 1948, Vol.XIII) | | |
| ၂။ | The State (Extension of Laws) Act, 1948 (Act 50, 1948, Vol.XIII) | | |
| ၃။ | The State (Extension of Laws) Act, 1949 (Act 15, 1949, Vol.XIII) | | |
| ၄။ | The Kayah State (Extension of Laws) Act (Act 35, 1949, Vol.XIII) | | |
| ၅။ | The ThanlwinDistrict (Extension of Laws) Act, 1949 (Act 61, 1949, Vol.XIII) | | |
| ၆။ | The Wa States and Ko Kang State Criminal Law Extension Act, 1955 (Act 31, 1955) | | |
| ၇။ | The Shan State Criminal Law and Procedure Extension Act, 1959 (Act 45, 1959) | | |
| ၈။ | ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်းအက်ဥပဒေ (ဥပဒေအမှတ် ၄၉/ ၁၉၄၈ ခုနှစ်၊ အတွဲ-၁၃) | | |
| ၉။ | ၁၉၆၀ ပြည့်နှစ်၊ ပြည်နယ်များရာဇဝတ် တရားဥပဒေအကျိုးသက်ရောက်ရေးအက်ဥပဒေ (ဥပဒေအမှတ် ၃၃/ ၁၉၆၀ ခုနှစ်) | | |
| ၁၀။ | ၁၉၆၃ ခုနှစ်၊ တရားဥပဒေများ အာဏာတည်စေခြင်းနှင့်ရုပ်စဲစေခြင်းဥပဒေ (ဥပဒေအမှတ်၄/၁၉၆၃ ခုနှစ်) | | |
| ၁၁။ | ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေ (ဥပဒေအမှတ် ၂၂/ ၁၉၇၃ ခုနှစ်) | | |
| ၁၂။ | ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်နယ်ဝင်အဖြစ် ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များအား လစဉ်ချီးမြှင့်ငွေပေးရေးဥပဒေ (တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁/၁၉၇၄ ခုနှစ်) | | ဦးစီးအဖွဲ့ |
| ၁၃။ | ပြည်သူ့ကိုယ်စားလှယ်များ၏ခံစားခွင့်ဥပဒေ (ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၂/၁၉၇၅) | | |
| ၁၄။ | ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင် အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေ (ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၃/၁၉၇၇) | ပြည်ထဲရေး | |
| ၁၅။ | နိုင်ငံရေးပင်စင်ဥပဒေ(ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄/၁၉၈၀ ပြည့်နှစ်) | ဘဏ္ဍာရေး | |
| ၁၆။ | အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သောအသုံးစရိတ်ဆိုင်ရာ အထူးရန်ပုံငွေ ဥပဒေ (နယက ဥပဒေအမှတ် ၁၀/၂၀၁၁) | | |
| ၁၇။ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ(ပထစဥပဒေအမှတ် ၂၁/၂၀၁၄) | လူ့အခွင့်အရေး ကော်မရှင် | |

### ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Land and Revenue Act India Act 2,1876,Vol.III) | စိုက်/ မွေး/ ဆည်၊ စည်ပင် | |
| ၂။ | The Upper Myanmar Land and Revenue Regulation (Reg.3, 1889, Vol.III) | စိုက်/ မွေး/ ဆည်၊ စည်ပင် | |
| ၃။ | The Lower Myanmar Town and Village Land Act (India Act 4, 1898,Vol.X) | စိုက်/ မွေး/ ဆည်၊ စည်ပင် | |
| ၄။ | The District Cesses Act (India Act 2,1889,Vol.III) | | |
| ၅။ | The Revenue Recovery Act (India Act 1, 1890,Vol.III) | ဘဏ္ဍာရေး | |
| ၆။ | The Land Acquisition Act (India Act I, 1894,Vol.XI) | ဘဏ္ဍာရေး | |
| ၇။ | The State Grants Act (India Act 15, 1895,Vol.10) | ဆောက်လုပ်ရေး၊ စည်ပင် | |
| ၈။ | The Arms Act (India Act II,1878,Vol.II) | | |
| ၉။ | The Arms (Temporary Amendment) Act (51, 1951) | | |
| ၁၀။ | လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ) အက်ဥပဒေ(ဥပဒေအမှတ် ၃၁/ ၁၉၄၉) | | |
| ၁၁။ | The Explosives Substances Act (India Act 6, 1908, Vol.II) | | |
| ၁၂။ | The Prisons Act (India Act 9,1894,Vol.I) | | |
| ၁၃။ | The Prisoners Act (India Act 3,1900,Vol.I) | | |
| ၁၄။ | The Identification of Prisoners Act (India Act 33, 1920,Vol.I) | | |
| ၁၅။ | The Yangon Police Act (India Act 4, 1899,Vol.I) | | |
| ၁၆။ | The Police Act,1945 (6, 1945) | | |
| ၁၇။ | The Myanmar Extradition Act (India Act, 15,1903, Vol.I) | | |
| ၁၈။ | The Unlawful Associations Act (India Act 4, 1908,Vol.II) | | |
| ၁၉။ | The Myanmar Excise Act (India Act 5, 1917, VoL.III) | | |
| ၂၀။ | The Myanmar Passport Act (India Act 34, 1920 VoL.1) | အလုပ်သမား | |
| ၂၁။ | The Myanmar Official Secrets Act (19, 1923) | | |
| ၂၂။ | The Public Order (Preservation) Act (Myanmar Act 16, 1947, Vol.II) | | |
| ၂၃။ | The Public Property Protection Act (83, 1947) | | |
| ၂၄။ | ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ (ဥပဒေအမှတ် ၂၄/၁၉၄၉) | လူ / ကယ် / ပြန် | |
| ၂၅။ | အရေးပေါ်စီမံမှုအက်ဥပဒေ (ဥပဒေအမှတ် ၁၇/၁၉၅၀) | | |
| ၂၆။ | ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေ(ဥပဒေအမှတ် ၁၉/၁၉၅၁ ခုနှစ်၊ အတွဲ-၈) | တရားလွှတ်တော်ချုပ် | |
| ၂၇။ | အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာနအက်ဥပဒေ (ဥပဒေအမှတ် ၅၀/၁၉၅၁) | | |
| ၂၈။ | နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေးအက်ဥပဒေ (ဥပဒေအမှတ် ၄၇/၁၉၅၄) | ပြန်ကြားရေး | |
| ၂၉။ | ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ (ဥပဒေအမှတ် ၃၉/၁၉၅၉) | | |
| ၃၀။ | ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ(ဥပဒေအမှတ်၈/၁၉၆၀) | | |
| ၃၁။ | ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ (ဥပဒေအမှတ် ၁၂/၁၉၆၁) | တရားလွှတ်တော်ချုပ် | |
| ၃၂။ | ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ (ဥပဒေအမှတ် ၁/၁၉၆၃) | | |
| ၃၃။ | ကျွဲနွားတိရစ္ဆာန်ကျော်နင်းမှုဥပဒေ (ဥပဒေအမှတ် ၁၁/ ၁၉၈၅ ခုနှစ်) | | |
| ၃၄။ | တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကိုအရေးယူသည့်ဥပဒေ (ဥပဒေအမှတ် ၃/ ၁၉၈၆ ခုနှစ်) | | |
| ၃၅။ | လောင်းကစားဥပဒေ (ဥပဒေအမှတ်၆/၁၉၈၆ခုနှစ်) | | |
| ၃၆။ | မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ (ဥပဒေအမှတ် ၁/ ၁၉၈၇ ခုနှစ်) | | |
| ၃၇။ | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ (နဝတဥပဒေအမှတ် ၁/ ၁၉၉၃) | ကျန်းမာရေး၊ လူ/ကယ်/ပြန် | |
| ၃၈။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေ (နဝတဥပဒေအမှတ် ၄/၁၉၉၅) | | |
| ၃၉။ | ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ (နယကဥပဒေအမှတ် ၄/၂၀၀၄)<br>နိုင်ငံခြားရေး၊ တရားလွှတ်တော်ချုပ်၊ ရှေ့နေချုပ်ရုံး | | |
| ၄၀။ | လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (နယကဥပဒေအမှတ် ၅/ ၂၀၀၅) | လူ/ကယ်/ပြန်၊ အလုပ်သမား၊ ရှေ့နေချုပ်ရုံး | |
| ၄၁။ | နိုင်ငံတော်အလံဥပဒေ (နယကဥပဒေအမှတ် ၈/ ၂၀၁၀) | | |
| ၄၂။ | နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ (နယကဥပဒေအမှတ် ၉/ ၂၀၁၀) | | |
| ၄၃။ | နိုင်ငံတော်သီချင်းဥပဒေ (နယကဥပဒေအမှတ် ၁၀/၂၀၁၀) | | |
| ၄၄။ | ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၁၅/ ၂၀၁၁) | | |
| ၄၅။ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ (ပထစဥပဒေအမှတ် ၁/ ၂၀၁၂) | | |
| ၄၆။ | ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၁၁/ ၂၀၁၄) | ဘဏ္ဍာရေး | |
| ၄၇။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၃/ ၂၀၁၄) | ပို့ / ဆက် | |
| ၄၈။ | အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၃၁/ ၂၀၁၄) | | |
| ၄၉။ | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (ပထစဥပဒေအမှတ် ၁၁/ ၂၀၁၅) | | |
| ၅၀။ | နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၅/ ၂၀၁၆) | | |

### ကာကွယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Myanmar Territorial Force Act (Vol.II) | | |
| ၂။ | လက်နက်ကိုင်တပ်ပေါင်းစုံ (ပြောင်းရွှေ့ရေး)အက်ဥပဒေ (ဥပဒေအမှတ် ၆၃/ ၁၉၄၈ ခုနှစ်၊ အတွဲ-၂) | | |
| ၃။ | ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေး (စစ်ဆင်မှုအထူးစီမံချက်) အက်ဥပဒေ (၁၉၅၆ ခုနှစ်၊ အတွဲ - ၁၀) | | |
| ၄။ | ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ (ဥပဒေအမှတ် ၄၃/ ၁၉၅၉ ခုနှစ်) | | |
| ၅။ | မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေ (နဝတဥပဒေအမှတ် ၁၇/၁၉၈၉) | | |
| ၆။ | စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေ (နဝတဥပဒေအမှတ် ၂၆/၁၉၈၉) | | |
| ၇။ | ပြည်သူ့စစ်မှုထမ်းဥပဒေ (နယကဥပဒေအမှတ် ၂၇/၂၀၁၀) | | |
| ၈။ | အရန်တပ်ဖွဲ့ဥပဒေ(နယကဥပဒေအမှတ် ၂၈/ ၂၀၁၀) | | |
| ၉။ | ရဲေဘာ်များလက်နက်တပ်ဆင်မှု တားမြစ်ရေးဥပဒေ (နယကဥပဒေအမှတ် ၂၉/ ၂၀၁၀) | | |
| ၁၀။ | တပ်မတော်ဆိုင်ရာသယ်ယူပို့ဆောင်ရေး အသုံးပြုခြင်းဥပဒေ (နယကဥပဒေအမှတ် ၃၀/ ၂၀၁၀) | | |
| ၁၁။ | နိုင်ငံတော်ကာကွယ်ရေးအဆောက်အအုံနှင့် လုပ်ငန်းများဥပဒေ(နယကဥပဒေအမှတ်၃၁/ ၂၀၁၀) | | |
| ၁၂။ | တပ်မြို့စည်ပင်သာယာရေးဥပဒေ (နယကဥပဒေအမှတ် ၃၂/ ၂၀၁၀) | | |
| ၁၃။ | မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၈/ ၂၀၁၂) | | |

### နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်ဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၁) | တိုင်းရင်းသား | |
| ၂။ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (နဝတ ဥပဒေအမှတ် ၁၁/၁၉၉၃) | တိုင်းရင်းသား | |

*(ဆက်လက်ဖော်ပြပါမည်)*

## ပြည်ထဲရေးဝန်ကြီးဌာန

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆောင်ရွက်မှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆)ကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ပြည်ထဲရေးဝန်ကြီးဌာန၌ ကျင်းပရာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဝင်းသိန်းက အမျိုးသားအဆင့် အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ သတင်းပို့ချက်များအား Online Reporting စနစ်နှင့် Website တည်ထောင်ရန် စီမံဆောင်ရွက်ထားမှု၊ FATF ၏ Public Statement မှ လွတ်မြောက်မှု၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အမှုစစ်ဆေးမှု၊ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်စစ်ဆေးမည့် APG ၏ အပြန်အလှန် အကဲဖြတ်ရေးအဖွဲ့မှ စစ်ဆေးခံနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက ဖြည့်စွက် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုရှေ့နေချုပ်




# ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းဝင်သင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဩဂုတ်လ နောက်ဆုံးပတ် က ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်)များလုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၁/၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် ပြည်သူများအတွက် တရားမျှတမှုရရှိရေးဆောင်ရွက်မှု လုပ်ငန်းအထောက်အကူပြုနိုင်မည့် ဥပဒေအရာရှိကောင်းများအဖြစ် ကြိုးပမ်းထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်ဥပဒေအရာရှိများသည် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာ၍ စဉ်ဆက်မပြတ် ကြိုးစားသင်ယူလေ့လာနေကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## စက်မှုဝန်ကြီးဌာန

# အိန္ဒိယနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အားအိန္ဒိယနိုင်ငံ Indo-Myanmar Chamber of Commerce & Industries (IMCCI)မှ Vice President , Mr. Ashok Murarka ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အမေရိကန်နိုင်ငံအခြေစိုက် CNHI International SACo., Ltd.မှ Brand Leader , Mr. Michelangelo Amelia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ မွန်းလွဲပိုင်းတွင်လည်းကောင်း စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အိန္ဒိယကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍကို အကျိုးဖြစ်ထွန်းစေမည့် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ ဇီဝလောင်စာသုံး စွမ်းအင်ထုတ်လုပ်မှုနည်းပညာများ အပြန်အလှန်ဖလှယ်ရေး၊ စားသောက်ကုန်ထုတ်လုပ်မှုနှင့် အထည်အလိပ်ထုတ်လုပ်မှု ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဘွိုင်လာ ထုတ်လုပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပြုပြင်ခြင်းတို့အတွက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# မသန်စွမ်းသူများ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီခွဲက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား International Labour Organization (ILO) အဖွဲ့အစည်းမှ Liaison Officer, Mr. Rory Mungoven ဦးဆောင်သည့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကလေးအလုပ်သမားကိစ္စရပ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကိစ္စရပ်များ၊ လူငယ်မူဝါဒရေးဆွဲနေမှုအခြေအနေများ၊ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# ဝန်ကြီးဌာနနှင့် UNHCR တို့အကြား လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Daisy Dell နှင့်အဖွဲ့အား ဩဂုတ်လ နောက်ဆုံးပတ်က နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာ၌ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားများ ပြန်လည်လက်ခံရေးနှင့် မလေးရှားနိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေး လုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်

# မြန်မာလွှတ်တော်များ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဗြိတိန်နိုင်ငံနှင့် ဗြိတိန်လွှတ်တော်တို့မှ ကူညီထောက်ပံ့မှုအစီအစဉ်များ ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၃**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ Minister of State Mr.Roderick James Nugent Stewart ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ နောက်ဆုံးပတ်က နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံး ညှိခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ လွှတ်တော်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာလွှတ်တော်များ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဗြိတိန်နိုင်ငံနှင့် ဗြိတိန်လွှတ်တော်တို့မှ ကူညီထောက်ပံ့မှုအစီအစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# နှစ်နိုင်ငံကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး ကိစ္စဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ် ၃၀ ရက် နံနက် ၁၁ နာရီခွဲတွင် အိန္ဒိယနိုင်ငံ အိန္ဒိယ-မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (Indo Myanmar Chamber of Commerce and Industries - IMCCI) မှ Vice President, Mr. Rohinton Engineer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးရုံးညှိခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးပူးပေါင်းဆောင်ရွက်ရေး၊ အရည်အသွေးကောင်းမွန်သော စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေး၊ နှစ်နိုင်ငံနယ်စပ်ဂိတ်များတွင် ဆိုက်ရောက်ဗီဇာရရှိနိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# မွေးမြူရေးကဏ္ဍကို အခြေခံသော သမအသင်းများဖွဲ့စည်းနိုင်ရေး စည်းဝေး

**နေပြည်တော် စက်တင်ဘာ ၃**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်မှာ မြေမဲ့ယာမဲ့များအတွက် စုပေါင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ဒေသထွက်ကုန်များ ထုတ်လုပ်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ထူထောင်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးခြင်းတို့ အဓိကလိုအပ်လျက်ရှိနေကြောင်း ဩဂုတ် ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကြံသနွယ် ကျေးရွာအုပ်စု စိုင်တမော့ကြီးကျေးရွာ၌ ကျင်းပသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကိုအခြေခံသော သမဝါယမအသင်းများဖွဲ့စည်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာထွန်းဝင်းက ပြောကြားသည်။

**(သတင်းစဉ်)**



## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန



# နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ Minister of State Mr.Roderick James Nugent Stewart ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ နောက်ဆုံးပတ်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ တွေ့ဆုံ၍ မြန်မာနိုင်ငံသို့ ဗြိတိန်နိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီ အထောက်အပံ့ပေးရေး အစီအစဉ်များ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့် လုပ်ငန်းဦးစီးဌာနများ

ဇယား(၆)

(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၂,၁၁၇.၃၂၃ | | | ၂,၃၃၅.၀၀၀ | | | | | ၁၄,၄၅၂.၃၂၃ |
| | ပေါင်း | | ၁၂,၁၁၇.၃၂၃ | | | ၂,၃၃၅.၀၀၀ | | | | | ၁၄,၄၅၂.၃၂၃ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၇)

(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၈,၆၀၆.၇၀၀ | | | | | | | | | ၁၈,၆၀၆.၇၀၀ |
| ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၄၈,၉၁၀.၀၀၀ | | | | | | | | | ၄၈,၉၁၀.၀၀၀ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၄၂၉,၃၀၀.၈၅၄ | | | | ၁၇,၀၇၉.၆၂၆ | | ၂၁၀,၉၇၃.၁၀၀ | | | ၆၅၇,၃၅၃.၅၈၀ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၅၄၆,၁၃၃.၃၃၈ | | | | ၆၄.၂၅၀ | | | | | ၅၄၆,၁၉၇.၅၈၈ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၄,၅၉၄,၂၀၇.၀၄၁ | | | | ၁,၄၉၈.၈၆၅ | | ၂၁၅,၂၆၈.၄၄၃ | | | ၄,၈၁၀,၉၇၄.၃၄၉ |
| ၆ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၂၄၀,၃၉၃.၄၆၃ | | | | | | ၇၄,၁၅၉.၁၀၀ | | | ၃၁၄,၅၅၂.၅၆၃ |
| ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃၈၅,၅၆၆.၁၀၀ | | | | ၁,၂၅၀.၆၀၃ | | ၃၂,၇၀၀.၅၄၄ | | | ၄၁၉,၅၁၇.၂၄၇ |
| | | ၎င်း | | | | | | | | | | | | |
| | ပေါင်း | | | | ၆,၂၆၆,၀၀၇.၃၉၃ | | | | ၁၉,၉၉၃.၃၄၄ | | ၅၃၃,၁၀၁.၁၈၇ | | | ၆,၈၁၉,၁၀၁.၉၂၄ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၈)

(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးငွေများ - သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | သုံးငွေပေါင်း | မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် သာမန်သုံးငွေများ (လုပ်ငန်းသုံးရင်းနှီးငွေ) - သာမန်သုံးငွေများ | ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ | သုံးငွေပေါင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၄+၅+၆+၇+၈) | ၁၀ | ၁၁ | ၁၂(၁၀+၁၁) | ၁၃(၉+၁၂) |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | ၁,၇၄၀.၂၈၈ | | | | ၁,၇၄၀.၂၈၈ | ၁၆,၅၃၆.၃၆၃ | ၉၇၄.၁၄၂ | ၁၇,၅၁၀.၅၀၅ | ၁၉,၂၅၀.၇၉၃ |
| ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄၀,၈၆၁.၈၄၄ | ၁၉.၉၀၁ | | | | ၄၀,၈၈၁.၇၄၅ | | | | ၄၀,၈၈၁.၇၄၅ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၀၂,၁၁၁.၆၇၄ | ၂၇၈,၂၆၁.၉၂၅ | | ၃၃,၀၃၅.၉၀၉ | | ၄၁၃,၄၀၉.၅၀၈ | ၈၈,၂၄၉.၃၉၇ | ၂၃၀,၉၅၅.၂၄၀ | ၃၁၉,၂၀၄.၆၃၇ | ၇၃၂,၆၁၄.၁၄၅ |
| ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂,၅၅၄.၇၄၂ | ၂၀၉.၉၉၄ | | ၃၈၀.၁၈၆ | | ၃,၁၄၄.၉၂၂ | ၁၈၁,၈၇၇.၇၃၁ | ၁၇၆,၆၇၄.၉၉၆ | ၃၅၈,၅၅၂.၇၂၇ | ၃၆၁,၆၉၇.၆၄၉ |
| ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၈၉,၁၄၂.၅၆၈ | ၃၃၁,၄၆၅.၇၃၈ | | ၂၂၇,၉၇၄.၀၉၂ | | ၇၄၈,၅၈၂.၃၉၈ | ၂,၉၈၂,၁၄၉.၅၇၉ | ၈၈၉,၅၀၈.၀၇၃ | ၃,၈၇၁,၆၅၇.၆၅၂ | ၄,၆၂၀,၂၄၀.၀၅၀ |
| ၆ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၁၁,၄၄၇.၆၀၅ | ၂၁၅,၂၂၀.၉၂၉ | | ၆၃,၁၄၇.၈၃၂ | | ၃၈၉,၈၁၆.၃၆၆ | ၁၄၈,၇၈၆.၃၀၀ | ၈,၄၇၅.၅၂၅ | ၁၅၇,၂၆၁.၈၂၅ | ၅၄၇,၀၇၈.၁၉၁ |
| ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄၃၅,၂၀၅.၆၀၆ | ၁၄,၂၃၄.၅၉၀ | | | ၃၅,၅၄၄.၃၅၉ | ၄၈၄,၉၈၄.၅၅၅ | | | | ၄၈၄,၉၈၄.၅၅၅ |
| | ပေါင်း | | ၈၈၁,၄၂၄.၀၃၉ | ၈၆၁,၁၄၄.၃၆၆ | | ၃၂၄,၅၃၈.၀၁၉ | ၃၅,၅၄၄.၃၅၉ | ၂,၁၀၂,၆၆၀.၇၈၃ | ၃,၄၁၇,၅၉၉.၃၈၀ | ၁,၃၀၆,၅၈၇.၉၇၆ | ၄,၇၂၄,၁၈၇.၃၅၆ | ၆,၈၂၆,၈၄၈.၁၃၉ |

*ဆက်လက်ဖော်ပြပါမည်*

မြန် မာ့ ရိုး ရာ အား က စား

# စောင့်ကြည့်ရတော့မယ့် ရိုးရာလက်ဝှေ့လောကရဲ့ ရှက်ပုန်းသီးမျိုးဆက်သစ်များ အနာဂတ်လားရာ . . .

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

**ငါးနှစ်ကျော်ကြာ အဆက်ပြတ်သွားတဲ့ ရိုးရာလက်ဝှေ့လောကရဲ့(၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနဲ့ ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး ပြီးဆုံးသွားပြီဖြစ်ပါတယ်။ ပြိုင်ပွဲကြီးကို ဩဂုတ် ၂၄ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံမှာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ရဲ့ဦးဆောင်စီစဉ်မှုနဲ့ ရှစ်ရက်တိုင်တိုင် ရက်ဆက်ကျင်းပခဲ့ပြီး အတန်းလေးတန်းဖြစ်တဲ့ (က)တန်း၊ (ခ)တန်း၊ (ဂ)တန်းနဲ့ အဓိက ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဖော်ထုတ်ချင်တဲ့ နိုင်ငံတစ်ဝန်းမှ ရှက်ပုန်းသီး မျိုးဆက်သစ်လူသစ်တန်းပြိုင်ပွဲတို့ကို ထည့်သွင်းယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ တွဲဆိုင်း ၁၁၀ မှာ နိုင်ငံတစ်ဝန်းမှ ရှက်ပုန်းသီးမျိုးဆက်သစ်လူသစ်တန်း ပထမ ရွှေတံဆိပ်ဆုရှင် ကိုးဦး၊ ဒုတိယငွေတံဆိပ်ဆုရှင် ကိုးဦးနဲ့ တတိယကြေးတံဆိပ်ဆုရှင်လက်ဝှေ့ကျော် ၂၀ ခန့်အပါအဝင် နိုင်ငံတစ်ဝန်း ပုန်းလျှိုးနေတဲ့ ရှက်ပုန်းသီး မျိုးဆက်သစ်လက်ဝှေ့ကျော် ၄၀ ဝန်းကျင်ကို မွေးထုတ်ပေးနိုင်ခဲ့ပါပြီ။ ပြိုင်ပွဲကြီးမှာ အဓိကဖော်ထုတ်ချင်တာကတော့ ရိုးရာလက်ဝှေ့ ရေရှည်တည်တံ့ခိုင်မြဲဖို့နဲ့ နိုင်ငံတကာကိုထိုးဖောက်နိုင်ဖို့ နိုင်ငံတစ်ဝန်းမှ ရှက်ပုန်းသီး မျိုးဆက်သစ်များအတွက် အဓိကထား ရည်ရွယ်ကျင်းပတာဖြစ်တယ်လို့ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရပါတယ်။**

ပြိုင်ပွဲကြီးမှ ယခုပေါ်ထွက်လာတဲ့ ရှက်ပုန်းသီးမျိုးဆက်လူသစ်တန်း ရွှေတံဆိပ်ဆုရှင်များကတော့ (၄၈) ကီလိုတန်းမှာ လှိုင်းထက်အောင်(ကရင်ပြည်နယ်)၊ (၅၁) ကီလိုတန်းမှာ အာကာမင်း(မန္တလေး)၊ ၅၄ ကီလိုတန်း ထူးနေသူ(ကရင်ပြည်နယ်)၊ (၅၇) ကီလိုတန်းပြိုင်ပွဲမှာ သူထက်အောင်(ကရင်ပြည်နယ်)၊ ၆၀ ကီလိုတန်း ဆလိုင်းချမ်းမြေ့ကို(ရန်ကုန်)၊ ၆၃ ဒသမ ၅ ကီလိုတန်း ဆောင်းကိုဦး(တနင်္သာရီ)၊ ၆၇ ကီလိုတန်းမှာ စိန်မျိုးအောင်(ကရင်ပြည်နယ်)၊ (၇၁) ကီလိုတန်းမှာ ထွန်းလင်းခန့်(စစ်ကိုင်း)နဲ့ လူသစ်ဝိတ်တန်းအမြင့်ဆုံးဖြစ်တဲ့ (၇၅) ကီလိုတန်းမှာ ရဲသွေး(ရန်ကုန်)တို့က နောက်ဆုံးအဆင့်ပြိုင်ပွဲများမှာ အသီးသီးအနိုင်ရကာ ရွှေတံဆိပ်ဆုများကို ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။

လူသစ် (၄၈) ကီလိုတန်းပြိုင်ပွဲကိုကြည့်ရင် ရွှေတံဆိပ်ဆုရှင် လှိုင်းထက်အောင်(ကရင်ပြည်နယ်) ဟာ ပထမပွဲစဉ်ဖြစ်တဲ့ အောင်သူထွန်း(ရန်ကုန်)နဲ့ပွဲမှာ ဒုတိယအချီ ၃၄ စက္ကန့်မှာ အလဲထိုး၊ နောက်တစ်ဆင့် ကျော်သက်ခိုင် ဦး(ကချင်ပြည်နယ်)နဲ့ပွဲမှာ ပထမအချီ ၆ စက္ကန့်မှာပင်အလဲထိုးနဲ့နိုင်ခဲ့ကာ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး နောက်ဆုံးအဆင့် ဗိုလ်လုပွဲမှာတော့ ကိုသက်(တနင်္သာရီ)နဲ့ ယှဉ်ပြိုင်ထိုးသတ်ရာမှာ သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်ခဲ့လို့ အမှတ်နဲ့ဆုံးဖြတ် ရာမှာ အနိုင်ရကာ ယခုလိုရွှေတံဆိပ် ဆုရှင်ဖြစ်လာတာဖြစ်ပါတယ်။ ၅၁ ကီလိုတန်း ရွှေတံဆိပ်ဆုရှင် အာကာမင်း(မန္တလေး)ကတော့ ပထမပွဲစဉ်မှာ ဟိန်းထက်ကိုကို (ဧရာဝတီ)ကို ပထမအချီ ၂မိနစ် ၂၃ စက္ကန့်မှာပဲ အလဲထိုးနဲ့နိုင်ခဲ့ပြီး ဒုတိယပွဲစဉ် နေလင်းမာန်( ရန်ကုန်)နဲ့ ယှဉ်ပြိုင်ရာ ပထမအချီ ၁မိနစ် ၅၆ စက္ကန့်မှာပင် အလဲထိုးနိုင်ခဲ့ကာ နောက်ဆုံးဗိုလ်လုပွဲဖြစ်တဲ့ လင်းထက်အောင်(ကရင်ပြည်နယ်)နဲ့ပွဲမှာတော့ အမှတ်နဲ့ အနိုင်ရကာ ရွှေတံဆိပ်ဆွတ်ခူးခဲ့တာဖြစ်တယ်။ တစ်ဆင့်မြင့် ဝိတ်တန်းဖြစ်တဲ့ လူသစ် ၅၄ ကီလိုတန်းမှာဗိုလ်စွဲကာ ရွှေတံဆိပ်ဆုရှင်ဖြစ်လာတဲ့ ထူးနေသူ (ကရင်ပြည်နယ်) ကတော့ ပထမဆုံးတွေ့ဆုံတဲ့ အောင်စိုးဟိန်း (ကချင်ပြည်နယ်)နဲ့ပွဲမှာ ပထမအချီမှာပဲ ခုံဒိုင်ချုပ်ကလက်ရည်မမျှဟုယူဆကာ အနိုင်ရခဲ့ပြီး ဒုတိယပွဲစဉ်ဖြစ်တဲ့ ငွေခါး(မကွေး)ကို လက်ရည်မမျှဒိုင်ပွဲရပ်နဲ့ တက်လာတဲ့ ဇျက္ခ(မန္တလေး)ကို အမှတ်နဲ့အနိုင်ရခဲ့ကာ နောက်ဆုံးအဆင့် ဗိုလ်လုပွဲမှာတော့ ရွှေကျောင်းသား (မွန်ပြည်နယ်)နဲ့ တွေ့ဆုံတဲ့အခါမှာ ရေကုန်ရေခန်းယှဉ်ပြိုင်ထိုး သတ်ကာအမှတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ (၅၇)ကီလိုတန်း ရွှေတံဆိပ်ဆုရှင် သူထက်အောင်(ကရင်ပြည်နယ်) ကတော့ ပထမဆုံးထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နေမိုက်သွေး(စစ်ကိုင်း)ကို အမှတ်နဲ့ နိုင်ခဲ့သလို ဒုတိယပွဲစဉ်ဖြစ်တဲ့ ဆန္ဒအောင်(ရန်ကုန်)နဲ့ပွဲမှာလည်း အမှတ်နဲ့နိုင်ခဲ့ပြီး နောက် ဆုံးဗိုလ်လုပွဲဖြစ်တဲ့ ဇော်ဝင်းထိုက်(တနင်္သာရီ)နဲ့ပွဲမှာလည်းအမှတ်နဲ့သာ အနိုင်ရခဲ့ကာ ပထမ ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ လူသစ် ၆၀ ကီလိုတန်းရွှေတံဆိပ်ဆုရှင် ဆလိုင်းချမ်းမြေ့ကို(ရန်ကုန်)ဟာ ပထမပွဲစဉ်ဖြစ်တဲ့ အောင်ဖြိုးမင်း(တနင်္သာရီ)နဲ့ပွဲမှာ ပထမအချီ ၅၆ စက္ကန့်မှာပင် အလဲထိုး၊ ဒုတိယပွဲစဉ်ဖြစ်တဲ့ လင်းနိုင်(ကရင်ပြည်နယ်)နဲ့ပွဲမှာ ဒုတိယအချီ ၁၂ စက္ကန့်တွင် ဘယ်ဒူးတိုက်ချက်နဲ့ ပွဲသိမ်းအနိုင်ယူခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲမှာတော့ ငမန်းရိုင်း(မွန်ပြည်နယ်)နဲ့ တွေ့ဆုံရာမှာ ပထမအချီ ၂ မိနစ် ၅၂ စက္ကန့်မှာပင် ခုံဒိုင်ချုပ် ဆုံးဖြတ်ချက်အရ လက်ရည်မမျှ ဒိုင်ပွဲရပ်နဲ့ အနိုင်ရဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။



လူသစ် ၆၃ ဒသမ ၅ ကီလိုတန်းမှ ရွှေတံဆိပ်ဆုရှင် ဆောင်းကိုဦး(တနင်္သာရီ)



လူသစ် (၆၇)ကီလိုတန်းမှ ရွှေတံဆိပ်ဆုရှင် စိန်မျိုးအောင်(ကရင်ပြည်နယ်)

လူသစ် ၆၃ ဒမသ ၅ ကီလိုတန်းမှာ ဗိုလ်စွဲကာ ပထမရွှေတံဆိပ်ဆုရှင်ဖြစ်လာတဲ့ ဆောင်းကိုဦး(တနင်္သာရီ) ကတော့ ပထမဆုံးတွေ့ဆုံတဲ့ ရန်နိုင်စိုး (ကချင်ပြည်နယ်)နဲ့ပွဲမှာ ပထမအချီ ၂ မိနစ် ၂၅ စက္ကန့်အတွင်း ယှဉ်ပြိုင်ရာမှာ လက်ရည်မမျှဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပွဲစဉ်ဖြစ်တဲ့ ဗိုလ်ခါချဉ်(မွန်ပြည်နယ်)နဲ့ပွဲမှာ အမှတ်နဲ့ နိုင်ခဲ့ကာ နောက်ဆုံးဗိုလ်လုပွဲဖြစ်တဲ့ သန့်ဇင်ထွန်း (ကရင်ပြည်နယ်)နဲ့ပွဲမှာတော့ ဒုတိယအချီ ၁ မိနစ် ၁၉ စက္ကန့်မှာပဲ အလဲထိုးနဲ့ နိုင်ခဲ့တာဖြစ်ပါတယ်။ နောက်တစ်ဆင့်ဖြစ်တဲ့ (၆၇) ကီလိုတန်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရှင်ဖြစ်လာတဲ့ ရှက်ပုန်းသီးမျိုးဆက်သစ်ကတော့ စိန်မျိုးအောင် (ကရင်ပြည်နယ်)ဖြစ်ပါတယ်။ စိန်မျိုးအောင်(ကရင်ပြည်နယ်) ဟာ ပထမဆုံးပွဲစဉ်ဖြစ်တဲ့ အောင်လှိုင်ဝင်း(တနင်္သာရီ)နဲ့ ထိပ်တိုက်တွေ့ ဆုံရာမှာ အောင်လှိုင်ဝင်းက ဆေးကျသဖြင့် အနိုင်ရခဲ့ပြီး နောက်တစ်ဆင့်မှာတော့ မိုးဇာရွှေကို (စစ်ကိုင်း)နဲ့တွေ့ဆုံရာမှာ ပထမအချီ ၂ မိနစ် ၃၆ စက္ကန့်မှာပင် အလဲထိုးနဲ့အနိုင်ရခဲ့ကာ နောက်ဆုံးရွှေတံဆိပ်လုပွဲမှာတော့ ထက်လင်း (ရန်ကုန်)ကို ပထမအချီ ၁ မိနစ် ၂၅ စက္ကန့်မှာ ထက်လင် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိတော့သဖြင့် အလဲထိုးနဲ့အနိုင်ရကာ နောင်ဆုံးအဆင့်ဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။ လူသစ် ၇၁ ကီလိုတန်း ရွှေတံဆိပ် ဆွတ်ခူးခဲ့တဲ့ ထွန်းလင်းခန့် (စစ်ကိုင်း)ကတော့ ပထမဆုံးယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ နိုင်လင်း (ကယားပြည်နယ်)နဲ့ပွဲမှာ ပထမအချီ ၂ မိနစ် ၂၅ စက္ကန့်မှာပင် အလဲထိုးနဲ့နိုင်ခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ဖျံစိုး (မကွေး)ကို အနိုင်ရခဲ့တဲ့ မင်းအောင်အောင်(ကရင်ပြည်နယ်)နဲ့ တွေ့ဆုံရာမှာ သုံးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်ခဲ့တာကြောင့် အမှတ်နဲ့ဆုံးဖြတ်ရာမှာ အနိုင်ရခဲ့ပြီး ဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။ လူသစ်ဝိတ်တန်းအကြီးဆုံး (၇၅) ကီလိုတန်းမှာ အနိုင်ရဗိုလ်စွဲ ရွှေ တံဆိပ်ဆွတ်ခူးခဲ့တဲ့ ရဲသွေး(ရန်ကုန်)ကတော့ ပထမပွဲစဉ်မှာ စိုင်းဝဏ္ဏ(စစ်ကိုင်း)နဲ့ တွေ့ဆုံရာမှာ ပထမအချီအစ စက္ကန့်အနည်းငယ်တွင်းမှာပင် လက်ရည်မမျှဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သလို နောက်ဆုံးဗိုလ်လုပွဲမှာလည်း သားနဂါး(မကွေး)ကို အလဲထိုးနဲ့ အနိုင်ယူခဲ့တဲ့ စိုးမောင်ဦး(မန္တလေး)နဲ့ ထိပ်တိုက် ရင်ဆိုင်တွေ့ဆုံရာမှာ ပထမအချီ ၅၃ စက္ကန့်မှာပင် အလဲထိုးနဲ့ အနိုင်ရခဲ့ကာ ပထမရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့တာဖြစ်ပါတယ်။

ဒီပြိုင်ပွဲကြီးက ရရှိတဲ့အကျိုးရလဒ်ကတော့ ပြောရရင် ရိုးရာလက်ဝှေ့လောကရဲ့ ရှက်ပုန်းသီးမျိုးဆက်သစ်တွေ နိုင်ငံတစ်ဝန်းတော်တော်များ ပေါ်ထွက်လာတာတွေ့ရ



လူသစ် (၆၀)ကီလိုတန်းမှ ရွှေတံဆိပ်ဆုရှင် ဆလိုင်းချမ်းမြေ့ကို(ရန်ကုန်)

သလို ဝိတ်တန်းအလိုက် နောင်အနာဂတ်မှာ နိုင်ငံကိုယ်စားပြုအားကစားသမားတွေလည်း ပေါ်ထွက်လာဖို့များပါတယ်။ အရင်ကဆို ဒီလိုပြိုင်ပွဲတွေမှာ ကရင်ပြည်နယ်ကပဲ အများဆုံးဆုရကြတာ။ ခုပြိုင်ပွဲမှာတော့ မြန်မာမီဒီယာဂရု(ပ်)နဲ့ လူသစ် တန်းပြိုင်ပွဲလေး တွေကို နှစ်နှစ်နီးပါးအဆက်မပြတ်လုပ်လာတော့ လူသစ်တန်းအပါအဝင်အတန်းအားလုံး ဆုရမှု အရင်ထက်စာရင် မျှတတာကို တွေ့ရတယ်။ လူသစ်တန်းမှာ ထွန်းထွန်းပေါက်ပေါက် ပေါ်လာတာတွေ့ရသလို နောက်ပိုင်း နိုင်ငံကိုယ်စားပြု ပထမတန်းတွေမှာလည်း ပေါ်ထွက်လာမယ်အရိပ်အယောင်တွေ အများကြီးရှိပါတယ် ဟု မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောပါတယ်။

ယခု ၂၀၁၆ခုနှစ် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲမှာ တံခွန်စိုက်ဒိုင်းဆုကြီးကို ရန်ကုန်တိုင်းဒေသကြီးအသင်းကဆွတ်ခူးရရှိခဲ့ပြီး (က)အဆင့်ပြိုင်ပွဲမှာ မန္တလေးအသင်းက ရွှေသုံးခု၊ ကြေးတစ်ခုဖြင့် ပထမ၊ ရန်ကုန်အသင်းက ရွှေနှစ်ခု၊ ငွေငါးခုဖြင့် ဒုတိယနှင့် တတိယရရှိသည့် ကရင်ပြည်နယ်က ရွှေ နှစ်ခု၊ ငွေသုံးခုနှင့် ကြေးသုံးခု ရရှိခဲ့ကာ (ခ)အဆင့်ပြိုင်ပွဲတွင် ရန်ကုန်က ရွှေလေးခု၊ ငွေနှစ်ခုဖြင့် ပထမ၊ ကရင်ပြည်နယ်ကရွှေတစ်ခု၊ ငွေသုံးခု၊ ကြေးသုံးခုဖြင့် ဒုတိယနှင့် တတိယဆုရရှိ သည့် မွန်ပြည်နယ်က ရွှေ တစ်ခု၊ ငွေတစ်ခုနှင့် ကြေး နှစ်ခု ရရှိခဲ့သည်။ (ဂ) အဆင့်ပြိုင်ပွဲမှာတော့ ကရင်ပြည်နယ်ကရွှေ နှစ်ခု၊ ငွေနှစ်ခု၊ ကြေးသုံးခုဖြင့် ပထမ၊ မွန်ပြည်နယ်က ရွှေ နှစ်ခု၊ ငွေနှစ်ခုနှင့် ကြေး တစ်ခုဖြင့် ဒုတိယ၊ ရန်ကုန်က ရွှေနှစ်ခု၊ ငွေတစ်ခုနှင့် ကြေး တစ်နှစ်ခုတို့ဖြင့် တတိယနှင့် လူသစ်တန်းပြိုင်ပွဲများမှာတော့ ပထမ ကရင်ပြည်နယ်အသင်းက ရွှေလေးခု၊ ငွေသုံးခုနှင့် ကြေးတစ်ခု၊ ဒုတိယ ရန်ကုန်အသင်းက ရွှေနှစ်ခု၊ ငွေတစ်ခုနှင့် ကြေးနှစ်ခုနှင့် တတိယဆုရသည့် တနင်္သာရီက ရွှေတစ်ခု၊ ငွေနှစ်ခုနှင့် ကြေး တစ်ခုအသီးသီး ဆွတ်ခူးရရှိခဲ့ပါတယ်။

ယခုပေါ်ထွက်လာတဲ့ နိုင်ငံတစ်ဝန်း ဝိတ်တန်းအလိုက် မျိုးဆက်သစ် လူသစ်တန်း



လူသစ် (၇၁)ကီလိုတန်းမှ ရွှေတံဆိပ်ဆုရှင် ထွန်းလင်းခန့်(စစ်ကိုင်း)

ရွှေခါးပတ်ချန်ပီယံများဟာ ဝိတ်တန်းအသီးသီးအလိုက် ဆုကြေးငွေရရှိမှု အထိုက်အလျောက်သာ ရရှိခဲ့ပေမယ့်လည်း ရိုးရာလက်ဝှေ့လောကမှာ ပထမခြေလှမ်းအဖြစ် စတင်ခြေချခွင့်နဲ့အတူ ရွှေတံဆိပ်များကို ပိုင်ဆိုင်ခွင့်ရလာတာဖြစ်တဲ့အတွက် အနာဂတ်ရိုးရာလက်ဝှေ့ လောကသစ်ရဲ့ ကောင်းမွန်တဲ့မှတ်ကျောက်မော်ကွန်းထိုးနိုင်စွမ်းရှိလာမလားဆိုတာကိုတော့ ရိုးရာလက်ဝှေ့ဝါ သနာရှင်ပြည်သူများ စောင့်ကြည့်ရတော့မှာဖြစ်ပါကြောင်း။ ။



# စာပိုဒ်စနစ်

မောင်ခင်မင်(ဓနုဖြူ)

“ဆရာနေကောင်းလား။ သမီးကိုမှတ်မိတယ်မဟုတ်လား”

“မှတ်မိပါတယ်ကွယ်။ ဂျာနယ်တိုက်ကသမီးပဲ။ ဟိုတစ်ခါ စာအရေးအသားအကြောင်းသမီးနဲ့ပြောကြသေးတယ်လေ”

“ဟုတ်ပါတယ်ဆရာ။ အခုလည်း စာအရေးအသားနဲ့ ပတ်သက်ပြီး သိချင်တာကလေးရှိလို့ပါဆရာ”

“ဟုတ်ပါပြီ။ ဘာအကြောင်းပါလိမ့်”

“ဒီလိုပါဆရာ။ ဂျာနယ်မှာ သတင်းဆောင်းပါးတို့၊ ဝေဖန်ချက်တို့ သမီးရေးရပါတယ်။ ရေးတဲ့အခါကျတော့ ရေးစရာအကြောင်းအရာကို ဝါကျတွေတစ်ခုပြီးတစ်ခု ဆက်ဆက်ပြီး၊ ပြီးတဲ့အထိ ရေးလိုက်တာပါပဲ”

“ဒီတော့...”

“အဲဒီလိုရေးရင်းနဲ့ စာကသိပ်ရှည်သွားရင် တစ်နေရာရာမှာ စာပိုဒ်ခွဲပစ်လိုက်ပါတယ်။ ဒါပေမယ့် အမှန်ပြောရရင် ဘယ်လိုနေရာမျိုးမှာ စာပိုဒ်ခွဲရမယ်၊ ဘယ်လိုနေရာမျိုးမှာတော့ စာပိုဒ်မခွဲဘဲ တစ်ဆက်တည်းရေးရမယ်ဆိုတာ သမီးကွဲကွဲပြားပြား မသိပါဘူး”

“ဟုတ်ပြီ...”

“ဒါကြောင့် သမီးသိချင်တာက စာပိုဒ်ခွဲတဲ့စနစ်ကိုဘယ်လိုသတ်မှတ်ထားသလဲဆိုတာ သိချင်တာပါ”

“ဟုတ်ပါပြီ။ စာပိုဒ်စနစ်အကြောင်းမပြောခင် တစ်ခုစဉ်းစားကြည့်ကြရအောင်။ သမီးပြောသလို ရေးချင်တဲ့အကြောင်းတစ်ခုခုကို စာပိုဒ်မခွဲဘဲ ဝါကျတွေတစ်ခုပြီးတစ်ခု ဆက်ဆက်ရေးသွားရင်ကော မဖြစ်ဘူးလား။ သမီးဘယ်လိုထင်သလဲ”

“ဝါကျတစ်ခုဆုံးရင် အဲဒီဝါကျရဲ့ အဓိပ္ပာယ်ပေါ်တာမို့ ဝါကျတွေ ဆက်ဆက်ရေးသွားရင်လည်း ရေးသလောက် အဓိပ္ပာယ်ပေါ်တာပဲလို့ ထင်ပါတယ်ဆရာ”

“ဟုတ်တယ်။ စာပိုဒ်မခွဲဘဲ ဝါကျတွေကိုအကြောင်းအရာတစ်ခုပြီးဆုံးတဲ့အထိ ရေးသွားလို့ရပါတယ်။ အဓိပ္ပာယ်လည်း ရှိပါတယ်။ ဒါပေမယ့် စာပိုဒ်မခွဲရင်စာကြီးက အရှည်ကြီးဖြစ်နေမှာပေါ့။ အဲဒီလိုဆိုရင် ရေးတဲ့အကြောင်းအရာတွေလည်း တစ်ကန့်စီမဟုတ်ဘဲ ရောရောနှောနှောဖြစ်နေမှာပေါ့”

“ဟုတ်ကဲ့ပါ”

“ဒီတော့ ဆိုလိုချက်တစ်ချက်ပြီးသွားရင် အဲဒီစာပိုဒ်ကို ရပ်လိုက်ပြီးနောက်ရေးမယ့် ဆိုလိုချက်အတွက် စာပိုဒ်အသစ်ခွဲပြီးရေးမယ်ဆိုရင် ဆိုလိုချက်တွေ အရောရောအနှောနှော မဖြစ်တော့ဘူးပေါ့ကွယ်။ အဲဒီရည်ရွယ်ချက်နဲ့ စာပိုဒ်ခွဲကြတာလို့ ဆိုရမှာပေါ့”

“ဟုတ်ကဲ့ပါ”

“နောက်တစ်ချက်က စာပိုဒ်မခွဲဘဲ စာတစ်မျက်နှာလုံး တစ်ပြင်ကြီးရေးထား၊ ပုံနှိပ်ထားတဲ့စာဆိုရင် ဖတ်ရတာ ဘယ်လောက်မျက်စိရှုပ်မလဲ။ သမီးစဉ်းစားကြည့်စမ်း။ ဖတ်ရတာ ငြီးငွေ့စရာလည်းကောင်းတာပေါ့”

“ဟုတ်ပါတယ်ဆရာ”

“ဒီတော့ စာပိုဒ်ခွဲတာဟာ ဆိုလိုချက်တစ်ချက်နဲ့ တစ်ချက်လည်းမရောဘူး၊ အမြင်လည်းရှင်းတယ်လေ။ တစ်ခုတော့ရှိတာပေါ့။ အမြင်ရှင်းဖို့သက်သက်ကြောင့်တော့ စာပိုဒ်ခွဲတာမဟုတ်ဘူးနော်။ စာပိုဒ်ကြီးရှည်လွန်းရင် ကြည့်မကောင်းလို့၊ ကြည့်ကောင်းအောင်ခွဲတာလည်း မဟုတ်ဘူး၊ စာပိုဒ်ခွဲတယ်ဆိုတာ အဓိပ္ပာယ်ရှိရှိခွဲတာလို့ နားလည်ထားရမှာပေါ့”

“ဟုတ်ကဲ့ပါ။ မှတ်ထားပါ့မယ်ဆရာ”

“အင်း...စာပိုဒ်ခွဲတဲ့စနစ်ဟာ ပုံနှိပ်စက်ပေါ်ပြီးတော့ ပုံနှိပ်စာတွေတွင်ကျယ်လာတဲ့အချိန်မှာတော့ ထင်ရှားလာတာပေါ့။ ဒါပေမယ့် အရင်ကတည်းကလည်း ဆိုလိုချက်တစ်ချက်ပြီးရင် စာပိုဒ်ခွဲတဲ့စနစ်မျိုး ကျင့်သုံးခဲ့တာကျောက်စာတွေ ပေစာတွေမှာကတည်းက တွေ့ရတယ်ကွဲ့”

“သြော်...ဟုတ်ကဲ့၊ ပြောပြပါဆရာ”

“ပုဂံခေတ်ကကျောက်စာတွေမှာ အကြောင်းအရာတစ်ခုရေးပြီးလို့ နောက်အကြောင်းအရာ အသစ်ကူးတော့မယ်ဆိုရင် ပုဒ်မကြီးကန့်လေ့ရှိတယ်။ (ကျွန်တော်က ॥ ॥ ကို ရေးပြလိုက်သည်။)

“သြော်...”

“အဲဒီလို ကန့်ထားတဲ့ ပုဒ်မကြီးပုံစံအမျိုးမျိုးတွေ ကျောက်စာတွေမှာ တွေ့ရတယ်။ ပုဒ်မနှစ်ခုကြားမှာ ကြက်ခြေခတ်ကလေးတို့ အဝိုင်းကလေးတို့ ပန်းပွင့်ကလေးတို့ ပုံစံအမျိုးမျိုးလုပ်ထားတတ်တယ်”

“စိတ်ဝင်စားစရာပဲနော် ဆရာ”

“ပေစာတွေမှာလည်း အဲဒီလိုအကြောင်းအရာပြောင်းရင် ပုဒ်မကြီးနဲ့ ကန့်ထားတတ်တယ်။ စဉ်းစားကြည့်ရင် အဲဒါစာပိုဒ်ခွဲတဲ့သဘောပေါ့။ ကျောက်စာတို့ ပေစာတို့ဆိုတော့ နေရာလွတ်များများချန်ရင် နေရာပုပ်သွားမှာစိုးလို့ စာကြောင်းအသစ်သီးခြားမစဘဲ ပုဒ်မကြီးလောက်ပဲ ကန့်တာလို့ထင်တယ်”

“ဟုတ်ကဲ့ပါ”

“ပုံနှိပ်စာတွေမှာတော့ စာပိုဒ်ခွဲတဲ့စနစ်ကိုကျင့်သုံးကြပါတယ်။ ခုဆိုရင်တော့ အသားကျနေပြီလို့ဆိုရမှာပေါ့။ စာပိုဒ်ကို အင်္ဂလိပ်လို paragraph လို့ခေါ်တယ်မဟုတ်လား။ အဲဒီ paragraph ဆိုတဲ့ဝေါဟာရကို အဘိဓာန်မှာဖွင့်တဲ့အခါ အချက်နှစ်ချက်ပါလေ့ရှိတယ်။ ဆိုလိုချက်တစ်ချက်ကို ဖော်ပြတဲ့ ဝါကျစုဖြစ်တယ်ဆိုတဲ့အချက်ရယ်၊ ပထမဆုံးစာကြောင်းကို နောက်နည်းနည်းဆုတ်ပြီး စရတယ်ဆိုတဲ့အချက်ရယ်၊ အဲဒီအချက်တွေပဲ”

“ဟုတ်ကဲ့၊ သမီးတို့ စာပိုဒ်အသစ်ခွဲရင် ရှေ့ဆုံးစာကြောင်းကို နောက်နည်းနည်းဆုတ်ရေးတဲ့အကျင့်ရနေပါပြီဆရာ”

“အဲဒါကို ပုံနှိပ်လောကမှာ ‘အင်တင်းတယ်’ လို့ခေါ်ကြတယ်။ indent ဆိုတဲ့ အင်္ဂလိပ်ဝေါဟာရကို မွေးစားထားတာပါ။ အင်တင်းတယ်ဆိုရင် နောက်နည်းနည်းဆုတ်တာလို့ နားလည်ကြတယ်။ အဲ...ဒါပေမယ့် တချို့မူတွေမှာတော့ စာအုပ်ရဲ့အခန်းတစ်ခန်းစပြီဆိုရင် ပထမစာပိုဒ်မှာ ရှေ့ဆုံးစာကြောင်းကို နောက်ဆုတ်စရာမလိုဘဲ နောက်စာကြောင်းတွေနဲ့ တစ်ညီတည်းစီတာတွေ့ရတယ်။ ဒုတိယစာပိုဒ်ကစပြီး နောက်စာပိုဒ်တွေကျမှ ရှေ့ဆုံးစာကြောင်းကို နောက်နည်းနည်းဆုတ်တာ တွေ့ရတယ်ကွဲ့”

“ဟုတ်ကဲ့ပါ။ မှတ်ထားပါ့မယ်ဆရာ”

“စာပိုဒ်နဲ့ပတ်သက်ပြီး မှတ်သားစရာ အဆိုအမိန့်နှစ်ခု ပြောဦးမယ်။ တစ်ခုက မြန်မာစာပေပညာရှင် ဆရာကြီးဦးလူဖေဝင်းရဲ့ အဆိုအမိန့်ပဲ။ ဆရာကြီးက ၁၉၃၀ ကျော်လောက်မှာ ‘မြန်မာစာစီစာကုံးကျမ်း’ ဆိုပြီး စာအုပ်တစ်အုပ်ပြုစုခဲ့တယ်။ စာရေးနည်းလမ်းညွှန်ကျမ်းပါပဲ။ အဲဒီမှာ ဆရာကြီးရေးထားတာ ဆရာဖတ်ပြမယ်။ ‘စာတစ်ပိုဒ်သည် ဝါကျလေးငါးခုစသည်များကို စုပေါင်းထားအပ်သော အစည်းအလုံးတစ်ခုဖြစ်ရကား အခြားစာပိုဒ်များ ဝါကျများနှင့်မဆက်ဆံဘဲ မိမိဘာသာသီးခြား ရပ်တည်နိုင်သော သတ္တိအခြင်းအရာနှင့်ပြည့်စုံရာ၏’ တဲ့”

“ဟုတ်ကဲ့ပါ”

“နောက်အဆိုအမိန့်က ဦးသိန်းဖေမြင့်ရဲ့ အဆိုအမိန့်ပဲ။ ဆရာက ‘အကြောင်းအရာအချက်အလက်ကိုလိုက်၍ စာပိုဒ်ခွဲရခြင်းဖြစ်သည်။ စာပိုဒ်ခွဲမှ ကြည့်ကောင်းမည်ဆိုပြီး ခွဲခြင်းမဟုတ်။ အဓိပ္ပာယ်မဲ့ခွဲခြင်းမဟုတ်’ လို့ ဆိုထားတာ ဆရာအလွတ်ရနေတယ်”

“ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်ဆရာ”

“ကဲ....ဒီတော့ သမီးမေးတဲ့စကားကိုပြန်ကောက်ရရင် စာပိုဒ်ခွဲတယ်ဆိုတာ ခွဲချင်သလိုခွဲတာမဟုတ်ဘူး၊ စနစ်ရှိတယ်၊ စနစ်တကျခွဲတာဆိုတာ နားလည်လောက်ပါပြီ။ ဒါပေမယ့် ဒီအတိုင်းပြောရုံနဲ့ သိပ်မထင်ရှားသေးဘူး။ ဒီတော့ သာဓကကလေးနဲ့ပြောရအောင်”

“ဟုတ်ကဲ့ပါ”

“ဒီနေ့လူငယ်တွေ စာပေကို စိတ်ဝင်စားမှုပိုများလာတာ တွေ့ရတဲ့အကြောင်း သမီးကစာပိုဒ်တစ်ပိုဒ်ရေးချင်တယ်ဆိုပါတော့။ အဲဒီဆိုလိုချက်ပေါ်လွင်ထင်ရှားအောင် ဘယ်အချက်တွေ ထည့်ရေးရမလဲသမီး”

“စာပေဟောပြောပွဲတွေမှာ လူငယ်တွေစိတ်ဝင်တစား နားထောင်ကြတာရယ်”

“အင်း...ဟုတ်ပြီ၊ နောက်ကော”

“စာအုပ်စျေးရောင်းပွဲတွေမှာလည်း လူငယ်တွေတိုးဝှေ့ပြီး စာအုပ်တွေဝယ်ကြတာရယ်”

“ဟုတ်ပြီ”

“စာကြည့်တိုက်တွေ အသစ်ဖွင့်တာ၊ စာကြည့်တိုက်တွေမှာ လူငယ်တွေ စာဖတ်နေကြတာတို့”

“အင်း”

“ပြီးတော့ အင်တာနက်တွေ၊ ဖေ့စ်ဘွတ်တွေမှာ စာတွေရေးကြဖတ်ကြတာလည်းပါမှာပေါ့နော်ဆရာ”

“ပါတာပေါ့။ ပြီးတော့ကော”

“တီဗွီထဲက စာပေစကားဝိုင်းပွဲတွေ ဆွေးနွေးပွဲတို့ စာပေအင်တာဗျူးတို့ကို နားထောင်ကြတာ”

“ဟုတ်ပါပြီ။ ဒီတော့ ဆရာက ဒီလိုစလိုက်မယ်။ ‘ယနေ့လူငယ်များသည် စာပေကို စိတ်ဝင်စားမှုပိုများလာသည်ကို တွေ့ရသည်’ လို့”

“ဟုတ်ကဲ့ပါ”

“ပြီးတော့ ခုနသမီးပြောတဲ့အချက်တွေကို တန်းစီပြီး ရေးလိုက်ရုံပေါ့။ ‘စာပေဟောပြောပွဲများကို လူငယ်များစိတ်ဝင်တစားနားထောင်ကြသည်’ ဆိုတာကစပြီး ‘ရုပ်မြင်သံကြားမှ စာပေစကားဝိုင်းများ၊ စာပေဆွေးနွေးပွဲများ၊ စာပေအင်တာဗျူးများကိုလည်း လူငယ်များ စိတ်ဝင်တစားနားထောင်ကြသည်ကို တွေ့ရပါသည်’ လို့ အဆုံးသတ်လိုက်မယ်လေ”

“ဟုတ်ကဲ့ပါ”

“အဲဒါဆိုရင် သမီးရေးတဲ့ စာပိုဒ်ကလေးတစ်ပိုဒ်ဟာ အဓိကဆိုလိုချက်တစ်ခုကို အစီအစဉ်တကျရေးထားတဲ့ စာပိုဒ်ကလေးဖြစ်သွားပြီပေါ့ကွယ်”

“ကဲ....နားကြဦးစို့”

# တူရိယာသမားတွေသတိပြုသင့်တဲ့အချက်

ကလျာမိုးမြင့်

လေမှုတ်တူရိယာတွေဟာ အဆုတ်ကို ထိခိုက်စေနိုင်တယ်လို့ Thorax ဂျာနယ်ထဲမှာ ဗြိတိန်ဆရာဝန်တွေက နှဲသမားတွေ၊ ပလွေသမားတွေနဲ့ ဂျက်ဇ်ဂီတသုံးတူရိယာမှုတ်သူတွေကို သတိပေးလိုက်ပါတယ်။



ပိုပြီး ခံစားလာရတဲ့ ဂီတသမားတွေ အနေနဲ့ သတိပြုသင့်တာက ဒီလက္ခဏာတွေဟာ ၎င်းတို့ရဲ့သီဆိုတီး မှုတ်တဲ့ လေ့ကျင့်ခန်းတွေကြောင့် ဖြစ်လာနိုင်တယ်ဆိုတာပါပဲ။

အလားတူ အဆုတ်ဝေဒနာမျိုးကို ဆက်ဇိုဖုန်း **(saxophone)** နဲ့ ကြေးလေမှုတ်တူရိယာ အသုံးပြုတဲ့ လူနှစ်ဦးမှာ ခံစားနေရတာကို တွေ့ရှိခဲ့လောက်က ဝေဒနာသက်သာမှုရခဲ့ပါတယ်။ ဒီအခါမှာ ဆရာဝန်တွေက ၎င်းတို့ထင်ထားခဲ့သလို ဟုတ်မဟုတ် သိရဖို့အတွက်အမျိုးသားရဲ့ လေမှုတ်တူရိယာကို ဓာတ်ခွဲခန်းထဲမှာ စမ်းသပ်စစ်ဆေးခဲ့ပါတယ်။

ဓာတ်ခွဲခန်းက ထွက်လာတဲ့ အဖြေကတော့ ဖုန်မှုန့်အညစ်အကြေးတွေနဲ့ မှိုတွေဟာ လေမှုတ်တူရိယာထဲမှာ အပြည့်အသိပ်ဖြစ်နေပြီး အဲဒီအရာကအဆုတ်ကို ထိခိုက်စေခဲ့တယ်ဆိုတာပါပဲ။ ဒီလိုထိခိုက်မှုက လူနာရဲ့အဆုတ်ကို အကြိမ်ကြိမ် အနာတရဖြစ်စေခဲ့တာမို့ လူနာဟာ အခြေအနေ ဆိုးသထက်ဆိုးလာပြီး ရက်သတ္တပတ်အနည်းငယ်အကြာမှာပဲ သေဆုံးသွားခဲ့ပါတယ်။

ဒီကိစ္စမှာလူနာရဲ့အဆုတ် ဝေဒနာဟာ သေစေလောက်တဲ့အထိ ဖြစ်သွားခဲ့ရတယ်လို့ ဒီလူနာကိုကုသမှုပေးခဲ့တဲ့ Wythenshawe ဆရာဝန်အဖွဲ့က ဒေါက်တာဂျင်နီကင်းက စိတ်မကောင်းစွာ ပြောကြားခဲ့ပါတယ်။ သင့်အနေနဲ့ စောစီးစွာ ရောဂါရှာဖွေပြီးမကောင်းတဲ့အရာကို ဖယ်ရှားနိုင်ခဲ့မယ်ဆိုရင် ဒါကို အချိန်မီကုသနိုင်မှာပါလို့ ၎င်းက ရှင်းပြခဲ့ပါတယ်။

ဒါပေမယ့် ဒီလိုထိခိုက်မှုမျိုးဟာ အချိန်တိုင်းတော့ ဖြစ်ပွားလေ့မရှိပါဘူး။ တစ်ခါတစ်ရံမှာ လယ်ယာခြံတွေမှာ ဖုန်မှုန့်ကောက်ရိုးတွေနဲ့ ထိတွေ့လုပ်ကိုင်နေရတဲ့သူတွေဆီမှာလည်း ခုလို အဆုတ်ဝေဒနာမျိုးဖြစ်တာကို တွေ့ရတတ်ပါတယ်။

## လူနာဟာ အသက်ရှူသွင်းတဲ့ အင်္ဂါအစိတ်အပိုင်းတွေ ရောင်ရမ်းလာပြီး ဒါကိုဂရုမစိုက်ဘဲ ပေါ့ပေါ့ဆဆနေရာကနေ မကြာခဏ ထိခိုက်ခံရ

ဒီလိုတီးမှုတ်မှုကြောင့် အဆုတ်ထိခိုက်ခြင်းဟာ အဖြစ်နည်းတယ်။ ဒါပေမယ့် တကယ်တမ်းဖြစ်လာပြီဆိုရင်တော့ သေစေနိုင်လောက်တဲ့ အန္တရာယ်ရှိတယ်လို့ ဖော်ပြခဲ့ကြပါတယ်။ လေမှုတ်တူရိယာကြောင့် ဖြစ်ရတဲ့ အဆုတ်နာလို့အမည်ပေးထားတဲ့ အဆုတ်ရောဂါတစ်မျိုးကို အသက် ၆၁ နှစ်အရွယ်လူနာတစ်ဦးက ခံစားနေရပါတယ်။

အဲဒီလူနာဟာ လေမှုတ်တူရိယာရဲ့အတွင်းပိုင်းမှာ ကပ်ငြိနေတဲ့ဖုန်မှုန့်နဲ့ မှိုတွေရဲ့ဆိုးရွားတဲ့ တုံ့ပြန်မှုတွေများလာတဲ့အတွက် ခုလိုဝေဒနာခံရတာဖြစ်တယ်လို့ ယူဆလိုက်ပါတယ်။ အခြားသော ဂီတသမားတွေကိုလည်း ကျန်းမာရေး သတိပေးမှုတွေကို ဆရာဝန်တွေက လုပ်ဆောင်နေပါတယ်။

ဂီတတူရိယာတွေကို မှိုတွေ မပေါက်ပွားလာစေဖို့နဲ့ ရောဂါဖြစ်ပွားစေတဲ့တခြားသော အန္တရာယ်တွေ မဖြစ်စေဖို့ ပုံမှန်ရှင်းလင်းပေးသင့်ပါတယ်။ နောက်ပြီး အသက်ရှူမဝခြင်းနှင့် ချောင်းဆိုးခြင်းတွေကို ပါတယ်။ ဒါပေမယ့် ကံကောင်းထောက်မစွာနဲ့ ရောဂါဖြစ်ပွားမှုကို စောစီးစွာ တွေ့ရှိခဲ့တဲ့အတွက် လူနာနှစ်ဦးကို ပြန်လည်ကောင်းမွန်အောင် ကုသနိုင်ခဲ့ပါတယ်။ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ ခုခံအားစနစ်ကို အလွန်အကျွံ သုံးစွဲလိုက်တဲ့အတွက် အဆုတ်ကို ထိခိုက်စေခဲ့တာဖြစ်တယ်လို့ ဆရာဝန်တွေက ဖော်ပြခဲ့ပါတယ်။ နောက်ထပ်ဝေဒနာခံစားရတဲ့သူတစ်ဦးကတော့ ပလွေသမားတစ်ဦးပါ။ လူနာဟာ အသက်ရှူသွင်းတဲ့ အင်္ဂါအစိတ်အပိုင်းတွေ ရောင်ရမ်းလာပြီး ဒါကိုဂရုမစိုက်ဘဲ ပေါ့ပေါ့ဆဆနေရာကနေ မကြာခဏ ထိခိုက်ခံရပြီး ဒဏ်ဖြစ်သွားတာပါ။ ဆရာဝန်တွေက ရောဂါဖြစ်ပွားရခြင်းဟာလူနာအသုံးပြုနေတဲ့ တူရိယာကြောင့် ဖြစ်နိုင်တယ်လို့ သံသယရှိခဲ့ပါတယ်။ လူနာက ပုလွေမှုတ်ခြင်းကိုလည်း ဝါသနာထုံပြီးနေ့စဉ်နေ့တိုင်း လေ့ကျင့် သူဖြစ်ပါတယ်။

နှစ်ပေါင်းများစွာကြာအောင် နေမကောင်းဖြစ်နေခဲ့ပြီး ၎င်းရဲ့လေမှုတ်တူရိယာကို အိမ်မှာထားခဲ့ပြီး ပြည်ပကို ခရီးထွက်ခွာခဲ့တဲ့ လအနည်းငယ်

အစိုဓာတ်ဟာ သစ်သားကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ သစ်သားတူရိယာရဲ့ ကြားနေရာတွေနဲ့ အက်ကွဲကြောင်းတွေထဲမှာ ကိန်းအောင်းနေနိုင်တဲ့အတွက် တီးမှုတ်တော့မယ်ဆိုတဲ့အခါတိုင်း အဲဒီနေရာတွေကို ဝါဂွမ်းစနဲ့ ပွတ်တိုက်သန့်စင်တာမျိုး ပြုလုပ်ပေးပါ။ ဂလက်စ်ဂိုမှာရှိတဲ့ နာမည်ကျော် အတီးအမှုတ်ပညာရှင် အန်ဒရူးဗိုဗာကတော့ ၎င်းရဲ့လေမှုတ်တူရိယာတွေကို ခြောက်လတစ်ကြိမ် ရေနွေးပူနဲ့ ဘရပ်ရှ်ကိုသုံးပြီး ဆေးကြောသန့်စင် ပစ်လိုက်ပါတယ်။

ဒီလိုပြုလုပ်တာဟာ ရောဂါပိုးမွှားတွေကို သေစေနိုင်ပြီး သင့်ကျန်းမာရေးအတွက်ရော သင့်ရဲ့ဂီတတူရိယာတွေကိုပါ ကြာရှည်ခံစေမယ့် နည်းကောင်းတစ်ခုဖြစ်နိုင်မှာ အသေအချာဖြစ်ပါတယ်။

(ဘီဘီစီ)



# ယုံကြည်မှုမှတစ်ဆင့် ငြိမ်းချမ်းခြင်းရှိရာကို

**မြင့်စိုး (နတလ)**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီများပါဝင်သည့်အဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော စုစုပေါင်းအင်အား ၇၀၀ ကျော် တက်ရောက်ကာ စတင်ကျင်းပနေပြီဖြစ်သည်။ ယင်းညီလာခံ၏ အန္တိမရည်မှန်းချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးမှတစ်ဆင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် ရည်ရွယ်ထားရှိပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်နှင့် တိုင်းရင်းသားများ၏ အခြေခံအခွင့်အရေး၊ တန်းတူညီမျှရေးတို့အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေး အဖြေရှာသွားမည့် ညီလာခံကြီးလည်း ဖြစ်ပေသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံမှ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ကောင်းမွန်သောအကျိုးရလဒ်များ ထွက်ပေါ်လာရေးကိုလည်း တစ်နိုင်ငံလုံးက မျှော်လင့်နေသကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း စောင့်ကြည့်လေ့လာ အကဲဖြတ်ကြမည်မှာ အလွန်သေချာလှပေသည်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကူးပြောင်းသွားရာတွင် ပြည်တွင်းငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်အဖြစ် တည်ရှိနေသည်ကိုလည်း မည်သူမျှမငြင်းနိုင်ပေ။ သည့်အတွက် ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပြည်တွင်း ငြိမ်းချမ်းရေးကို ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်။ အောင်မြင်မှုရတာတွေလည်းရှိသည်၊ မရတာတွေလည်း ရှိခဲ့သည်။ ဖဆပလခေတ် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၃ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပုံရိပ်များ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ဆွေးနွေးပွဲများ၊ တပ်မတော်အစိုးရလက်ထက် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများ၊ လက်ရှိဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ စသည်..စသည်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို တွေ့မြင်ကြမည်ဖြစ်သည်။

မည်သည့်ခေတ်၊ မည်သည့်ကာလ၊ မည်သည့်အချိန်အခါသမယတွင်မဆို တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများတွင် အခြေခံအကျဆုံးသောအချက်မှာ ယုံကြည်မှုတည်ဆောက်ခြင်းပင်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ကျင်းပရာတွင်လည်း ညီလာခံသို့တက်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပါအဝင် တက်ရောက်လာသူအားလုံးသည် နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုရှိရန်လိုသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုရှိရန်လိုပေသည်။ မိမိတို့အဖွဲ့အစည်း၊ မိမိတို့၏တိုင်းဒေသကြီး၊ မိမိတို့၏ ပြည်နယ်အပေါ် သစ္စာစောင့်သိသကဲ့သို့ နိုင်ငံတော်အပေါ်လည်း သစ္စာစောင့်သိရန် အလွန်အရေးကြီးပါသည်။ တွေ့ဆုံဆွေးနွေးမှုအဆင့်တိုင်းတွင် စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ နားလည်ခွင့်လွှတ်ခြင်းတို့ဖြင့် ဖြတ်ကျော်နိုင်ဖို့ကိုလည်း ခေတ်အဆက်ဆက်အစိုးရများ၏ ဆွေးနွေးပွဲပုံရိပ်များက သက်သေပြလျက်ရှိပေသည်။ တော်လှန်ရေးကောင်စီလက်ထက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် သဘောထားချင်းတိုက်ဆိုင်မှုမရှိသော အချက်များ၊ ညှိနှိုင်း၍အဖြေမထွက်သောကိစ္စရပ်များ ပေါ်ပေါက်လာပါက အစည်းအဝေးကို ခေတ္တရပ်ဆိုင်းပြီး ပြင်ပတွင် အလွတ်သဘော ရင်းရင်းနှီးနှီး ထပ်မံညှိနှိုင်း ဆွေးနွေးကြသည်ဟု လေ့လာမှတ်သားခဲ့ရပါသည်။ ယခုငြိမ်းချမ်းရေး ညီလာခံကြီးသို့ တက်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ တိုင်းရင်းသားကိုယ်စားလှယ်များတွင်လည်း သူတို့လူမျိုး၊ သူတို့ပြည်နယ်၊ သူတို့ဒေသနှင့်ပတ်သက်၍ ခံစားချက်အမျိုးမျိုး ရှိနေမည်ဖြစ်၍ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စိတ်ရှည်နားလည် သည်းခံခြင်းတရား လက်ကိုင်ထားကာ ညှိနှိုင်းဆွေးနွေးကြရမည်ဖြစ်သည်။

ယုံကြည်မှုတည်ဆောက်ခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအပေါ် စိတ်ရှည်နားလည်သည်းခံခြင်းတို့နှင့် စပ်လျဉ်း၍ တပ်မတော်အစိုးရလက်ထက် အောင်မြင်မှုရခဲ့သော ဖြစ်စဉ်အချို့ကို ပြန်လည်သတိရမိပါသည်။ ကယားပြည်နယ်အတွင်းမှ ဦးထွန်းကျော်ဦးစီးသော ကလလတအဖွဲ့နှင့် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့က မဲ့စဲတွင် စတင်တွေ့ဆုံဆွေးနွေးရာ၌ တပ်မတော်စစ်ကြောင်းများနှင့် ကလလတအဖွဲ့များ မဲ့စဲသို့ ရှေးဦးစွာဝင်ရောက်ခဲ့ကြပြီးမှ တွေ့ဆုံဆွေးနွေးမည့် တာဝန်ရှိသူများနှင့် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များက ရဟတ်ယာဉ်ဖြင့် ရောက်ရှိလာကြခြင်းဖြစ်သည်။ အကယ်၍သာ မြေပြင်နှစ်ဖက်တပ်ဖွဲ့များ ယုံကြည်မှုပျက်ပြား၍ ပစ်ခတ်မှုများဖြစ်ခဲ့သော် ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးခဲ့ကြမည်ဖြစ်သည်။ အလားတူ ဦးစခုန်တိန့်ယိန်းဦးစီးသော NDA အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုကို ကွမ်းလုံမြို့၌ စတင်ခဲ့ရခြင်းဖြစ်သကဲ့သို့ ဦးကျောက်ညီလှိုင်ဦးစီးသော ‘ဝ’အဖွဲ့နှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုကို နမ့်တစ်ကျေးရွာ(ယခုနမ့်တစ်မြို့)မှတစ်ဆင့် လားရှိုးမြို့အထိ လာရောက်ဆွေးနွေးနိုင်ရန်မှာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုတည်ဆောက်နိုင်၍ပင်ဖြစ်သည်။ ဦးအိုက်မုန်းဦးစီးသော PSLA အဖွဲ့နှင့် နမ့်ဆန်/မန်တုံဒေသ၌ တွေ့ဆုံဆွေးနွေးမှုများ၊ ဦးဆေးထင်ဦးစီး SSA အဖွဲ့နှင့် တန့်ယန်းဒေသအတွင်း တွေ့ဆုံဆွေးနွေးမှုများ၊ ဦးစိုင်းလင်းဦးစီး အထူးဒေသ(၄)အဖွဲ့နှင့် မိုင်းလားဒေသတွင် တွေ့ဆုံ ဆွေးနွေးမှုများသည်လည်း အလားတူ ယုံကြည်မှုကို အခြေခံ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ ၁၉၉၆ခုနှစ် MTA အဖွဲ့အကြွင်းမဲ့လက်နက်စွန့်ခဲ့စဉ်က အင်အား ၁၆၀၀၀ ကျော်သည် လွယ်လန်း၊ ဟိုမိန်း၊ လွယ်တွန်း/မိုင်းကွမ်း၊ မုန်းထော်/မုန်းထ၊ ဝမ်ဆင်း၊ နောင်လိုင်/ဖာတန်၊ မုန်းဟင်/ မုန်းဟ၊ နမ့်စန်၊ မိုင်း ပန်၊ တာချီလိတ် အစရှိသောဒေသများတွင် အဖွဲ့လိုက်ခွဲ၍ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြခြင်းဖြစ်ရာ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရပေါ် ယုံကြည်မှုမရှိပါက တစ်နေရာမဟုတ် တစ်နေရာတွင် အဖုအထစ်များ ဖြစ်ပေါ်လာ မည်မှာ မလွဲပေ။ စိတ်ရှည်သည်းခံ နားလည်မှုရှိခြင်းနှင့်ပတ်သက်၍လည်း ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလမှ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလအထိ ခုနှစ်ကြိမ်တိုင်တိုင် ညှိနှိုင်းဆွေးနွေးခဲ့သော KIA အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှု၊ ၁၉၉၃ ခုနှစ် အောက်တိုဘာလမှ ၁၉၉၅ ခုနှစ် မတ်လအထိ အချိန်ယူကာ တွေ့ဆုံဆွေးနွေးခဲ့သော KNPP အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများက နမူနာပြဖြစ်ခဲ့သည်။ ထိုက်သင့်သောအောင်မြင်မှုများ ရခဲ့သည်။

ယခု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံကို နေပြည်တော်၌ ကျင်းပပြုလုပ်လျက်ရှိရာ တစ်မိုးအောက်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အေးချမ်းစွာ တွေ့ဆုံခွင့်ရနေပြီဖြစ်သည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုအပြည့်အဝထား၍ နိုင်ငံတော်၏အကျိုး၊ နိုင်ငံသားများ၏အကျိုးကို ဦးထိပ်ပန်ဆင်ကာ ညှိနှိုင်းဆွေးနွေး အဖြေရှာကြရမည်ဖြစ်သည်။ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲများမပါဘဲ မြန်မာဟူသောစိတ်ဓာတ်ကို အရင်းခံ၍ အရာရာကို ဦးတည်ကြရမည်ဖြစ်သည်။ မိသားစုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းငြိမ်းချမ်းရေးဆိုသည်မှာ အလှမ်းဝေးမည်မဟုတ်သကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေးကို အခြေခံသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုသည့် အန္တိမရည်မှန်းချက်ပန်းတိုင်သို့လည်း မလွဲမသွေ ရောက်ရှိမည် ဖြစ်ပေသည်။ ။

**ညီလာခံ၏ အန္တိမရည်မှန်းချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးမှတစ်ဆင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် ရည်ရွယ်ထားရှိပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်နှင့် တိုင်းရင်းသားများ၏ အခြေခံ အခွင့်အရေး၊ တန်းတူညီမျှရေးတို့အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေး အဖြေရှာသွားမည့် ညီလာခံကြီးလည်း ဖြစ်ပေသည်**

## သတင်းတိုများ

### လူထုဗဟိုပြုစီမံကိန်းအရ ဆောင်ရွက်ခဲ့သော လမ်းသစ်ဖွင့်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကံရွာကျေးရွာအုပ်စု ကံရွာကျေးရွာ၌ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်းအရ ဆောင်ရွက်ခဲ့သော ပြည်တော်သာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စပယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ အဆိုပါ ကျောက်ချောလမ်းသည် အရှည် ၃၁၆၄ ပေ၊ အကျယ် ၁၃ ပေ၊ လမ်းထုအမြင့် ၆ လက်မရှိပြီး အလျား ၁၈ ပေ၊ အနံ ၂ ပေနှင့် အမြင့် ၄ ပေရှိ ကွန်ကရစ်တံတားတစ်စင်း ပါဝင်ကာ လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ် ၉၈ သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

### နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပ

ရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဖျန်ရေကျော်ကျေးရွာအုပ်စု ဖျန်ရေကျော်ကျေးရွာမှ ဒေသခံပြည်သူများအတွက် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ငပုတောမြို့နယ် အလယ်တန်းကျောင်းခွဲ၌ ဩဂုတ် ၃၀ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် ပုသိမ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးချစ်ထွန်းတို့က အမှာစကားပြောကြားပြီး ဒေသခံပြည်သူ ၁၈၂ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ခဲ့သည်။

**မျိုးကျော်သူ(ပြန်/ဆက်)**

## ဘားအံမြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း လယ်ယာနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးရေး၊ ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံများက ဘားအံမြို့နယ်အတွင်းရှိ မျိုးစေ့ထုတ်စိုက်ခင်းအခြေအနေများကို ဩဂုတ် ၂၈ ရက်က သွားရောက်ကြည့်ရှုပြီး တောင်သူများနှင့်တွေ့ဆုံကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့(ဗဟို) မျိုးစေ့ဌာနခွဲမှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော ဆင်းသုခမိုးစပါး မျိုးသန့်မျိုးပွား မျိုးစေ့ထုတ်စိုက်ခင်းကိုလည်းကောင်း၊ ကကမော့ကပိုမျိုးသန့်ခြံ၌ စိုက်ပျိုးထားသော ဆင်းသုခမျိုးစေ့ထုတ် ဧက ၃၀၊ ပိုက်ဆံလျှော် ဧက ၁၁၀၊ ပိုးစာ သုံးဧကနှင့် ဥယျာဉ်ခြံသီးနှံခုနစ်ဧက စုစုပေါင်း ၁၅၀ ဧကကို မြေယာထိန်းသိမ်း စိုက်ပျိုးထားမှုကိုလည်းကောင်း၊ ဘားကပ်ကျေးရွာတွင် စိုက်ပျိုးအောင်မြင်လျက်ရှိသော ၂၀၁၆-၂၀၁၇ မိုးစပါးဆင်းသုခမျိုး(R.S to CS)မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကကိုလည်းကောင်း သွားရောက်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပြည်နယ် မျိုးစေ့ထုတ်လုပ်သူများအသင်းနှင့် ဒေသခံတောင်သူများအား တွေ့ဆုံပြီး အသင်းအမြဲတမ်းရှင်သန်ရေးနှင့် မျိုးသန့်မျိုးစေ့စိုက်ကေများ ပြည်နယ်အတွင်း ပိုမိုကျယ်ပြန့် များပြားလာစေရေးအတွက် ဆောင်ရွက်ရမည့် အချက်များကိုလည်း ညွှန်ကြားရေးမှူးချုပ်က ဒေသခံတောင်သူများနှင့်ဌာနဆိုင်ရာများအကြား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်လှစ်

**မောင်တော စက်တင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ဒေသခံ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ရည်ရွယ်ဖွင့်လှစ်သော အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၄၈/၂၀၁၆)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း (၄၄/၂၀၁၆)များ ဖွင့်ပွဲကို သင်တန်းကျောင်းခန်းမ၌ ဩဂုတ် ၂၉ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ရခိုင်ပြည်နယ် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှူး ဦးခင်မောင်ဇော်က သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မောင်တောမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာကြည်က သင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော သက်မွေးလုပ်ငန်းပညာ သင်တန်းများအကြောင်း၊ သင်တန်းသူများအား သင်ကြားပေးနိုင်မှု အခြေအနေများနှင့် သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက သင်တန်းခန်းမအတွင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး သင်တန်းသူများအား အားပေးစကားပြောကြားခဲ့သည်။ ယခုဖွင့်လှစ်သည့် အခြေခံအိမ် တွင်းမှုသင်တန်းသို့ သင်တန်းသူ ၄၀ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**အခွင့်အလမ်းဖွေရှာဘဝအတွက်တာ**

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်တွင် အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေ မှာ ၃၂သန်းကျော်ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်းပြည်ပ အလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ် တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ရွှေ့ပြောင်းလုပ်သားတို့အခက်အခဲတွေအတွက် အလုပ်သမားသံအရာရှိတွေနဲ့ သံရုံးတွေကို အကူအညီတောင်းခံနိုင်ပါတယ်


ဦးဇေယျာမင်း


ဦးတင်ဝင်း


ဦးအောင်ကိုသန်း


ဦးတင်အောင်မိုး


ဦးမိုးအောင်ခိုင်


ဒေါ်ခင်နွေဦး

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

လူသားတို့သည် ရေကြည်ရာမြက်နုရာ ရှာဖွေရင်းဘဝကို မြင့်သထက်မြင့်၊ အောင်မြင်သထက် အောင်မြင်အောင် ကြိုးစားရန်းကန်ခြင်းဖြင့် အောင်မြင်ကြီးပွားသူအဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။ သို့သော်လူသားတို့၏ စွမ်းဆောင်မှုအလိုက်၊ နေရာဒေသ အားသာချက်အလိုက် ကံ၊ ဉာဏ်၊ ဝီရိယအကျိုးပေးအလိုက် ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွဲပြားခြားနားကြသည်။ ယနေ့ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လူဦးရေနှင့် လူနေမှုပုံစံသည် အခြားသော ဖွံ့ဖြိုးမှုနောက်ကျသေးသည့် နိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များ၊ ကုန်ထုတ်စွမ်းအားရှင် အလုပ်သမားများ၏ လိုအပ်ချက်များကို ဖန်တီးပေးရာ ဈေးကွက်ကြီးဖြစ်နေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မှု အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှု၊ နယ်မြေမငြိမ်သက်မှု၊ ရာသီဥတုနှင့် စီးပွားရေး အခြေအနေတို့ကြောင့် ယင်းနိုင်ငံရှိ လုပ်သားများက အလုပ်အကိုင်ပေါများပြီး လုပ်ခလစာ ပိုမိုရရှိသည့် နေရာများသို့ ရွှေ့ပြောင်းသွားခြင်းကို ခံစားနေရပါ သည်။

**မြန်မာလုပ်သားတွေ ဘယ်ရောက်ကြသလဲ**

အာဆီယံနိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူ ၁၄ သန်းခန့်ရှိနေပြီး ခြောက်သန်းခန့်မှာ အရှေ့တောင်အာရှနိုင်ငံများအတွင်း ရွှေ့ပြောင်းကြပါသည်။ ရွှေ့ပြောင်းသွားလာကြသူများအနက် ၄၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြပြီး မြန်မာနိုင်ငံ၏ လူဦးရေ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းသည် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် နိုင်ငံအသီးသီးတွင် သွားရောက် လုပ်ကိုင်နေကြသည်။

**အလုပ်သမားသံအရာရှိဆိုတာ**

ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာလုပ်သားများ၏ အရေးကိစ္စများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် မြန်မာလုပ်သားများ အများဆုံးသွားရောက်လုပ်ကိုင်သည့် နိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် သံအရာရှိ နှစ်ဦးစီနှင့် ကိုရီးယားသမ္မတနိုင်ငံတွင် သံအရာရှိတစ်ဦးကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သက်ဆိုင်ရာနိုင်ငံ၏ မြန်မာသံရုံး သံအမတ်ကြီး၏ကွပ်ကဲမှုဖြင့် အလုပ်သမားသံအရာရှိတစ်ဦးစီ ခန့်အပ်ထားပါသည်။ သံအရာရှိခန့်အပ်ခြင်း မရှိသည့် နိုင်ငံများတွင်မူ မြန်မာသံရုံးမှ အလုပ်သမားများကို ကာကွယ်စောင့်ရှောက်မှုများပြုလုပ်ပေးနေကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦးက ပြောကြားသည်။

ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော အလုပ်သမားများအနက် ထိုင်းနိုင်ငံတွင် နှစ်သန်းကျော်ခန့်နှင့် မလေးရှားနိုင်ငံတွင် နှစ်သိန်းနီးပါးခန့် ရောက်ရှိနေပြီး တရားမဝင် အလုပ်သမားများလည်းရှိနေရာ အလုပ်သမားသံအရာရှိဦးရေနှင့် အလုပ်သမားဦးရေသည် မျှတမှုမရှိသည်ကို မြင်တွေ့ရပြီး ဝန်ထမ်းများတိုးမြှင့်ရန်ရှိကြောင်း ဒေါ်ခင်နွေဦးက ပြောကြားသည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ အရေးကိစ္စများအတွက် လူမှုအဖွဲ့အစည်းများကလည်း များစွာအကျိုးပြုကြောင်း သိရသည်။

**အနည်းဆုံးလုပ်ခနှင့် လုပ်ငန်းတွေ**

မြန်မာလုပ်သားများ နိုင်ငံရပ်ခြားသို့ စီးပွားထွက်ရှာကြမည်ဆိုပါက အနည်းဆုံးလုပ်ခမှာ ဂျပန်နိုင်ငံတွင် တစ်လလျှင် ယန်း ၁ ဒသမ ၂ သန်း၊ ကိုရီးယားသမ္မတနိုင်ငံတွင် တစ်လလျှင် ဝမ် ၁၃ ဒသမ ၄သိန်း၊ စင်ကာပူနိုင်ငံတွင် တစ်လလျှင် စင်ကာပူ ဒေါ်လာ ၂၀၀၀၊ မလေးရှားနိုင်ငံတွင် တစ်လလျှင် ရင်းဂစ် ၉၀၀၊ ထိုင်းနိုင်ငံတွင် တစ်လလျှင် ဘတ် ၉၀၀၀ ရရှိနိုင်ကြပါသည်။ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားနိုင်ငံတို့သည် မြန်မာရွှေ့ပြောင်းလုပ်သားများ အများဆုံးသွားရောက် အလုပ်လုပ်ကိုင်ကြသည့် နိုင်ငံများဖြစ်ကြပြီး စက်မှုကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ကြရသည်။ ယူအေအီးနိုင်ငံတွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့် လေကြောင်းလိုင်း ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း မြန်မာလုပ်သားအများစု သွားရောက်လုပ်ကိုင်လျက်ရှိသည်။

**ခေါင်းပုံဖြတ်ခံရတယ်ဆိုတာ**

ပြည်ပရောက် လုပ်သားများသည် လုပ်ငန်းခွင်အတွင်း ခေါင်းပုံဖြတ်ခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းတို့ ဖြစ်ပေါ်တတ်ပါသည်။ အလုပ်ခန့်ထားမှုသည် သင့်တော်မျှတကာ အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ပါ အချက်အလက်များကို လိုက်နာရန်လည်း လိုအပ်ပါသည်။

အလုပ်ခန့်ထားမှု စာချုပ်တွင် လုပ်ခလစာ၊ လစာပေးမည့် အချိန်ကာလ၊ လုပ်ခလစာဖြတ်တောက်ခြင်း၊ လစာတိုးမြှင့်ခြင်း၊ အလုပ်ချိန်၊ အားလပ်ရက်၊ အစိုးရရုံးပိတ်ရက်၊ နာမကျန်းခွင့်၊ လုပ်သက်ခွင့်၊ မီးဖွားခွင့်၊ အလုပ်သမားရပိုင်ခွင့်များနှင့် လူ့ဂုဏ်သိက္ခာစောင့်ထိန်းမှု၊ အဓမ္မကျင့်မှု၊ အန္တရာယ်ရှိသော အခြေအနေများနှင့် လူသားမဆန်သည့် ကိစ္စရပ်များကို ကြုံတွေ့ရတတ်ပါသည်။ ထို့ပြင် အမျိုးသမီး ရွှေ့ပြောင်းလုပ်သားများအတွက် အကာအကွယ်ရရှိမှု၊ ကျားမခွဲခြားမှုမရှိစေရန်နှင့် အထောက်အထားရရှိရန် အထောက်အထားမဲ့ အလုပ်သမားများအား ကူညီရန်၊ အလုပ်သမားသေဆုံးပါက ကြုံတွေ့ရမည့် အမှုကိစ္စများ၊ အလုပ်သမား ပြန်လည်ပို့ဆောင်မှုများ၊ လစာကျန်ငွေနှင့် အကျိုးခံစားခွင့်များကို ဆုံးရှုံးမှုကြုံရသည့်အခါ ယင်းကိစ္စရပ်များကို အလုပ်သမားသံအရာရှိ၏ အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**တစ်ဖက်နိုင်ငံရဲ့ဥပဒေတွေ သိကြပြီလား**

မိမိနိုင်ငံသားများအဖို့ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မူရင်းနိုင်ငံတွင် လက်ခံကျင့်သုံးနေသည့် ဥပဒေနှင့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို အလုပ်သမားများ သိရှိနားလည်ရန် လိုအပ်ပြီး သက်ဆိုင်ရာ နိုင်ငံများရှိ အလုပ်အကိုင် သတင်းအချက်အလက်များကို သိရှိလိုပါက အလုပ်သမားသံအရာရှိတို့ထံ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း ဒေါ်ခင်နွေဦးထံမှ သိရှိရသည်။

ဆိုက်ရောက်နိုင်ငံမှ မိမိနိုင်ငံသားများကို ပိုမိုထိရောက်စွာ ကူညီပေးနိုင်ရန် ယင်းနိုင်ငံရှိ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမား သမဂ္ဂများ၊ လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်းကာ အလုပ်သမား သံအရာရှိများက ဆောင်ရွက်ပေးလျက်ရှိသည်။

**မြန်မာရွှေ့ပြောင်းလုပ်သားတွေရဲ့အဓိက အခက်အခဲ**

အလုပ်သမားများသည် ကုန်ထုတ်လုပ်မှု အကောင်းဆုံးအခြေအနေရရှိစေရန် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာစွာ အလုပ်လုပ်ကိုင်နိုင်သော နေရာများတွင် လုပ်ကိုင်ခွင့်ရရှိရန် လိုအပ်လျက်ရှိသည်။ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများတွင် လုပ်ငန်းခွင်မတော်တဆ ထိခိုက်မှုကို အများဆုံး မြင်တွေ့ရသည်။ အလုပ်သမား အများစုသည် ဘာသာစကား အခက်အခဲကို ကြုံတွေ့နေကြရပြီး လေ့ကျင့်သင်ကြားပေးမှု လုံလောက်စွာ မရရှိခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် ခြောက်လမပြည့်မီ လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုအများဆုံးကြုံတွေ့နေကြရကြောင်း ရွှေ့ပြောင်းအလုပ်သမားများ၏ အတွေ့အကြုံများမှ သိရှိရသည်။

**အလုပ်သမားသံအရာရှိကို အသိပေးပါ**

လုပ်ငန်းခွင်အတွင်း ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်ရှင်များနှင့် အလုပ်သမားအဖွဲ့အစည်းများအကြား ထိရောက်သော ဆက်သွယ်မှုနှင့် လိုက်လျောညီထွေဖြစ်မှု အားနည်းပါက အလုပ်သမားသံအရာရှိထံ ဆက်သွယ်ကာ အသိပေးပြောကြားထားသင့်သည်။ သို့မှသာ သက်ဆိုင်ရာသံရုံးနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှုပြုခြင်း၊ ဆိုက်ရောက် အစိုးရသို့ တင်ပြပူးပေါင်းခြင်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဖြစ်ပေါ်လာသည့် အခက်အခဲများကို ကူညီရင်ဆိုင် ဖြေရှင်းပေးခြင်းတို့ကို ပြုလုပ်ပေးနိုင်မည်ဖြစ်သည်။

အလုပ်သမားသံအရာရှိများသည် အလုပ်သမားများ၏ လုပ်ခလစာနှင့် ပတ်သက်၍ တိုင်ကြားလာပါက လစာဖြတ်ပိုင်းကဲ့သို့ အထောက်အထားများဖြင့် အလုပ်သမားများ၏ ရပိုင်ခွင့်များကို အလုပ်ရှင်များထံမှ ရရှိရန် ကူညီဆောင်ရွက်ပေးခြင်း၊ အလုပ်ရှင်နှင့် ပြဿနာဖြစ်သည့် အလုပ်သမားများကို အလုပ်ထုတ်ခံရသည့်အခါ သို့မဟုတ် အလုပ်ရှင်မှ အလုပ်လုပ်ခွင့်ပြုမိန့်များ၊ ဖြတ်သန်းသွားလာခွင့်များကို သိမ်းဆည်းထားသည့်အခါ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေးနိုင်သည့်အပြင် အလုပ်သမားများ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများအတွက်လည်း လျော်ကြေးငွေများ မိသားစုထံရောက်ရှိရေးကို အကူအညီပေးနေကြသူများဖြစ်ကြောင်း ဒေါ်ခင်နွေဦးက ဖြေကြားသည်။

ထို့ပြင် အလုပ်သမားစေလွှတ်သည့် နိုင်ငံများမှ အလုပ်သမားတစ်ဦးဦးသည် ထောင်ကျခြင်း၊ တရားစွဲဆိုခြင်း၊ ထိန်းသိမ်းခြင်းခံထားရပါက အလုပ်သမားသံအရာရှိများသည် တရားဥပဒေနှင့်အညီ အစီအစဉ်များရေးဆွဲကာ သက်ဆိုင်ရာ အစိုးရ နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပေးနိုင်ကြောင်း သိရသည်။

**ကိုရီးယားသမ္မတနိုင်ငံမှာ အလုပ်လုပ်ရင်**

"အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီကနေ အလုပ်သမားသစ်တွေ ကိုရီးယားကို ရောက်လာပြီဆိုတာနဲ့ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ ကိုယ်တိုင်သွားကြိုပြီး နိုင်ငံထဲမှာ နေထိုင်စဉ်နဲ့ လုပ်ငန်းခွင်အတွင်း အလုပ်လုပ်ရာမှာ ဆောင်ရန်၊ ရှောင်ရန်တွေကို ပြောပြပေးပါတယ်။ ပြီးမှ လုပ်ငန်းခွင်အကြိုသင်တန်းကျောင်းကို တက်ဖို့ HRD Korea ကို လွှဲပြောင်းပေးပါတယ်။ အလုပ်သမားတွေရဲ့ သာရေး၊ နာရေး၊ လူမှုရေးနဲ့ ကျန်းမာရေးအားလုံးကို အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးပါတယ်။ အလုပ်သမားတွေရဲ့ ကျန်းမာရေးအခြေအနေအရ မြန်မာမှာရှိတဲ့ မိဘဆွေမျိုးတွေ လိုက်လာနိုင်ရေးကိုလည်း ကူညီပေးနေရတာရှိတယ်" ဟု ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်သမားသံအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသည့် ဦးတင်ဝင်းက ဖြေကြားသည်။

ထို့ပြင် လုပ်အားခ၊ အချိန်ပိုလုပ်ခ၊ အလုပ်ချိန်၊ အားလပ်ရက်စသည့် ကိစ္စများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ပြဿနာများနှင့်ပတ်သက်၍ အလုပ်ရှင်များ၊ အလုပ်သမားများ၊ ကိုရီးယား အလုပ်သမားဌာနများ၊ နိုင်ငံခြားသား အလုပ်သမား အထောက်အကူပြုစင်တာများနှင့် ချိတ်ဆက်ဆောင်ရွက်နေပြီး အလုပ်ထွက်ခြင်း၊ အလုပ်ရွှေ့ပြောင်းခြင်း၊ အလုပ်အကိုင်သစ် ထပ်မံလျှောက်ထားခြင်းတို့ကိုလည်း အကြံဉာဏ်ပေးခြင်း၊ ကူညီပေးခြင်းများ

*စာမျက်နှာ ၂၃ သို့*



ကိုရီးယားနိုင်ငံ၌ အလုပ်လုပ်ကိုင်မည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား တွေ့ရစဉ်

*စာမျက်နှာ ၂၂ မှ*

လုပ်ဆောင်ပေးနေကြောင်း ၎င်းက ပြောပြသည်။

“မြန်မာအလုပ်သမားတွေကို အမြဲအားပေးရတယ်။ ပြဿနာကတော့ အစုံတွေ့ရတယ်။ အဓိကကတော့ လုပ်ငန်းခွင်ပင်ပန်းမှုတွေ၊ ဘာသာစကား အခက်အခဲတွေနဲ့ ကျန်းမာရေး ပြဿနာတွေရှိတယ်။ တရားမဝင် နေထိုင်မှုမဖြစ်အောင်လည်း အသိပညာတွေပေးနေရပါတယ်။ အာမခံကြေးတို့၊ ကရုဏာကြေးတို့၊ လုပ်သက်ဆုကြေးတို့လည်း အများတန်းတူရအောင် ကူညီပေးရတာရှိပါတယ်။ အိမ်လွမ်းတဲ့စိတ်၊ အားငယ်တဲ့စိတ်တွေနဲ့ အလုပ်ခွင်နဲ့ပတ်သက်ပြီး စိတ်ပိုင်းဆိုင်ရာ အားနည်းမွန်းကျပ်တာတွေ မြင်ရလို့ လုပ်ငန်းခွင် တည်မြဲအောင် အားပေးနေရတယ်”ဟု ၎င်းက အလုပ်သမားများ၏အခက်အခဲအချို့ကို ပြောပြသည်။

**ထိုင်းမှာ နစ်နာမှုဖြစ်ရင် ဥပဒေဘောင်အတွင်း ဖြေရှင်းပါ**

ထိုင်းနိုင်ငံမှ အလုပ်သမားသံအရာရှိ ဦးမိုးအောင်ခိုင်က “ဘယ်နိုင်ငံမဆို အလုပ်သွားလုပ်တော့မယ်ဆိုရင်သွားလုပ်မယ့် နိုင်ငံရဲ့ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမှာဖြစ်ပြီး အလုပ်ရှင်၊ အလုပ်သမား စာချုပ်ပါ စည်းကမ်းချက်တွေကိုလည်း အလုပ်သမားတွေ နားလည်ထားဖို့လိုတယ်”ဟု ပြောကြားသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများနှင့်သာ ချိတ်ဆက်သွားရောက်သင့်ပြီး လုပ်ငန်းခွင်ဝင်ပြီးချိန် အဆင်မပြေမှုနှင့် ထိခိုက်နစ်နာမှုများ ပေါ်ပေါက်လာပါကလည်း သက်ဆိုင်ရာနိုင်ငံ၏ သတ်မှတ်ထားသည့် ဥပဒေဘောင်အတွင်းမှ တောင်းဆိုမှသာ မြန်မာ အလုပ်သမားများအတွက် အလုပ်သမားသံအရာရှိက အပြည့်အဝ အကူအညီပေးနိုင်ခြင်းဖြစ်သည်။

“ကျွမ်းကျင်မှု နည်းတာ၊ အထောက်အထား မပြည့်စုံတာ၊ လုံခြုံမှုမရှိတာ၊ လုပ်ငန်းခွင်အန္တရာယ်ရှိတာတွေက ထိုင်းရောက် အလုပ်သမားတွေအများဆုံး ကြုံတွေ့နေရတဲ့ အခြေအနေတွေဖြစ်ပါတယ်။ လစာငွေမရတာ၊ တရားမဝင် လစာငွေဖြတ်တာ၊ အလုပ်ခန့်ထားမှု စာချုပ်ကို အစားထိုးတာ၊ လွတ်လပ်စွာ သွားလာခွင့်မရတာတွေ ကြုံနေရတယ်” ဟု ထိုင်းနိုင်ငံ၏ အလုပ်သမား သံအရာရှိ ဦးအောင်ကိုသန်းကလည်း ပြောပြသည်။

မူရင်းနိုင်ငံမှ မထွက်ခွာမီ အလုပ်သမားများကို ကောင်းမွန်သော အလုပ်အကိုင် နှင့် လစာများရရှိမည်ဟု ကတိပေးထားသော်လည်း ပြည်ပနိုင်ငံသို့ ရောက်သောအခါ မရရှိဘဲ အချို့သည် တရားဝင် အလုပ်လုပ်ခွင့်ပင်မရှိသောကြောင့် မြန်မာအလုပ်သမားအချို့မှာ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အားနည်းထိခိုက်လွယ်သူများဖြစ်လာပြီး ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့နေခြင်းများကို ကြုံတွေ့နေရကြောင်း အလုပ်သမားများထံမှ သိရသည်။

အလုပ်သမားများ၏ တိုင်ကြားမှုအများစုတွင် တစ်ဆင့်ခံ အလုပ်အကိုင်ဆိုင်ရာစာချုပ်မှတစ်ဆင့် တစ်ဦးထက်မကသော အလုပ်ရှင်များဖြင့် ဆောင်ရွက်လေ့ရှိသဖြင့် အတည်ပြုရန် ခက်ခဲမှုများရှိနေကြောင်း အလုပ်သမားသံအရာရှိများထံမှသိရပြီး လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု ဖြစ်ရန်အတွက် အလုပ်သမားများအနေဖြင့် အထောက်အထားနှင့် စာရွက်စာတမ်းများကို မှန်ကန်စွာ လုပ်ကိုင်ကြရန် လိုအပ်ကြောင်း သိရသည်။

**မလေးရှားရဲ့ အလုပ်သမားဥပဒေတွေကို သိပါသလား**

မလေးရှားနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်ရာတွင် မိမိအားခေါ်ယူသည့် Calling Visa ပါသည့် ပြည်နယ်၊ မြို့နယ်နှင့် စာချုပ်ပါ လုပ်ငန်းအမျိုးအစား၊ စက်ရုံများတွင်သာ အလုပ်လုပ်ကိုင်ကြရမည်ဖြစ်ပြီး အလုပ်အကိုင် လွဲမှားခြင်း၊ အလုပ်နေရာလွဲမှားခြင်းများ ဖြစ်ပွားပါက အလုပ်သမားများ ဖမ်းဆီးထိန်းသိမ်းခြင်း ခံကြရမည် ဖြစ်သည်။

“အခက်အခဲတွေ ကြုံတွေ့လာရင် ကိုယ့်ကိုလွှတ်လိုက်တဲ့ အေဂျင်စီ ဒါမှမဟုတ် အလုပ်သမား သံအရာရှိဆီကို ဆက်သွယ်တိုင်ကြားဖို့ လိုအပ်ပါတယ်။ မလေးရှားကို ရောက်လာလို့ အားလပ်ရက်တွေမှာ မြို့ထဲကို သွားမယ်ဆိုရင် အထောက်အထားတွေ ပြည့်ပြည့်စုံစုံ ယူသွားဖို့ လိုအပ်ပါတယ်။ မလေးရှားနိုင်ငံကနေ မြန်မာနိုင်ငံကို C of I နဲ့ ပြန်သွားသူတွေက မလေးရှားကို ခြောက်နှစ်အတွင်း ပြန်လာလို့ လုံးဝမရပါဘူး။ အမည်၊ နေရပ်လိပ်စာနဲ့ အိမ်ထောင်စုဇယား၊ မှတ်ပုံတင်တွေ လိမ်ပြီး နိုင်ငံကူးလက်မှတ်လျှောက်လို့ မလေးရှားကို ပြန်လာရင်လည်း လေဆိပ်မှာ လက်ဗွေနှိပ်တဲ့အချိန် ပေါ်လာပြီး Black List ဖြစ်ပြီး ပြန်ရမှာပါ။ ဒါတွေကို သတိထားဖို့လိုတယ်” ဟု မလေးရှားနိုင်ငံ အလုပ်သမား သံအရာရှိ ဦးတင်အောင်မိုးက ဖြေကြားသည်။

အလုပ်သမားများသည် မလေးရှားနိုင်ငံသို့ ရောက်ရှိ၍ အလုပ်လုပ်ကိုင်ပြီး မကြာမီ သူငယ်ချင်းမိတ်ဆွေများမှ တစ်ဆင့် ပွဲစားများနှင့် ချိတ်ဆက်ကာ လက်ရှိအလုပ်ထက် ဝင်ငွေပိုမိုရရှိနိုင်မည့် လုပ်ငန်းခွင်များသို့ တရားမဝင်ပြောင်းရွှေ့လုပ်ကိုင်ခြင်းများလည်းရှိသည်။

ထို့ပြင် နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် Passport for Job (PJ) ဟု လျှောက်ထားပါက နိုင်ငံကူးလက်မှတ်သက်တမ်းတိုးရာတွင် လွယ်ကူနိုင်ပြီး Passport for Visit (PV) ဖြင့် လျှောက်ထားပါက သက်တမ်းတိုးရာတွင် အခက်အခဲကြုံတွေ့ရနိုင်သည်။

“အလုပ်ကနေ ထွက်ပြေးကြပြီး အလုပ်ပြောင်းတာက ပြောင်းခါစမှာသာ အဆင်ပြေကြတာ ကြာလာရင် အလုပ်ရှင်က မတရားလုပ်အားခ ခေါင်းပုံဖြတ်တာတွေရှိပါတယ်။ ဒ့ါအပြင် မတော်တဆ ထိခိုက်မှုဖြစ်ရင် ကူညီမယ့်သူ မရှိနိုင်ပါဘူး။ သွားလာရာမှာလည်း အဖမ်းအဆီးတွေရှိလို့ ထောင်ကျတာတွေ ဖြစ်တတ်ပါတယ်” ဟု မလေးရှားနိုင်ငံရောက် အလုပ်သမားသံအရာရှိ ဦးဇေယျာမင်းက ရှင်းပြသည်။

**မတရားမှုကြုံလာတိုင်း တိုင်ကြားကြပါ**

ရွှေ့ပြောင်းအလုပ်သမားတို့သည် ရသင့်ရထိုက်သည့် အခွင့်အရေးများ ပြည့်ဝစွာ ရရှိစေရန်နှင့် လုပ်ငန်းခွင်အတွင်း အဆင်ပြေစွာ လုပ်ကိုင်နိုင်ရေးအတွက် အလုပ်သမားသံအရာရှိများနှင့် ဆက်သွယ်နိုင်သည်။ ပြည်ပတွင် သွားရောက်လုပ်ကိုင်လိုသူများသည် လိုင်စင်ရအကျိုးဆောင်များနှင့်သာ ဆက်သွယ်ဆောင်ရွက်သင့်ပြီး ကြားပွဲစားများဖြင့် ပြည်ပသို့ ထွက်ခွာရန် လုပ်ကိုင်ခြင်း၊ တရားမဝင် သွားရောက်ခြင်းများကို ရှောင်ကြဉ်ကြရန် လိုအပ်ပါသည်။

အလုပ်သမားများ အနေဖြင့် သတင်းအချက်အလက်များ သိရှိလိုပါက သို့မဟုတ် အခက်အခဲ ပေါ်ပေါက်ပါက Complaints Mechanism များသို့လည်း ၂၄နာရီကာလပတ်လုံး ဆက်သွယ်အကူအညီတောင်းခံနိုင်သည်။

**(မြန်မာ့အလင်း)**

## ပြည်ပရောက်အလုပ်သမားများ အခက်အခဲနှင့်ကြုံတွေ့လာပါက ဆက်သွယ်နိုင်ရန် အောက်ပါဇယားတွင် ဖော်ပြထားသည်

| စဉ် | ဆက်သွယ်ရန်ဌာန/လူပုဂ္ဂိုလ် | တည်နေရာ | ဖုန်းနံပါတ် | အီးမေးလ်လိပ်စာ |
|---|---|---|---|---|
| ၁။ | ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ | နေပြည်တော် | ၀၆၇-၄၃၀၁၈၃<br>၀၆၇-၄၃၀၁၈၅ | |
| ၂။ | Complaints Mechanism | နေပြည်တော် | ၀၆၇-၄၃၀၁၈၄<br>၀၆၇-၄၃၀၂၈၄ | |
| ၃။ | Complaints Mechanism | ရန်ကုန် | ၀၁-၆၅၀၀၈၉<br>၀၁-၆၅၀၁၈၇ | |
| ၄။ | ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် Call Center | ထိုင်းနိုင်ငံ | ၀၀၆၆၈၆၇၅၃၆၆၅၄ | |
| ၅။ | ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် Cell Center | မလေးရှားနိုင်ငံ | ၀၀၆၀၁၆၂၂၄၄၆၆၂ | |
| ၆။ | ဦးတင်ဝင်း အလုပ်သမားသံအရာရှိ | ကိုရီးယား သမ္မတနိုင်ငံ | ၀၀၈၂၇၉၀၃၈၄၈<br>၀၀၈၂၇၉၀၃၈၄၉<br>၀၁၀၃၇၉၉၄၆၉၀ | Labourattache.Korea@gmail.com |
| ၇။ | ဦးမိုးအောင်ခိုင် အလုပ်သမားသံအရာရှိ | ထိုင်းနိုင်ငံ | ၀၀၆၆၉၄၈၈၅၄၈၄<br>၀၀၆၆၃၃၁၄၁၉၉၂ | |
| ၈။ | ဦးအောင်ကိုသန်း အလုပ်သမားသံအရာရှိ | ထိုင်းနိုင်ငံ | ၀၀၆၆၃၄၄၂၆၂၀၄<br>၀၀၆၆၂၆၃၅၃၈၄၇ | Labourattache.th@gmail.com |
| ၉။ | ဦးတင်အောင်မိုး | မလေးရှား နိုင်ငံ | ၀၀၆၀၁၂၆၁၃၆၈၇ | |
| ၁၀။ | ဦးဇေယျာမင်း | မလေးရှား နိုင်ငံ | ၀၀၆၀၁၃၄၂၅၁၅၅၉၅ | Labourattache.malaysia@gmail.com |



## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်မြင့် (ဘိုကလေး)
**ဗိုလ်မှူး(ငြိမ်း)၊ ကြည်း-၆၂၇၄၊ ဗိုလ်သင်တန်းအပတ်စဉ်(၇)**
**လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)**
**အသက်(၈၈)နှစ်**

မြန်မာသံရုံး၊ လန်ဒန်မြို့မှ ပညာရေးသံမှူး ဒေါက်တာဒေါ်သူဇာမြင့်၏ဖခင် ဦးစိန်မြင့် အသက်(၈၈)နှစ်သည် ၂၆-၈-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ**
**မြန်မာသံရုံး၊ လန်ဒန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မှီ
**အသက်(၈၄)နှစ်**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန္တာစိုး၏မိခင် ဒေါ်ခင်မှီ အသက်(၈၄)နှစ်သည် ၂-၉-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးအောင်နိုင်
**အသက်(၇၄)နှစ်**

၃၀-၈-၂၀၁၆ရက် [၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ရက်] (အင်္ဂါနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသော အမှတ်(၃) (Green Hill Villa) စိမ်းလဲ့ကုန်းမြင့်ရိပ်သာလမ်း၊ မိုးကြိုးစံပြ၊ (၂၁)ရပ်ကွက်၊ ပြင်ဦးလွင်မြို့နေ (အငြိမ်းစား သစ်တောမင်းကြီး ဦးထွန်းရင်နှင့်ဇနီး ဒေါ်မြင့်မြင့်)တို့၏သား၊ ဒေါ်အေးအေးကြူ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာချူမမ၊ ဦးနေအောင်ချို၊ ဦးအောင်ကိုဝင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးအောင်နိုင်၏ဈာပနကိစ္စအဝဝတွင် အကူအညီပေးခဲ့ကြသော ပြင်ဦးလွင် သင်္ချိုင်းသုခ နာရေးကူညီမှုအသင်း၊ ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားလုံး၊ ဖုန်းဖြင့် ဆက်သွယ်မေးမြန်း အားပေးနှစ်သိမ့်သူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမြင့်သူရွှေ (နတ်တလင်းမြို့)
**အသက်(၅၈)နှစ်**

လူမှုဖူလုံရေးဆေးခန်း၊ နတ်တလင်းမြို့မှ တာဝန်ခံဆရာဝန် ဒေါက်တာမြင့်သူရွှေသည် ၂-၉-၂၀၁၆ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လူမှုဖူလုံရေးရုံးချုပ်၊ ဆေးဌာန ညွှန်မှူးနှင့်ဝန်ထမ်းများ၊**
**ရန်ကုန်အလုပ်သမားဆေးရုံကြီး၊ အလုံဆေးစတိုး**
**နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လမဖဆေးခန်း ဆရာဝန်များ**

**ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း**
## ဦးထွေးမြင့်
**အသင်းဝင်အမှတ်(၁၀၀)**
**ညွှန်မှူး(ငြိမ်း)၊သက်ကြီးကန်တော့ခံ နာယက**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ရှစ်မိုင်ခွဲ၊သီရိမင်္ဂလာလမ်း၊အမှတ် ၁၄၆နေ ဒေါ်ခင်မခင်၏ ခင်ပွန်းသည် ၂-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ဗိုလ်မှူးသက်ပိုင်စိုး
**စစ်တက္ကသိုလ် အပတ်စဉ်(၄၅)**
**ဒု-တပ်ရင်းမှူး၊ ပခုက္ကူ**
**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ဆင်ရေတွင်း ၁လမ်း၊ အမှတ် ၁၄နေ ဦးစိုးနိုင် - ဒေါ်မြင့်စိုးရီတို့၏သား၊ ဦးစိုးထိုက်အောင်-မသူဇာအေး၊ ဦးကျော်ထင်လတ်-မပြည့်ပြည့်ဖြိုးတို့၏ညီ/မောင်၊ မရွှန်းလဲ့လဲ့မင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်သက်မင်းပိုင်၏ဖခင်သည် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ပခုက္ကူမြို့ ချောက်ကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါ်ခင်ညွန့်ဝေ
**ကသာ (ကျောက်ဆည်)**
**B.A (Myanmar)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ယင်းမာမြိုင်လမ်း၊ အမှတ် ၈၆/၂နေ (ဦးထွန်းညွန့်-ဒေါ်မမလေး)(ကသာ)တို့၏သမီး၊ဦးမျိုးညွန့်(ဆည်မြောင်း၊ ငြိမ်း)-ဒေါ်နုနုဝင်း၊ ဒေါ်စန်းစန်းလဲ့ (စက်မှု-၂၊ ငြိမ်း)တို့၏ အစ်မ၊ ဦးစန်းမောင်(တရားလွှတ်တော်ရှေ့နေ)၏ဇနီးသည် ၂-၉-၂၀၁၆ရက် (သောကြာနေ့)တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**
## ဒေါ်နှယ်ဦးခိုင်
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၃၉နေ ဦးခင်ထွန်း-(ဒေါ်မြင့်အေး)တို့၏သမီး၊ (ဦးမြမောင်-ဒေါ်လှ)တို့၏သမီးချွေးမ၊ ကိုစိုးသီဟ-မစိုးဝေမျိုး၊ ကိုဇော်မင်းညွန့်-မမျိုးသိမ့်သိမ့်ထွန်း၊ မောင်မင်းသူရထွန်းတို့၏အစ်မ၊ (ဦးသန်းစိုး)၏ဇနီး၊ မောင်မင်းခန့်သူ(အထက-၅၊ တာမွေ)၏ မိခင်သည် ၃-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စိန်ဖူးတော် ဒါယိကာမကြီး**
## ဒေါ်ယဉ်ယဉ်မော်(ခ)အန်တီဒေါ်လီ
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ (ဦးဘမော်-ဒေါ်စိန်းယဉ်)တို့၏သမီးထွေး၊ မိုးကုတ်မြို့နေ (ဦးဘိုးရင်-ဒေါ်စိန်)တို့၏သမီးချွေးမ၊[ဗိုလ်မှူးကြီးကျော်ဇော(စစ်သံမှူး၊ ငြိမ်း)-ဒေါ်လှလှမော်]၊ [ဒေါက်တာခင်မောင်ညိမ်း (ညွှန်ချုပ်၊ ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)]-ဒေါ်ခင်နုနု၊ [ဗိုလ်မှူးကြီးကျော်ငြိမ်း (ပညာရေးဝန်ကြီး၊ ငြိမ်း)-ဒေါ်မြမြမော်]၊ [ဦးခင်မောင်သိန်း (ပ-အင်ဂျင်နီယာ၊ ငြိမ်း၊ ကြယ်ငါးပွင့်)]-ဒေါ်ခင်အုန်းမြင့်၊ [ဦးခင်မောင်ညို(ဒုညွှန်ချုပ်၊ ငြိမ်း၊ ဘဓရ)]-ဒေါ်နီနီညွန့်တို့၏ညီမ၊ [ဦးခင်မောင်-ဒေါ်သီ(မိုးကုတ်မြို့)]တို့၏ညီမ၊ (ဦးလှစိန်-ဒေါ်အုန်း)၊ (ဦးတင်မောင်-ဒေါ်ခင်ကြည်ကြည်)၊ မိုးကုတ်မြို့နေ ဦးလေးမောင်-ဒေါ်ခင်သန်း၊ (ဒေါ်မြင့်မြင့်ဆွေ)တို့၏အစ်မ၊ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒို(အေ)၊ အခန်း ၆၀၅နေ [ဦးသုတ (ညွှန်ချုပ်၊ ငြိမ်း၊ မိုးဇလ)]၏ချစ်လှစွာသောဇနီးသည် ၂-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တက္ကသိုလ်ရိပ်သာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စိန်ဖူးတော် ဒါယိကာမကြီး**
## ဒေါ်ယဉ်ယဉ်မော်(ခ)အန်တီဒေါ်လီ
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ (ဦးဘမော်-ဒေါ်စိန်းယဉ်)တို့၏သမီးထွေး၊ မိုးကုတ်မြို့နေ (ဦးဘိုးရင်-ဒေါ်စိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒို(အေ)၊ အခန်း ၆၀၅နေ [ဦးသုတ(ညွှန်ချုပ်၊ငြိမ်း၊ မိုးဇလ)]၏ချစ်လှစွာသောဇနီး၊ (ဦးဇော်မင်း)-ဒေါ်နီလာသုတ၊ ဦးတင်ထွတ်-ဒေါ်နှယ်နီအုန်း၊ ဦးသန်းထွတ်၊ ဦးသိန်းလွင်-ဒေါ်ကေသီသုတ၊ Mr.Brock Montgomery-ဒေါ်အေးသီတာသုတတို့၏ချစ်လှစွာသောမိခင်၊ ကိုတေဇာအောင်-မခိုင်ဇာဝင်း၊ ကိုနေမျိုးကျော်(ခ)ကိုတေဇ-မအေးအိလွင်လွင်၊ ကိုကျော်မျိုးထွန်း-မကြည်သာညို့ဝင်း၊ ဒေါက်တာလင်းလင်းဇော်မင်း၊ မောင်ဉာဏ်ဇော်အောင်၊ David သုတတို့၏အဘွား၊ မချောသန့်ဖြူစင်၊ မဝင်းလက်လက်ထွန်းတို့၏ဘွားဘွားကြီးသည် ၂-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ တက္ကသိုလ်ရိပ်သာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဒေါ်လှမြင့် အသက်(၇၇)နှစ်
**စာတည်း(ငြိမ်း)၊ တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန**
**ရန်ကုန်တက္ကသိုလ်၊ စိန့်မိုက်ကယ်ကျောင်းကန်တော့ခံဆရာမကြီး**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးကိုကို-ဒေါ်သိန်း)တို့၏သမီး၊ (ဦးတင်ညွန့်၊ ဥပဒေပညာရှင်အဆင့်-၁၊ ဗဟိုတရားရုံး)၏ဇနီး၊ (စိုးလွင်လွင်)-ဖြူဖြူဝင်း၊ မာမာအောင်၊ တိုးခင်ခင်-ရဲဝင်းသန်း၊ (မိုးသွင်သွင်)တို့၏မိခင်၊ မောင်ဒေဝ၊ မရွှေအိမ်စည်၊ မသန့်သဇင်တို့၏အဘွားသည် ၃-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၄း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်သိန်း အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် ၂၆နေ (ဦးထွန်းလှ)-ဒေါ်လှမြင့်တို့၏သမီး၊ ဦးမြင့်သိန်း(အင်ဂျင်နီယာ၊ ငြိမ်း၊ မြန်မာ့ရေလုပ်ငန်း)၏ဇနီး၊ဒေါ်မြင့်သီရိနှယ်(High Tech Concrete Technology Co.,Ltd.)၊ ဦးဥက္ကါကျော်(2nd mate FG)-ဒေါ်နီနီလွင်တို့၏မိခင်၊ မောင်ကျော်သစ်ထူးဟန်၏အဘွားသည် ၂-၉-၂၀၁၆ရက်(သောကြာနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်သိန်း အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် ၂၆နေ (ဦးထွန်းလှ)-ဒေါ်လှမြင့်တို့၏သမီး၊ ဦးမြင့်သိန်း(အင်ဂျင်နီယာ၊ ငြိမ်း၊ မြန်မာ့ရေလုပ်ငန်း)၏ဇနီး၊ (ဦးခင်မောင်လတ်)၊ (ဦးသိန်းလှိုင်-ဒေါ်အေးအေးမြင့်)တို့၏ညီမ၊ ဦးခင်မောင်ကြည်(N.L.M)၊ ဦးအောင်ကျော်ထွန်း(ဆလက)-ဒေါ်ခင်လှဝေ(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၊ ဒေါ်အေးအေးသိန်း(အထပြ၊ အထက-၄၊ တာမွေ)၊ ဦးရဲအောင်ထွန်း-ဒေါ်ဝင်းဝင်းမော်တို့၏အစ်မ၊ ဦးနိုင်ဝင်း-ဒေါ်အေးပုလဲလှိုင်(ILO)၊ ဒေါက်တာစုမြတ်နန္ဒာလှိုင် (Dr. Reddy's Lab Ltd)၊ မသင်းနန္ဒာအောင်(SOILBUILD Construction Group Ltd)၊ မောင်ဟိန်းနိုင်စိုး(ဒုတိယနှစ်၊ မြန်မာစာ)၊ မခင်ရတနာထွန်းတို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၂-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဦးရန်နိုင်စိုး B.Sc (Phy:)
**ARIAN MARING SERVICES Co.,Ltd.**
**မန်နေဂျာ**
**အသက်(၄၄)နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (စီဗွီလိုင်း) အမှတ် ၃၂၆၊ ၆၂လမ်း၊ ၃၀×၃၁လမ်းကြားနေ (ဦးစိုးဝင်း)-ဒေါ်ခင်ဝင်းစီတို့၏သား၊ ဦးသန်းဗိုလ်-ဒေါ်ခင်ဝင်းရီ၊ ဦးစိန်ဝင်း-(ဒေါ်ခင်သီတာ)၊ ဒေါ်ခင်ဝင်းမော်၊ ဒေါ်မိုးမိုးသူတို့၏တူ၊ ဒေါက်တာ သောင်းထွန်းဦး (တွဲဖက်ပါမောက္ခ၊ပထဝီဝင်ဌာန၊ စစ်ကိုင်းတက္ကသိုလ်) - ဒေါက်တာငုဝါဝင်း (တွဲဖက်ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ မန္တလေးတက္ကသိုလ်)တို့၏မောင်၊ မောင်သိုက်ဦးခန့်၊ မဆုရတီသိုက်တို့၏ ဦးလေးသည်သည် ၂-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးအောင်အောင်
**တေဇ(၂၇)**
**(ကြည်း-၃၂၈၇၅)**
**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် ၅၄၊ ၆(B)နေ ဦးသိန်းထွန်း-ဒေါ်ခင်ကြည်ကြည်တို့၏သား၊ မသီတာဦး၏ခင်ပွန်း၊ မရာပြည့်မယ်၏ဖခင်၊ ကိုစိုင်းလင်းအောင် - မနှယ်နှယ်သိန်းထွန်း၊ ဗိုလ်မှူးကျော်စွာသိန်းထွန်း - မချောကြည်ကြည်ခိုင်တို့၏အစ်ကို၊ မယွန်းဝတီအောင်၊ မောင်မင်းသုတအောင်၊ မကြယ်စင်လင်းအောင်၊ မောင်အာကာမင်းထွဋ်တို့၏ဘကြီးသည် ၁-၉-၂၀၁၆ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၆ရက် (စနေနေ့) တွင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၇-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**
## ဒေါ်အေးညီး (ထားဝယ်)
**အသက်(၉၇)နှစ်**

ထားဝယ်မြို့၊ ဘုမ္မော်ရပ်၊ ဗိုလ်ဘထူးလမ်း၊ အမှတ် ၄၇၀နေ (ဦးရုပ်အို-ဒေါ်မြသီး)တို့၏သမီး၊ (ဦးရွှေခင်-ဒေါ်မိသွန်း)တို့၏ချွေးမ၊ (ဦးအောင်မြင့်)-ဒေါ်မြတ်မူ၊ ဦးမြလွင်-ဒေါ်ရီရီအေး၊ ဦးခင်မောင်အေး-ဒေါ်အုန်းမြ၊ ဦးတင်ညွန့်-ဒေါ်နုနုထွေး၊ ဦးဝင်းဗိုလ်-ဒေါ်ခင်ပြုံးတို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်သန်းနွဲ့
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊နှင်းဆီလမ်း၊ အမှတ် ၄၂(က)နေ(ဦးထွဋ်-ဒေါ်သင့်)တို့၏သမီး၊(ဦးဘိုးမြင့်-ဒေါ်အေးခရာ)တို့၏ သမီးချွေးမ၊ (ဦးအောင်ဖေ၊ ပါလီမန်အတွင်းဝန်၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးဘုန်းမြင့်-ဒေါ်သန်းအေး၊ ဒေါက်တာဝင်းမွန်-ဒေါက်တာခင်ဝင်းကြူ(ပါမောက္ခ၊ ဌာနမှူး၊ ငြိမ်း၊ မော်လမြိုင်တက္ကသိုလ်)၊ ဒေါက်တာလှမြင့် - ဒေါက်တာဆွေဆွေအေး (ဒု-ပါချုပ်၊ ငြိမ်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၊ (ဦးအောင်မြင့်)၊ ဒေါက်တာစိုးဝင်း - ဒေါ်လေးလေးမြင့်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၃-၉-၂၀၁၆ရက်(စနေနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဦးထွေးမြင့်
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**ဆည်မြောင်းဦးစီးဌာန**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရှစ်မိုင်ခွဲ၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၁၄၆နေ (ဦးဖိုးသစ်-ဒေါ်ဂျမ်း)တို့၏သား၊ (ဦးစံ-ဒေါ်အေးရင်)တို့၏သားသမက်၊ (ဒေါ်ခင်မေခင်)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးညွန့်ဦး)-ဒေါ်ဝါဝါလွင်၊ ဦးဝင်းမြင့်-ဒေါ်မို့မို့၊ ဒေါက်တာမကျော့နိုင်၊ ဒေါ်မေချိုအေး၊ (ဦးမိုးဦး)-ဒေါ်လှလှဦး၊ ဦးမိုးလတ်ထွေး (Senior Marine superintendent, MTM Ship Management Pte.Ltd, SINGA PORE) - ဒေါ်စန်းစန်းငွေးတို့၏ဖခင်၊မြေးကိုးယောက်၊မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂-၉-၂၀၁၆ရက်(သောကြာနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၉-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**
## ဒေါ်ငွေရီ
**အသက်(၅၅)နှစ်**

ရခိုင်ပြည်နယ်၊မြေပုံမြို့၊တရုတ်တန်းရပ်ကွက်နေ (ဦးဦးသာစိန်-ဒေါ်မကြီး)တို့၏ချွေးမ၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ စကုကျွန်း ၈/သမုတ်ကျေးရွာနေ (ဦးချက်ကြီး-ဒေါ်ဒေါ်ဝင်းသာဖြူ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ အမှတ်(၆)နယ်မြေ၊ လက်ယက်စမ်းကျေးရွာ၊ အမှတ် ၂၈၂နေ ဦးလှဝင်း၏ဇနီး၊ဦးမြင့်နိုင်-ဒေါ်မာမာဆန်း၊ဒေါ်ခင်ခင်မြင့်၊ ဦးအောင်ဆန်း၊ မတူးတူး၊ မစောမြတ်လှိုင်တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်မဇံဖြူ၊ ဒေါ်ခင်ပြုံးရီတို့၏ယောက်မ၊ ဦးခင်မောင်ဦး၊ဒေါ်ခင်ခင်စံ၊ ဒေါ်ခင်ခင်ဖြူတို့၏အဒေါ်၊ ဦးဘညို-ဒေါ်မသိန်းတို့၏တူမ၊ မြေးသုံးယောက်တို့၏အဘွားသည် ၂-၉-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂း၂၄နာရီတွင် အာရုံတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် လက်ယက်စမ်းကျေးရွာ၊ အမှတ် ၂၈၂၊ ဦးလှဝင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဦးတင်စိုင်း (ကြာအင်းဆိပ်ကြီး)
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၁၅/ခနေ (ဦးဝွမ်စွန်-ဒေါ်အမာ)တို့၏သား၊ ဗိုလ်ချုပ်တင်စိန်(ငြိမ်း)-(ဒေါ်မြမြစီ)၊ (ဦးတိတ်ကြည်)၊ (ဦးကြည်လှိုင်)-ဒေါ်စောကြည်တို့၏အစ်ကို၊ (ဒေါ်ငွေရင်)၊ ဒေါ်အေးအေးတို့၏ခင်ပွန်း၊ ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ဝေဝေနှင်းတို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂-၉-၂၀၁၆ရက် ည ၇း၁၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဦးမြစိန် အသက်(၈၃)နှစ်
**ကြီးကြပ်ရေးမှူး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား ၂လမ်း၊ အမှတ် ၆၃၄နေ (ဦးဖိုးကျစ်-ဒေါ်စိန်ပု)တို့၏သား၊ ကိုဆန်းမြင့်-မနှယ်နှယ်ဦး၊ ကိုထွန်း ထွန်း-မနှယ်နှယ်ဝင်း၊ ကိုဝင်းခိုင်-မနီလာ၊ ကိုအောင်မျိုးလှိုင်-မမြမြမိုး၊ မခင်မြတ်နှယ်တို့၏ဖခင်၊ မသဇင်ဦး၊ မစပယ်ဦး၊ မောင်မျိုးမြင့်ကျော်၊ မောင်သီဟစိုး၊ မောင်အောင်မြတ်ဦး၊ မောင်ရဲရင့်ခိုင်၊ မဆုသီရိစံ၊ မောင်ထွဋ်ပိုင်မျိုးတို့၏အဘိုး၊ ဦးလှဝင်း-ဒေါ်စိုးကြည်တို့၏ဦးလေး၊ ဒေါ်ရင်ရွှေ၏ချစ်လှစွာသောခင်ပွန်းသည် ၂-၉-၂၀၁၆ရက်(သောကြာနေ့)နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၉-၂၀၁၆ရက်(ကြာသပတေးနေ့)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၅၀)ရပ်ကွက်၊ ဒူးယား ၂လမ်း၊ အမှတ် ၆၃၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဦးရွှေဝန်း (မာန်အောင်)
**(DGM-MOGE) (ငြိမ်း)**
**အသက်(၇၈)နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မျှော်တော်ဦးကျေးရွာနေ (ဦးရွှေမှိုင်း)၊ ဒေါ်မရွှေ၊ ဦးမောင်ပု၊ ဦးရွှေချမ်းတို့၏ညီ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်၁၈နေ ဒေါ်ခင်လှကြည်(ခ)ဖြူဖြူ(စီးပွားရေးဘဏ်၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၃-၉-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၄နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးထွန်းလှဖြူ အသက်(၇၆)နှစ်
**မြောက်ဦး၊ မြောင်းဘွေ၊ တန်းပျင်းကြီး**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ တန်းပျင်းကြီးရွာနေ (ဦးညိုသာဖြူ)-ဒေါ်လှစံဖြူတို့၏သား၊ မြောက်ဦးမြို့၊ ညောင်ပင်ဈေးရပ်ကွက်နေ ဒေါ်ကျော့စိန်၏ချစ်လှစွာသောခင်ပွန်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွကုန်းလမ်း၊ အမှတ် ၇၇(မြေညီ)နေ ဦးကျော်ထက်-ဒေါ်အေးကြွယ်(အဓိပတိစာသင်ဝိုင်း)၊ ဒေါ်အေးမေ(မြောက်ဦးစာတိုက်မှူး)၊ဦးညွန့်အောင်(USA)၊ဦးထွန်းစိုး(USA)၊ မော်လမြိုင်မြို့၊ ချောင်းစောက်ရပ်နေ ဦးဝင်းမြင့်ထွန်း(သတင်းတပ်ဖွဲ့)၊ ဒေါ်ဟန်မှုယာသိမ့်တို့၏ဖခင်၊ ဉာဏ်ထူးပိုင်(B.E Mech, PTTEP)၊ ကံထူးလှိုင်(ဆေး-၂)၊ မင်းကောင်းခန့်(အထက၊ ရွှေနတ်တောင်)တို့၏အဘိုးရှင်သည် ၃-၉-၂၀၁၆ရက် နံနက် ၉နာရီတွင်အမှတ်(၂)တပ်မတော်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၅-၉-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွကုန်းလမ်း၊ အမှတ် ၇၇၊ မြေညီ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၆ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် စိတ္တသုခကျောင်း၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဦးယုဝင်း (ထားဝယ်)
**(စံမတူငါးမုန့်)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၃၃၈၊ မြေညီထပ်နေ [ဦးလီရောက်ဇူ(ခ)ဦးအရွှေ-ဒေါ်ငွေ]တို့၏သား၊ ဒေါ်မြင့်မြင့်မွှေး၏ခင်ပွန်း၊ (ဦးချောင်းယုံ)-ဒေါ်ခင်ဝင်း၊ ဦးကြည်ဝင်း-ဒေါ်မြဝင်း(မကာအို)၊ ဦးကြည်ဝင်း-(ဒေါ်ယဉ်ယဉ်ကြည်)၊ (ဦးမျိုးဝင်း)-ဒေါ်မြတ်မြတ်လွင်တို့၏ညီ/မောင်၊ ဦးအောင်သန်း-ဒေါ်မြတ်ငွေးတို့၏အစ်ကို၊ မသီဂီ၊ မောင်တေဇအောင်၊ မောင်ကေတုတို့၏ဖခင်သည် ၃-၉-၂၀၁၆ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဒေါက်တာအောင်သန်းထွန်း
**(O.T.S အပတ်စဉ် ၇၃)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**အသက်(၅၆)နှစ်**

မကွေးမြို့၊ ပွဲကြိုရပ်နေ(ဦးထွန်းတင်-ဒေါ်လှကြွယ်)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများရပ်ကွက်နေ ဒုတိယဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)-ဒေါ်သန်းနွဲ့တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးများရပ်ကွက်၊ နှယ်သာကီလမ်း၊ အမှတ် ၁၅/၁၆၀နေ ဒေါ်ခိုင်ခိုင်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ မပွင့်မြတ်မာ(BIT, NCC)၏ဖခင်၊ ဦးသိန်းအေးထွန်း(ဒုဦးစီးမှူး၊ ကညန၊ မကွေး)၊ ဒေါ်အေးအေးကြိုင် (ကွန်ပျူတာစိစစ်ရေးမှူး၊ ကညန၊ မကွေး)၊ ဦးဝင်းနိုင်ထွန်း(စင်ကာပူ)၊ ဒေါ်ကေသီမြင့်(ဓာတုဗေဒဌာနမှူး၊ ရွှေပြည်သာ၊ GTI)၊ ဦးဝင်းကျော်(3rd Engineer, F.G)-ဒေါ်စန္ဒာမြင့်၊ ဦးဝေလင်းအောင်(Chief mate, F.G)-ဒေါ်ပန်းနုဖြူတို့၏အစ်ကို၊ မစိမ့်ဝတ်ရည်ထွန်း(Grade-8 ပညာနန်းတော်) မောင်ဟိန်းဇေယျာအောင်(KG အထက-၃၊ မကွေး)၊ မောင်ကောင်းခန့်ကျော်[Grade-10 (s) အထက-၂၊ မင်္ဂလာဒုံ]၊ မောင်ဝေယံကျော်[Grade-7(A) အထက-၂၊ မင်္ဂလာဒုံ]၊ မဖူးမြတ်သွယ်[Grade-7(D) အထက-၅၊ ဗိုလ်တထောင်]တို့၏ဘကြီးသည် ၃-၉-၂၀၁၆ရက်(စနေနေ့)နံနက် ၂း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နှယ်သာကီနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

# ဘရူနိုင်းဘုရင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်တွေ့ဆုံ

**နေပြည်တော်   စက်တင်ဘာ   ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင့်နန်းတော်၌ ဘရူနိုင်းဘုရင်အား သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား သင်တန်းသားများ အပြန်အလှန်စေလွှတ်၍လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဘရူနိုင်းဘုရင်က နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း၊ တပ်မတော် နှစ်ရပ်အကြား သင်တန်းသားများ အပြန်အလှန်စေလွှတ်၍ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကိုလည်း ကြိုဆိုပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❄



**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင့်နန်းတော်၌ ဘရူနိုင်းဘုရင်နှင့် တွေ့ဆုံစဉ်**
(မြဝတီ)

# MMA ကစားသမား အောင်လအန်ဆန် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်ထိုးသတ်မည်

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



**မတ်လအတွင်းက ရန်ကုန်မြို့၌ ထိုးသတ်ခဲ့သည့် MMA ပြိုင်ပွဲတွင် အောင်လအန်ဆန်အား တွေ့ရစဉ်**

**ရန်ကုန်   စက်တင်ဘာ   ၃**

ဘက်စုံကိုယ်ခံပညာသုံး (MMA) အားကစားနည်းဖြင့် နာမည်ကျော်ကြားလာသည့် ကချင်တိုင်းရင်းသား အောင်လအန်ဆန်သည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် လာရောက်ထိုးသတ်မည်ဖြစ်သည်။ အောင်လအန်ဆန်ယှဉ်ပြိုင်မည့် MMA ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

အောင်လအန်ဆန်သည် ယင်းပြိုင်ပွဲတွင် ပိုလန်နိုင်ငံသား ပတ်စတာနက်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ပတ်စတာနက်သည် ၁၃ ပွဲမြောက်အဖြစ် အောင်လအန်ဆန်နှင့် ထိုးသတ်ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၁၂ ပွဲတွင် ၁၁ ပွဲနိုင်၊ တစ်ပွဲ ရှုံးနိမ့်ထားသည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ပြိုင်ပွဲများဆက်တိုက်ယှဉ်ပြိုင်လျက်ရှိပြီး တတိယအကြိမ် ထိုးသတ်မည့်ပွဲလည်းဖြစ်သည်။ အောင်လအန်ဆန်သည် မြန်မာနိုင်ငံ၌ ပထမဆုံးထိုးသတ်သည့်ပွဲကို မတ်လအတွင်းက ကျင်းပခဲ့ရာ အီဂျစ်နိုင်ငံသား မိုဟာမက်အလီကို အနိုင်ရခဲ့သည်။ ထို့ပြင် ဇူလိုင်လဆန်းပိုင်းက တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် ပြိုင်ပွဲတွင်လည်း အောင်လအန်ဆန်သည် ရုရှားနိုင်ငံသား ဘူတိုရင်ကို ထပ်မံအနိုင်ရရှိခဲ့သည်။ အောင်လအန်ဆန်သည် မူလက မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲထိုးသတ်ရန် လက်ရှိချန်ပီယံ ရုရှားနိုင်ငံသားကို ကမ်းလှမ်းခဲ့သော်လည်း ၎င်းမှာ ဝိတ်လျှော့ခဲ့သောကြောင့် ယင်းအတန်းတွင် ထိုးသတ်ခွင့်မရတော့ပေ။ အောင်လအန်ဆန်ထိုးသတ်မည့် MMA ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၆ ရက်တွင် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ယင်းသတင်းစာရှင်းလင်းပွဲတက်ရောက်ရန် စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။

## တနင်္ဂနွေဖတ်စရာ

မြန် မာ့ ရိုး ရာ အား က စား
**စောင့်ကြည့်ရတော့မယ့် ရိုးရာလက်ဝှေ့လောကရဲ့ ရှက်ပုန်းသီးမျိုးဆက်သစ်များ အနာဂတ်လားရာ . . .** စာ-၁၉

ဆောင်း ပါး
**ယုံကြည်မှုမှတစ်ဆင့် ငြိမ်းချမ်းခြင်းရှိရာကို** စာ-၂၁

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ
**ရွှေ့ပြောင်းလုပ်သားတို့ အခက်အခဲတွေအတွက် အလုပ်သမားသံအရာရှိတွေနဲ့ သံရုံးတွေကို အကူအညီတောင်းခံနိုင်ပါတယ်** စာ-၂၂

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော်   စက်တင်ဘာ   ၃**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။
(မြန်မာ့အလင်း)

